United Nations Entity for Gender Equality and the Empowerment of Women

International Labour Organization

**မူဝါဒ အထောက်အကူပြုရေး လမ်းညွှန်မှတ်စု**

# COVID 19 ၏ လူမှုစီးပွားရေးရာ အကျိုးသက်ရောက်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ရန် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များတွင် ကျား/မရေးရာကို မည်သို့ ထည့်သွင်း ဆန်းစစ်မည်နည်း။

UNWomen - ILO ပူးတွဲ စီမံချက်။ အားလုံးပါဝင်သည့် ပြုစုစောင့်ရှောက်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးရေးမဟာဗျူဟာများမှတဆင့် အမျိုးသမီးများအတွက် အလုပ်အကိုင်ကောင်းများ တိုးမြှင့်ရေး

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ

**မာတိကာ**


၁။ နိဒါန်း ........................................................................................................................ ၃

၂။ COVID 19၏ကျန်းမာရေးနှင့် စီးပွားရေး အကျပ်အတည်းများကြောင့် ဖြစ်ပေါ်လာသည့် ကျား၊မရေးရာအကျိုးဆက်များ - ကူးစက်မှု လမ်းကြောင်းများ ........................................................................................................................ ၅

က) သက်မွေးဝမ်းကျောင်းမှုများ........................................................................................................................ ၆

၁) အလုပ်အကိုင်နှင့်လုပ်ငန်းခွင်အခြေအနေများ ........................................................................................................................ ၆

၂) စီးပွားရေးလုပ်ငန်းရှင်များ........................................................................................................................ ၇

ခ) လူမှုကာကွယ်စောင့်ရှောက်ရေး........................................................................................................................ ၈

၁) လူမှုရေးအကူအညီ ........................................................................................................................ ၈

၂) လူမှုရေးအာမခံ ........................................................................................................................ ၈

ဂ) ကျန်းမာရေး ........................................................................................................................ ၉

ဃ)စားနပ်ရိက္ခာဖူလုံရေး........................................................................................................................ ၁၀

င) အများပြည်သူဆိုင်ရာအဆောက်အအုံနှင့်အိမ်ရာ........................................................................................................................ ၁၀

၃။ ဘဏ္ဍာရေးရာ တည်ငြိမ်ရေးနှင့် ပံ့ပိုးရေး အစီအစဥ်များ........................................................................................................................ ၁၂

၄။ ကျား၊မရေးရာ ရှုထောင့်မှ ဘဏ္ဍာရေးရာ တည်ငြိမ်ရေးနှင့် ပံ့ပိုးရေး အစီအစဥ်များအား ဆန်းစစ်ခြင်း........................................................................................................................ ၁၇

က) သက်မွေးဝမ်းကျောင်းမှုများ........................................................................................................................ ၁၇

၁) အလုပ်ခန့်အပ်ခြင်းနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ မူဝါဒများ........................................................................................................................ ၁၇

၂) စီးပွားရေးလုပ်ငန်းများအပေါ် ထောက်ပံ့မှုများ........................................................................................................................ ၂၀

ခ) လူမှုကာကွယ်စောင့်ရှောက်ရေး........................................................................................................................ ၂၂

၁) လူမှုရေး ထောက်ပံ့မှုများ........................................................................................................................ ၂၄

၂) လူမှုရေး အာမခံ ........................................................................................................................ ၂၈

ဂ) ကျန်းမာရေး ........................................................................................................................ ၂၉

ဃ) စားနပ်ရိက္ခာဖူလုံရေး........................................................................................................................ ၃၀

င) အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံ နှင့် အိမ်ရာ........................................................................................................................ ၃၂

၅။ ငွေကြေးဆိုင်ရာ မူဝါဒများ ........................................................................................................................ ၃၅

က) အတိုးနှုန်းနှင့် အရန်ထားငွေဆိုင်ရာ မူဝါဒများ........................................................................................................................ ၃၆

(ခ) အရေအတွက်လျှော့ချခြင်း၊ ချေးငွေနှင့် ချေးငွေအာမခံချက်များ........................................................................................................................ ၃၇

(ဂ) အခြား ငွေကြေးမူဝါဒများ........................................................................................................................ ၃၇

(ဃ) ငွေပေးငွေယူရှင်းတမ်းဆိုင်ရာ မူဝါဒများ ........................................................................................................................ ၃၈

၆။ စောင့်ကြည့်ကြည့်ရှုခြင်းနည်းလမ်းတစ်ခုဖြစ်သော ကျား၊မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း၏ အခန်းကဏ္ဍ........................................................................................................................ ၄၀

၇။ နိဂုံး ........................................................................................................................ ၄၄

## COVID 19 ၏ လူမှုစီးပွားရေးရာ အကျိုးသက်ရောက်မှုများအပေါ် တုံ့ပြန်ဆောင်ရွက်ရန် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှု အစီအစဉ်များတွင် ကျား/မရေးရာကို မည်သို့ ထည့်သွင်း ဆန်းစစ်မည်နည်း။

### ၁။ နိဒါန်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် အရေးပေါ်ဆောင်ရွက်ရန် ကြေညာချက် တစ်ရပ်ထုတ်ပြန်ခဲ့သည်။ အကြောင်းရင်းမှာ ကမ္ဘာကြီးအနေဖြင့် ကျွန်ုပ်တို့၏ ဘ၀သက်တမ်းတစ်လျှောက်တွင် အန္တရာယ်အများဆုံးဖြစ်သည့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉၏ စိန်ခေါ်ခြင်းခံနေရသောကြောင့် ဖြစ်သည်။ ယင်းကြောင့် လူသားမျိုးနွယ်တို့ ရင်ဆိုင်နေရသည့် အခြားအခက်အခဲများစွာထက် ပိုမိုကြီးမားသောကျန်းမာရေးနှင့် လူမှုစီးပွားရေးရာ အကျိုးဆက်များ ဖြစ်ပေါ်နေသည်။ ကျွန်ုပ်တို့ ဘ၀သက်တမ်းတစ်လျှောက်တွင် COVID 19ရောဂါပိုးအား မတွေ့ကြုံဖူးသောကြောင့် လုပ်ရိုးလုပ်စဉ် မဟုတ်သော နည်းလမ်းများဖြင့် တုံ့ပြန်ရန် လိုအပ်ပေမည်။ ထို့ကြောင့် ဤအချိန်တွင် ကမ္ဘာကြီး အနေဖြင့် ကြီးမား ကျယ်ပြန့်ပြီးပြည့်စုံသော ငွေကြေးဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ပေးမှုများပါ၀င်သည့် ပူးပေါင်းဆောင်ရွက်မှုပြီး၊ တိကျပြတ်သားသော၊ ဆန်းသစ်တီထွင်မှုရှိသော မူ၀ါဒဆောင်ရွက်ချက်တစ်ခု လိုအပ်နေသည်။ ဤအရေးအား ကမ္ဘာ့ဂျီဒီပီ (GDP)၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသော ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှု အစီအစဉ်များ ဖြင့် ကောင်းမွန်စွာဖြေရှင်းနိုင်ရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ အဆိုပြုထားသည်။[၁]

ထိုကြေညာချက်အား အရေးယူဆောင်ရွက်ရန်နှင့် မတွေ့ကြုံဖူးသည့် လူမှုစီးပွားရေးရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသောကြောင့် နိုင်ငံ့ခေါင်းဆောင်များသည် ကိုဗစ်-၁၉အား တုံ့ပြန်ဖြေရှင်းရန်အတွက် ဘဏ္ဍာရေးရာ တည်ငြိမ်ရေးနှင့် ပံ့ပိုးရေး အစီအစဉ်များအား စတင်ခဲ့သည်။ COVID 19အား စီးပွားရေးဆိုင်ရာ အဓိက တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် IMF ၏ မူ၀ါဒစောင့်ကြည့်မှုအရ နိုင်ငံပေါင်း ၁၉၃နိုင်ငံသည် ၎င်းတို့၏ စီးပွားရေး တည်ငြိမ်ရန်အတွက် ဘဏ္ဍာရေးရာမူ၀ါဒတစ်မျိုးမျိုးအား ကျင့်သုံးခဲ့ကြောင်း ဖော်ပြထားသည်။[၂] ၂၀၂၀ခုနှစ် ဧပြီလလယ်တွင်အစိုးရများသည် ကမ္ဘာ့ကပ်ရောဂါအားတိုက်ဖျက်ရန်အတွက် တိုက်ရိုက်သုံးစွဲမှု၊ ဘဏ်အာမခံများ၊ ချေးငွေနှင့် နိုင်ငံသားဘဏ်တွင် ပြည်ပရင်းနှီးမြှပ်နှံသူများမှ ၀ယ်ယူခွင့်များ (equity injection) အစရှိသည့် ပုံစံများ အတွက် အမေရိကန်ဒေါ်လာ ၈ ထရီလီယံထက်ပိုမို သုံးစွဲမည်ဟု *Bloomberg သတင်းဌာန* မှ ခန့်မှန်း ထားသည်။[၃] နိုင်ငံအများအပြားသည် ဤအကျပ်အတည်း၏ ကြာချိန်နှင့် ပြင်းထန်မှုအပေါ်မူတည်၍ နှစ်လ အတွင်းတွင် ဘဏ္ဍာရေးရာ တည်ငြိမ်ရေးနှင့် ပံ့ပိုးရေး အစီအစဉ်များအား အကြိမ်ကြိမ် ကျင့်သုံးခဲ့ ပြီးဖြစ်သည်။ ပိုမိုများပြားသော နိုင်ငံများအနေဖြင့်လည်း ယင်းသို့လိုက်နာကျင့်သုံးကြမည်ဖြစ်သည်။ ထိုရန်ပုံငွေ များအား မည်သို့အသုံးပြုသည်မှာ အရေးကြီးပြီး ယင်းအသုံးပြုမှုတွင် နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရသည့် အဆိုးရွားဆုံး သော စီးပွားရေးကပ်များအား လျှော့ချရန်အပြင် အနာဂတ်အတွက် ခံနိုင်ရည်စွမ်းအား တည်ဆောက်ရန် အတွက်လည်း ပါ၀င်ရမည်ဖြစ်သည်။

---

[၁] ကုလသမဂ္ဂ (၂၀၂၀). "ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးမှ ကိုဗစ်-၁၉ကြောင့် ဖြစ်ပေါ်လာနိုင်ချေရှိသည့် လူမှုစီးပွားရေးရာ အကျိုးဆက်များအား ရင်ဆိုင်ဖြေရှင်းရန် စီမံချက်ထုတ်ပြန်ခဲ့သည်။" ပုံနှိပ်ထုတ်ဝေခြင်း ၂၀၂၀ခုနှစ်၊ မတ်လ (၁)ရက် http://www.unodc.org/unodc/en/press/releases/2020/April/united-nations-secretary-general-launches-plan-to- address-the-potentially-devastating-socio-economic-impacts-of-covid-19.html

[၂] ကိုဗစ်-၁၉ဆိုင်ရာ မူဝါဒတုံ့ပြန်ဆောင်ရွက်မှုများအပေါ် IMF မူဝါဒရေးရာခြေရာခံမှုအား အောက်ပါ လင့်ခ်တွင် ရှာဖွေတွေ့ရှိနိုင်သည်။ https://www.imf.org/en/Topics/imf- and-covid19/Policy-Responses-to-COVID-19#I. အချို့နိုင်ငံများရှိ ဘဏ္ဍာရေးရာ အစီအစဉ်များအနေဖြင့် စုစုပေါင်းဘဏ္ဍာရေးသုံးစွဲမှုမြင့်တက်လာခြင်းထက် ပြန်လည်ခွဲဝေပေးခြင်းများအား လုပ်ဆောင်ကြသည်။ ဘဏ္ဍာရေးရာ အစီအစဉ်များ၏ "ထပ်တိုး"ဘတ်ဂျတ်ရန်ပုံငွေ အချိုးပမာဏသည် ဖြစ်ရပ်တစ်ခုချင်းစီအပေါ် လိုက်၍သာ ဆုံးဖြတ်သည်။

[၃] Jamrisko, M. and G. Hunter. (၂၀၂၀). "ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးရာ တိုးမြှင့်သုံးစွဲငွေ အမေရိကန်ဒေါ်လာ (၈)ထရီလီယံ သည် မလုံလောက်သောအခါ" *Bloomberg သတင်းဌာနများ*၊ ၂၀၂၂ ခုနှစ် ဧပြီလ https://www.bloomberg.com/news/articles/2020-04-23/when-8-trillion-in-global-fiscal-stimulus-still-isn-t-

သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ လူမှုရေး သို့မဟုတ် ကျန်းမာရေး မည်သည့်အချက်အလက်များကြောင့်ပင် ဖြစ်စေကာမူ ဖြစ်ပေါ်လာသည့် အကျပ်အတည်းများသည် ယခင်ရှိပြီးဖြစ်သည့် လူမျိုးရေး၊ ကျား၊မရေးရာနှင့် အဆင့်အတန်း မတူညီမှုများအား ပိုမိုဆိုးရွားစေသည်။ အထက်ဖော်ပြပါ အမျိုးအစားသုံးခုအနက် တစ်ခုထက်ပိုသည့် အမျိုးအစားများအောက်တွင် အကျုံးဝင်သူများအဖို့မူ အကျပ်အတည်းများ၏ မကောင်းသော အကျိုးဆက်များမှာ ပိုမိုပြင်းထန်သည်။ ဥပမာအနေဖြင့် ဝင်ငွေနည်းပါးပြီး အသားအရောင်ခွဲခြားခံရ သည့် အမျိုးသမီးများ သို့မဟုတ် မူလဌာနေတိုင်းရင်းသားအမျိုးသမီးများသည်  အထူးသဖြင့် အကျပ်အတည်းနှင့် ကြုံတွေ့ရချိန်တွင် အထိနာတတ်ကြသည်။ မူဝါဒများသည် ရုပ်ဝတ္ထုပစ္စည်းနှင့် လူမှုရေးရာ အရင်းအမြစ် ကန့်သတ်မှုရှိသူများ၊ အကျပ်အတည်းများကြောင့် မကောင်းသော အကျိုးဆက်များ ပိုမိုခံစားနေရသူများ၏ လိုအပ်ချက်များအား ကောင်းမွန်စွာ ဖြေရှင်းနိုင်ရန် ရေးဆွဲထားမှသာ အကျပ်အတည်းများအပေါ် အစိုးရ၏ တုံ့ပြန်ဆောင်ရွက်မှုများသည် တန်းတူညီမျှမှုတစ်ခုအဖြစ် ဖန်တီးပေးသော အရာဖြစ်လိမ့်မည်။

ဤအကျပ်အတည်းကြောင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် မညီမျှသော ဆိုးကျိုးများကျရောက်နေသောကြောင့် အမျိုးသားအဆင့် ဘဏ္ဍာရေးရာ ပံ့ပိုးရေးအစီအစဉ်များနှင့် အမျိုးသားရေးမူဝါဒ တုံ့ပြန် ဆောင်ရွက်မှုများတွင် ကျား၊မတန်းတူညီမျှရေးအား မဖြစ်မနေထည့်သွင်းရမည်ဖြစ်သည်။ ထိုရည်ရွယ်ချက်များ ဖြစ်ပေါ်စေရန်အတွက် ဤမူဝါဒအထောက်အကူပြု လမ်းညွှန်ပံ့ပိုးပေးပါမည်။ ၎င်းသည်  COVID 19၏ လူမှုစီးပွားရေး အကျိုးသက်ရောက်မှုများအား တုံ့ပြန်ဆောင်ရွက်သော ဘဏ္ဍာရေးရာ ပံ့ပိုးရေးအစီအစဉ်များကို ထည့်သွင်း ဆန်းစစ်မှုအပေါ်  UN Women ဤလမ်းညွှန်မှတ်စုကို ပြုစုရေးသား ထားသည်။

ဤမူဝါဒလမ်းညွှန်မှတ်စုသည် UN Women နှင့် ILO တို့၏ မြန်မာနိုင်ငံဆိုင်ရာရုံးများ နှင့် ၎င်းတို့၏ မိတ်ဘက်အရပ်ဖက်အဖွဲ့အစည်းများက အမျိုးသားအဆင့်၌ ဘဏ္ဍာရေးရာ ပံ့ပိုးရေးအစီအစဉ်များအား ဖန်တီးဆန်းစစ်ရာတွင် လမ်းညွှန်အဖြစ် ရည်ရွယ်ပါသည်။ ဤမူဝါဒ အထောက်အကူပြု လမ်းညွှန်အနေဖြင့် ဖြစ်ပေါ်နေသည့် အကျပ်အတည်း၏ အဆိုးဝါးဆုံးသော အကျိုးသက်ရောက်မှုများ လျော့ပါးစေရန်အတွက် (ပေါင်းဆုံလာသော အကျိုးသက်ရောက်မှုများအား အထူးဂရုပြု၍ )ကိုဗစ်-၁၉၏ ကျန်းမာရေးနှင့် စီးပွားရေး အကျပ်အတည်းဆိုင်ရာ နိုင်ငံတော်အစိုးရအဆင့် တုံ့ပြန်ဆောင်ရွက်ခြင်းများ၌ ကျား၊မရေးရာ အကျိုးသက်ရောက်မှုကို ဆန်းစစ်လေ့လာခြင်းတွင် ထောက်ပံ့ကူညီရန်အတွက် အလေးပေးရမည့် နယ်ပယ်များနှင့် အခြေခံ သဘောတရားများအား အကြမ်းဖျင်း ဖော်ပြထားသည်။

ဤမူဝါဒအထောက်အကူပြုမှတ်စုအား အောက်ပါအတိုင်း ဖွဲ့စည်းထားသည်။ ပထမဦးစွာ ကိုဗစ်-၁၉ကြောင့် ကျား၊မ ရေးရာ အကျိုးသက်ရောက်မှုတွင် မည်သည့် ဂျန်ဒါအမျိုးအစားသည် တန်းတူညီမျှခြင်းမရှိမှုနှင့် ရုပ်ဝတ္ထုပစ္စည်း ချို့တဲ့မှုအား အဓိက ခံစားနေရသနည်းအား ဖော်ထုတ်မည်ဖြစ်သည်။ ထို့နောက် ဘဏ္ဍာရေးရာ အစီအစဉ်များရှိသုံးစွဲမည့် ပမာဏများသည် ၎င်းတို့ ရည်ရွယ်ထားသည့် အခက်အခဲအတိုင်းအတာအား ဖြေရှင်းရန် လုံလောက်မှုရှိမရှိ ဆွေးနွေးပါမည်။ နောက်ဆက်တွဲအနေဖြင့် ဤကပ်ဘေး၏ ကျား၊မရေးရာ အကျိုးသက်ရောက်မှုများအား ဖြေရှင်းနိုင်ရန်  မူဝါဒဆိုင်ရာဆန်းစစ်ချက်များတွင် အသုံးပြုနိုင်သော ညွှန်းကိန်းများကို လမ်းညွှန်ချက်နှင့်တကွ အမျိုးသား အဆင့်မူဝါဒများအား ထိရောက်စွာဖော်ဆောင်နိုင်မည့် ကဏ္ဍများအား စဉ်းစားပါမည်။  ယင်းနောက် ဆက်လက်ဖော်ပြထားသည့်အပိုင်းတွင် ငွေကြေးဆိုင်ရာမူဝါဒအားဆန်းစစ်ပုံကိုထပ်မံဖော်ပြထားသည်။ နောက်ဆုံးအနေဖြင့် ဘဏ္ဍာရေးရာ အစီအစဉ်များအား ရေးဆွဲခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတွင် ကျား၊မရေးရာဘဏ္ဍာငွေပြင်ဆင်ရေးဆွဲခြင်းကို ထည့်သွင်းစဉ်းစားထားသည်။ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်နှင့် စီးပွားရေးဖွဲ့စည်းပုံများ

ကွဲပြားခြားနားစေကာမူ တူညီမှုအချို့ရှိတတ်သော်လည်း ဤစာအုပ်အနေဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ်သာ အဓိက အလေးပေးဖော်ပြထားပါသည်။

## ၂။ COVID 19 ၏ ကျန်းမာရေးနှင့်စီးပွားရေး အကျပ်အတည်းများကြောင့် ဖြစ်ပေါ်လာသည့် ကျား၊မရေးရာ အကျိုးဆက်များ - ကူးစက်မှု လမ်းကြောင်းများ

ကိုဗစ်-၁၉ဆိုင်ရာ ကျန်းမာရေးနှင့် စီးပွားရေးအကျပ်အတည်းကြောင့်ဖြစ်ပေါ်လာသော ကျား၊မရေးရာ တန်းတူညီမျှမရှိခြင်းဆိုင်ရာ အကျိုးဆက်များအား တုံ့ပြန်ဆောင်ရွက်သော အစိုးရမူဝါဒများအား အကဲဖြတ်နိုင်ရန်အတွက် အကျပ်အတည်း၏ မည်သည့်အကျိုးဆက်သည် ကျား၊မ အလိုက် မည်သို့ကွဲပြားဖြစ်ပေါ်သည်ကို အဓိကကဏ္ဍအလိုက် အကြမ်းဖျင်း ချမှတ်ထားပါက အထောက်အကူဖြစ်နိုင်ပါသည်။

သက်သေအထောက်အထားမခိုင်လုံသေးသော်လည်း အမျိုးသားများသည် အမျိုးသမီးများထက် သေဆုံးမှုပိုမိုများပြားကြောင်း ကနဦးဆန်းစစ်ချက်များမှ ညွှန်ပြနေသည်။ [၄] ကမ္ဘာ့ကျန်းမာရေး ၅၀၅၀ (Global Health 5050)၏ ဖော်ပြချက်အရ ၂၀၂၀ခုနှစ် မတ်လ ၂၇နေ့အထိတွင် ကမ္ဘာတစ်ဝှမ်းလုံးတွင် ကိုဗစ်-၁၉ကြောင့် သေဆုံးသူ၏ ၆၄ ရာခိုင်နှုန်းမှာ အမျိုးသားများဖြစ်ကြသည်။ဤကပ်ဘေး၏ ကျား၊မရေးရာအကျိုးသက်ရောက်မှုများအား ဆက်လက်ဆန်းစစ်မည် ဆိုပါက အမျိုးသားများ၏ သေဆုံးမှု ပိုမိုများပြားမှုအား ပိုမိုအတွင်းကျကျလေ့လာရန် သင့်တော်သည်။ အမျိုးသားများ၏ သေဆုံးနှုန်းပိုမိုမြင့်မားမှုသည် ကျား၊မရေးရာ စံနှုန်းများဖြစ်သော ယောကျ်ားပီသသည်ဟု စံသတ်မှတ်ချက်တို့နှင့် ဆက်စပ်နိုင်ချေရှိသည်။ ယင်းသည် စစ်အတွင်းတွင် သိသာထင်ရှားဆုံးဖြစ်သော်လည်း ယောကျ်ားပီသသည်ဟု သတ်မှတ်မှုနှင့် ဆက်နွယ်သော ကျန်းမာရေးဆိုင်ရာ စိတ်ဖိစီးမှုကြောင့်အပြင်အပြင် ဆေးလိပ်သောက်သုံးမှုနှင့် အရက်သေစာ သောက်သုံးမှုနှုန်းများ ပိုမိုမြင့်မားမှုကြောင့်လည်း သေဆုံးမှုနှုန်း ပိုမိုမြင့်မားနိုင်သည်။

တစ်ဖက်၌လည်း စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများကြောင့် အမျိုးသမီးများအပေါ် အချိုးအစား မညီမျှစွာ ထိခိုက်နစ်နာစေမှုသည် အောက်ပါ ကဏ္ဍနှစ်ခုအပေါ် အခြေတည်ဖြစ်ပေါ်လာသည်။ ၁) ကျား၊မ ရေးရာ စံနှုန်းများနှင့် ပုံသေကားချပ် သတ်မှတ်ခြင်းတို့ကြောင့် အမျိုးသမီးများသည် ပြုစုစောင့်ရှောက်ရေး အလုပ်များ (လစာဖြင့်/ လစာမဲ့)ပြုလုပ်ခြင်းဆိုင်ရာ အကြီးမားဆုံးသော တာဝန်များထမ်းရွက်ရခြင်းနှင့် ၂) အဖွဲ့အစည်းဆိုင်ရာ မူဝါဒများ သည် အမျိုးသားများအား ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များအဖြစ် အခွင့်ထူးပေးကာ အမျိုးသမီးများအား အခွင့်အရေး ချိုးနှိမ်ထားကြောင့် အမျိုးသမီးများစွာအား မရေရာသော စီးပွားရေး အခြေအနေများသို့ ရောက်ရှိ စေခြင်းတို့ ဖြစ်သည်။ ရလဒ်အနေဖြင့် ၎င်းတို့သည် ဝင်ငွေမရှိသောကြောင့် အန္တရာယ် ရှိသော ဆက်ဆံရေးများမှ မထွက်ခွာနိုင်ဘဲ အန္တရာယ် ရှိသော လူမှုအခြေအနေများဖြစ်သော အိမ်တွင်း အကြမ်းဖက်မှုနှင့် ကြုံတွေ့ရ နိုင်သည်။

[၄] UN WOMEN. (၂၀၂၀). “ ကိုဗစ်-၁၉နှင့် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုအား အဆုံးသတ်ခြင်း” https://www.unwomen.org/-/media/headquarters/attachments/sections/library/publications/2020/issue-brief-covid-19-and-ending-violence- against-women-and-girls-en.pdf?la=en&vs=5006

ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများကို အကျိုးရှိစွာ သုံးစွဲခြင်းဖြင့် အလုပ်သမားဈေးကွက်များ၊ စီးပွားရေး လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ အစရှိသည့် ပုဂ္ဂလိကဈေးကွက်များနှင့် အဖွဲ့အစည်းများတွင် ကျား၊မရေးရာ တန်းတူညီမျှခြင်း မရှိမှုအား ဖြေလျှော့ပေးနိုင်သည်။

အမျိုးသမီးများအပေါ်တွင် ကျရောက်နေသည့် ကိုဗစ်-၁၉၏ အချိုးမညီမျှသော အကျိုးသက်ရောက်မှုများနှင့် စီးပွားရေးဆိုးကျိုးများအား လျော့ပါးစေရန်အတွက် ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများ၏ အကျိုးသက်ရောက်မှုအား မည်သို့အကဲဖြတ်ရမည်ကို နားလည်သဘောပေါက်ရန် တန်းတူညီမျှမှု မရှိသည့် အဓိကကဏ္ဍများအား ထုတ်ဖော်သတ်မှတ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့အနေဖြင့် အောက်ဖော်ပြပါ အဓိက ကဏ္ဍ ၅ ရပ်အား ဆွေးနွေးခဲ့ကြပြီး ၎င်းတို့မှာ သက်မွေးဝမ်းကျောင်းမှုများ၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး နှင့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် အိုးအိမ်များ ဖြစ်သည်။

## က) သက်မွေးဝမ်းကျောင်းမှုများ

*၁) အလုပ်အကိုင်နှင့်လုပ်ငန်းခွင်အခြေအနေများ*

- *အလုပ်အကိုင်အခွင့်အလမ်းများခွဲခြားခြင်း* - အမျိုးသမီးများအား လုပ်ခနည်းသော၊ လစာဖြင့် နာမကျန်းခွင့် ကဲ့သို့ အကျိုးခံစားခွင့်များနှင့် နစ်နာကြေးနည်း၍ မလုံခြုံသော အလုပ်အကိုင်များနှင့် သီးခြားဖော်ပြလေ့ရှိသည်။ ဤအလုပ်အကိုင်အများစုသည် အများပြည်သူနှင့် ထိတွေ့ ဆက်ဆံရသော အလုပ်များဖြစ်သည်။ ထို့ကြောင့် အိမ်တွင်နေရန်အမိန့်များကြောင့် ပေါ်ပေါက်လာသော အလုပ်လက်မဲ့ဖြစ်မှုသည် အမျိုးသမီးများကို အခက်တွေ့စေသည်။ ဤအမျိုးအစားရှိ အလုပ်သမားများအား ထောက်ပံ့မှုသည် ဦးစားပေးဖြစ်သင့်သည်။
- *အလွတ်သဘော ကဏ္ဍများမှ အလုပ်အကိုင်များ (Informal sector jobs)*- အလွတ်သဘော ကဏ္ဍများတွင် အလုပ်သမားများအဖြစ် အမျိုးသမီးများ၏ ပါဝင်မှုသည် အလွန်များပြားသည်။ ဥပမာ အားဖြင့် အာဖရိကရှိ ဆာဟာရဒေသခွဲတွင် ၈၉ ရာခိုင်နှုန်းနှင့် လက်တင်အမေရိက နှင့် ကာရေဘီယံ (LAC)[၅] ရှိ ၅၉ ရာခိုင်နှုန်းတို့နှင့် နိူင်းယှဉ်လျှင် တောင်အာရှရှိ အမျိုးသမီးများသည် အလွတ်သဘော အလုပ် လုပ်ကိုင်သူများ၏ ၉၅ ရာနှုန်းကျော်ဖြစ်သည်။ လစာပြည့်ဆေးခွင့် ကဲ့သို့သော ခံစားခွင့်များ မရရှိမှုနှင့် မရေရာသောအလုပ်များကြောင့် အလွတ်သဘောကဏ္ဍမှ အလုပ်အကိုင်များတွင် အမျိုးသမီးများ ပိုမိုဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ထိခိုက်လွယ်မှုကို တိုးစေသည်။ အလွတ်သဘောကဏ္ဍများမှ အလုပ်သမားများအား အကျိုးခံစားခွင့်ရရှိစေမည့် မူဝါဒများ ရေးဆွဲသင့်သည်။ ဝင်ငွေနိမ့်နှင့် အလယ်အလတ်ဝင်ငွေ ရှိသောနိုင်ငံများ (low and middle income countries) တွင် COVID 19အကျပ်အတည်း ကြောင့် အလွတ်သဘောကဏ္ဍများမှ အလုပ်သမားများ အကြား ဆင်းရဲ နွမ်းပါးမှုနှုန်းမှာ ၅၆ ရာခိုင်နှုန်းမြင့်တက်မည် ဟုခန့်မှန်းရ၍ အလယ်အလတ်ဝင်ငွေ အုပ်စုရှိ အထက်တန်းနိုင်ငံများ (upper middle income countries) တွင်မှ ၂၁ ရာခိုင်နှုန်းထိ မြင့်တက်မည်ဟုခန့်မှန်းရ သည်။[၆]

---

[၅] UN Women (၂၀၁၅) ကမ္ဘာ့အမျိုးသမီးများ၏ တိုးတက်မှု *၂၀၁၅- ၁၆။ လူ့အခွင့်အရေးများရရှိစေရန် နိုင်ငံ့စီးပွားရေးများအား ပြုပြင်ပြောင်းလဲခြင်း*

[၆] အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း (၂၀၂၀)" COVID 19အကျပ်အတည်းနှင့် အလွတ်တန်းလုပ်ဆောင်သော စီးပွားရေး။ လက်ငင်းတုံ့ပြန်ချက်များနှင့် မူဝါဒရေးရာ စိန်ခေါ်မှုများ။ ILO အကျဉ်းချုပ်။ https://www.ilo.org/wcmsp5/groups/public/---ed_protect/---protrav/--- travail/documents/briefingnote/wcms_743623.pdf

- *အလုပ်လက်မဲ့ဖြစ်မှု* - စီးပွားရေးခက်ခဲသည့်အချိန်များတွင် အမျိုးသမီးများသည် ရှားပါးသော အလုပ်များကို အမျိုးသားများလောက်မထိုက်တန်ဟု (အမျိုးသားများသည် ပိုက်ဆံရှာသည့် ဦးဆောင်သူ ဖြစ်သည်ဟူသော စံများကြောင့်) မြင်ကြခြင်းက ၄င်းတို့၏ အလုပ်လက်မဲ့နှုန်း ကို ပိုမိုမြင့်မားလာစေသည်။[17]
- *အန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာ စံချိန်စံညွှန်းများ* - အကျပ်အတည်းကာလ အတွင်း အလုပ်လုပ်ကိုင်ခွင့် ဆက်လက်ရရှိသော အလုပ်သမားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် အလုပ်ခွင်၌ လုံခြုံမှုနှင့် ကျန်းမာရေးစံနှုန်းများသည် မရှိမဖြစ်လိုအပ်သည်။ ထိုကဲ့သို့သော စံချိန်စံညွှန်းများမရှိခြင်းကြောင့် ဤအုပ်စုမှ အမျိုးသမီးလုပ်သားများမှာ မိသားစုဝင်များနှင့် မိမိကိုယ်ကို COVID 19မှ ကာကွယ်ရန် အိမ်တွင်နေခြင်းကို သတိဖြင့်ရွေးချယ်ပါက အလုပ်ဆုံးရှုံးနိုင်သည့် ခြိမ်းခြောက်မှုရှိသည်။ ဤအုပ်စုရှိ အလုပ်သမားများအားကာကွယ်ရန် တစ်ကိုယ်ရေသုံး ကာကွယ်ပစ္စည်းများ (PPE) ထောက်ပံပေးရန်လိုအပ်သည်။
- *အခကြေးငွေမရသော ပြုစုစောင့်ရှောက်မှုအလုပ်*- အိမ်ထောင်စုတွင် အမျိုးသမီးများသည် ကလေးများနှင့် လူကြီးများအားစောင့်ရှောက်မှုမှသည် အိမ်ထောင်စုအားထိန်းသိမ်းခြင်းအထိ အခကြေးငွေမရသော ပြုစုစောင့်ရှောက်မှုအလုပ်တွင် မမျှတစွာ တာဝန်ယူထားကြရသည်။ ထို့ကြောင့် လုပ်အားခရသော အလုပ်များတွင် ၄င်းတို့ပါဝင်လုပ်ကိုင်နိုင်မှု အကန့်အသတ်ရှိနေ သည်။ ကလေးသူငယ် စောင့်ရှောက်မှု လိုအပ်ချက်သည် အမျိုးသမီးများအပေါ် များစွာ ဖိစီးစေသောကြောင့် အမျိုးသမီးများ လုပ်အားခရသော အလုပ်များတွင် ပါဝင်လုပ်ကိုင်နိုင်ရန်အတွက် ၎င်းတို့အတွက် ကလေးသူငယ် စောင့်ရှောက်ပေးမှုဆိုင်ရာ ရွေးချယ်နိုင်ခွင့်များ လိုအပ်သည်။ ကမ္ဘာအနှံ့ကပ်ရောဂါ ဖြစ်ပွားနေသော အခြေအနေတွင် အိမ်မှနေ၍ အလုပ်နေသူများ အတွက် အိမ်တွင်ကလေးစောင့်ရှောက်မှု နှင့် အိမ်တွင်စာသင်ကြားမှုများ တိုးပွားလာသဖြင့် အခကြေးငွေမရသော ပြုစုစောင့်ရှောက်မှုအလုပ် ဝန်ထုပ်ဝန်ပိုးများသည် သိသိသာသာ တိုးပွားလာသည်။ ဘဏ္ဍာရေးဆိုင်ရာတုံ့ပြန်မှုများ အနေဖြင့် ဤအချိန်တွင် အမျိုးသမီးများ ရင်ဆိုင်ရမည့် ဖိအားကိုဆွေးနွေးသင့်ပြီး ၊လူချင်းခပ်ခွာခွာ နေထိုင်ခြင်း (social distancing) ကို တတ်နိုင်သမျှ လိုက်နာခြင်းဖြင့် အခကြေးငွေမရသော စောင့်ရှောက်မှုအလုပ်ကို ပြန်လည်ခွဲဝေရန်နှင့် လျှော့ချရန် နည်းလမ်းများကို ဖန်တီးပေးသင့်သည်။

၂) *စီးပွားရေးလုပ်ငန်းရှင်များ*

- *အကြွေးနှင့် ဒေဝါလီခံခြင်း၏အန္တရာယ်* - အမျိုးသမီးများသည် အသေးစားစီးပွားရေးလုပ်ငန်း များကို ပိုမိုပိုင်ဆိုင်သူများဖြစ်ကြပြီး ထိုကဲ့သို့သောစီးပွားရေးလုပ်ငန်းများသည် စီးပွားရေး ခက်ခဲသည့် အချိန်တွင် ခံနိုင်ရည်ရှိရန် အရန်ငွေအင်အား နည်းပါးကြသည်။ အမျိုးသမီးများ ပိုင်ဆိုင်သော အသေးစားစီးပွားရေးလုပ်ငန်းများတွင်ရှိသော အရန်ငွေ အကန့်အသတ်ရှိမှုကြောင့် ကြွေးငွေအတွက် ပံ့ပိုးမှုပိုမိုလိုအပ်စေချက်နှင့် နှင်ထုတ်ခံရခြင်း၊ အပေါင်နုတ်ရွေး ခွင့်ပိတ်ပင်ခြင်း နှင့် အကြွေး ပြန်မဆပ်နိုင်ခြင်းစသည့် ငွေကြေးဆိုင်ရာ အကျိုးဆက်များသည် အမျိုးသမီးများ အပေါ် မမျှတစွာ ကျရောက်ဖြစ်ပေါ်စေသည်။ စီးပွားရေးကျဆင်းချိန်ကာလအတွင်း ကြွေးမြီတင်ရှိခြင်းသည် ပြန်လည်နာလန်ထူရန် ပိုမိုခက်ခဲစေသည်။ ထို့ကြောင့် ဤပြဿနာကို မူဝါဒချမှတ် ကိုင်တွယ်ခြင်းသည် ကျား၊မတန်းတူညီမျှမှုအတွက် ကောင်းသည်သာမက စီးပွားရေးလုပ်ငန်းအားလုံး ပြန်လည် နာလန်ထူရန်အတွက် အားကောင်းစေလိမ့်မည်။

[17] ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့ (၂၀၁၇). *လက်တင်အမေရိကနှင့် ကာရေဘီယန် ရှိ အမျိုးသမီးများ၏ တိုးတက်မှု ၂၀၁၇။ လူ့အခွင့်အရေးများရရှိစေရန် နိုင်ငံ့စီးပွားရေးများအား ပြုပြင်ပြောင်းလဲခြင်း.*

- *အကြွေး* - အမျိုးသမီးများ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများသည် ချေးငွေအခက်အခဲများနှင့် ရင်ဆိုင်နေရသည် ။ အကြောင်းမှာ က) ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများသည် ပုံမှန်အားဖြင့် အရွယ်အစားသေးငယ်ပြီး၊ ချေးငှားခနှင့် အခကြေးငွေများ ပိုများပြီး နှင့် ခ) မြေယာနှင့်ပိုင်ဆိုင်မှု အခွင့်အရေးများ အပေါ် ကန့်သတ်ချက်များကြောင့် အမျိုးသမီးများ အပေါင်အာမခံပစ္စည်း မရရှိခြင်းတို့ကြောင့် ဖြစ်သည်။ အမျိုးသမီးများအပေါ် ဘဏ်၏ခွဲခြားဆက်ဆံမှုသည် ချေးငွေရရှိမှုကို အဟန့်အတား ဖြစ်စေနိုင်သည်။ ထို့ကြောင့် ဘဏ္ဍာရေးမူဝါဒများကို အကောင်အထည်ဖော်ခြင်းအားဖြင့် ၎င်းကို (ဘဏ်များမှတစ်ဆင့် ငွေပေးလွှယ်မှုများစွာဖြစ်ပေါ်ခြင်း နှင့်အတူ) စောင့်ကြည့် စစ်ဆေးသင့်သည်။

## ခ) လူမှုကာကွယ်စောင့်ရှောက်ရေး

### *၁) လူမှုရေးအကူအညီ*

- *ဝင်ငွေထောက်ပံ့မှု / အစားထိုးပေးမှု* - လုပ်ခလစာနည်းသော၊ အချိန်ပိုင်းအလုပ်၊ နှင့် လုံခြုံ စိတ်ချမှု မရှိသောအလုပ်အကိုင်၊ ကိုယ်ပိုင်အလုပ် သို့မဟုတ် အလွတ်သဘော ကဏ္ဍများမှ အလုပ်သမားများ သို့မဟုတ် အလုပ်သမားဈေးကွက်သို့ မရောက်ရှိနိုင်သော အမျိုးသမီးများ (အိမ်ထောင်စု သို့မဟုတ် အိမ်ထောင် ဦးစီးအတွက်သာမဟုတ်ပါ) ကို ဝင်ငွေထောက်ပံ့ရန် အထူးသဖြင့်လိုအပ်သည်။
- *ကလေးနှင့်ကလေးစောင့်ရှောက်စရိတ်* - ကလေးများအတွက် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ စောင့်ရှောက်မှုအတွက် အမျိုးသမီးများသည် အဓိကတာဝန်ရှိကြပြီး ၎င်းတို့သည် ကလေးများ၏ သာယာဝပြောရေးအပေါ်ပိုမိုသုံးစွဲလိုကြသည်။ ကလေးနှင့်ကလေးသူငယ်စောင့်ရှောက်မှု ထောက်ပံ့ စရိတ်ပေးခြင်းဖြင့် ဤတာဝန်ကို ဖြည့်ဆည်းနိုင်ရန် အမျိုးသမီးများ ၏စွမ်းရည်ကို မြှင့်တင်ပေး သည်။

### *၂) လူမှုရေးအာမခံ*

- *လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု* - အာမခံနှင့်အလုပ်ချိတ်ဆက်ထား သော နိုင်ငံများတွင်ကျန်းမာရေး စောင့်ရှောက်မှုပေးသော အလုပ်များတွင် အမျိုးသမီးများ လုပ်ကိုင်မှုနည်းပါးသည် ။ အမျိုးသမီးများသည် အများအားဖြင့် ကိုယ်ပိုင် အလုပ်လုပ်သူများ ၊ အလွတ်သဘော အလုပ်သမားများ ဖြစ်တတ်ကြသဖြင့်၊ အဓိပ္ပာယ်သတ်မှတ်ချက်ကြောင့် လူမှုရေးနှင့် ဥပဒေရေးရာ ကာကွယ်မှု မရရှိဘဲ ချန်လုပ်ထားခြင်း ခံကြရသည်။
- *အလုပ်လက်မဲ့နှင့် ဖျားနာခွင့် ဆိုင်ရာခံစားခွင့်များ* - အကျပ်အတည်း၏ ဝန်ထုပ်ဝန်ပိုးသည် အမျိုးသမီးများအပေါ် မမျှတစွာ ကျရောက်မှုမရှိစေရန် အလုပ်လက်မဲ့ခံစားခွင့်များနှင့် လစာဖြင့် နာမကျန်းခွင့်/ဆေးခွင့်သည် မည်သည့်ဘဏ္ဍာရေးအစီအစဉ်တွင်မဆို မရှိမဖြစ်ပါဝင် ရေးဆွဲရ မည်။ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ အလုပ်လက်မဲ့အာမခံရရှိရန် အရည်အချင်းမပြည့်မီသော အလုပ် အကိုင်များတွင် အမျိုးသမီးများ၏ အချိုးအစား မမျှတစွာရှိနေပြီး အမျိုးသမီးလုပ်သားများကို သာတူညီမျှစွာ ရှိစေရန် ပြန်လည်သုံးသပ်ရန် လိုအပ်သည် ။ လစာဖြင့်နာမကျန်းခွင့် နှင့်ပတ်သက်၍ လုပ်အားခနည်း သော အခြေခံလုပ်သားများသည် လစာဖြင့် နာမကျန်းခွင့်/ ဆေးခွင့် ရနိုင်ကြမည်မဟုတ်သောကြောင့် ထိုအချက်သည် ၎င်းတို့အား အန္တရာယ်ရှိနိုင်ချေရှိကာ ရောဂါကူးစက် ခံရစေနိုင်သည်။

## ၈) ကျန်းမာရေး

- *မျိုးဆက်ပွားစောင့်ရှောက်မှု* - အကယ်၍ အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားပြီး စောင့်ရှောက်မှု၊ဘေးကင်းသောကိုယ်ဝန်ပျက်ကျမှုများနှင့်မျိုးဆက်ပွားကျန်းမာရေးတို့တွင် အကန့်အသတ်ရှိပါက ၎င်းတို့၏ မျိုးဆက်ပွားအခန်းကဏ္ဍအရ ကလေးမွေးဖွားခြင်းသည် ၎င်းတို့ကို စီးပွားရေး နှင့်လူမှုရေး အကျပ်အတည်းများ တွင် ထိခိုက်လွယ်စေသည်။
- *အိမ်တွင်းအကြမ်းဖက်မှု* - သီးသန့်ခွဲထားခြင်း နှင့်အိမ်ထောင်စုတွင်း စိတ်ဖိစီးမှုများသည် အိမ်တွင်းအကြမ်းဖက်မှုကို တိုးပွားစေသည်။ ကိုဗစ်-၁၉ကြောင့် ရွေ့လျားသွားလာမှု ကန့်သတ်ချက်များ စတင်ခဲ့ချိန်ကတည်းက အစောပိုင်းအစီရင်ခံစာများတွင် အိမ်တွင်းအကြမ်းဖက်မှုနှုန်းသည် ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။[၈]
- *အခြေခံလုပ်သားများ* - လူများနှင့် ထိတွေ့မှုအများဆုံးခံရသည့် အများပြည်သူနှင့်သက်ဆိုင်သည့် "အခြေခံ" လုပ်သားများတွင် အမျိုးသမီးများ အများဆုံးပါဝင်သည်။ ဤအုပ်စုတွင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်သားများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ထမ်းများနှင့် လက်လီ အရောင်းဆိုင်များမှ စာရေး / ငွေကိုင်တို့ ပါဝင်သည်။ အခြေခံ ဝန်ဆောင်မှုကဏ္ဍမှ အလုပ်သမားများသည် များသောအားဖြင့် လစာနည်းပါးကြပြီး လူမှုကာကွယ်စောင့်ရှောက်မှုနှင့် အကျိုးခံစားခွင့်များမရှိချေ။ ထို့အပြင် အလုပ်ရှင်များသည် တစ်ကိုယ်ရေသုံးကာကွယ်ရေး ပစ္စည်းများကို လုံလောက်စွာမဖြည့်ဆည်းနိုင်ခြင်းနှင့် အခြားအလုပ်ခွင်တွင်း ကူးစက်ရောဂါများကိုဖြေရှင်းရန် အခြားဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိလျှင် အလုပ်အခြေအနေများတွင် အန္တရာယ်ရှိနိုင် သည်။
- *ရွှေ့ပြောင်းအလုပ်သမားများ* - အချို့သောဖြစ်ရပ်များတွင်အပြည်ပြည်ဆိုင်ရာအလုပ်သမားသည် (ဥပမာ - အမေရိကန်ပြည်ထောင်စု၌ အသားထုပ်ပိုးစက်ရုံများ၊ ပင်လယ်ကွေ့ရှိ ပြည်နယ်ဆောက်လုပ်ရေး စီမံကိန်းများ အတွက်) မလုံခြုံသော အခြေအနေများအောက်တွင် အလုပ်လုပ်ရန် အတင်းအကျပ် စေခိုင်းခံရနိုင်သည်။ ၎င်းတို့သည် အထူးသဖြင့် အန္တရာယ်ရှိပြီး ထိခိုက်လွယ်သည်။ အကြောင်းအရင်းမှာ ၎င်းတို့သည် အလုပ်ခွင်ထဲ၌ လုံလောက်သော ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးစံချိန်စံညွှန်းများမပါရှိဘဲ အလုပ်လုပ်ကြရသည့်အပြင် ကျန်းမာရေးအာမခံကဲ့သို့ လူမှုကာကွယ်စောင့်ရှောက်မှုများ မရရှိခြင်းကြောင့် ဖြစ်သည်။ ထိုသူများသည် များသောအားဖြင့် လူနေထူထပ်သောအိမ်ရာများတွင်နေထိုင်ကြရပြီး COVID 19ကူးစက်ခံရခြင်း အန္တရာယ်ပိုမို ဖြစ်ပေါ်စေသည်။
- *နိုင်ငံများအတွင်း အသားအရောင်ခွဲခြားခံရသောအမျိုးသမီးများ(သို့) အုပ်ချုပ်ခံ လူမျိုး/မျိုးနွယ်စုမှ အမျိုးသမီး များ* - " Weathering" ကြောင့်ဤအုပ်စုတွင်ပိုမိုအားနည်းချက်ရှိသည်။ (Weathering- ဆင်းရဲနွမ်းပါးမှု နှင့် လူမှုရေး၊ စီးပွားရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာလူမျိုးရေးခွဲခြားမှုများမှ စိတ်ဖိစီးမှုများကြောင့် ခန္ဓာကိုယ် ကို အလျင်အမြန်ယိုယွင်းပျက်စီးစေခြင်း)
- *ဆင်းရဲသောရပ်ကွက်အတွင်းရှိအမျိုးသမီးများ (ဆင်ခြေဖုံးရပ်ကွက်၊ ကျူးကျော်ရပ်ကွက်၊ မြို့နယ်များ)* - အိမ်ရာ အခြေအနေများကြောင့် ဤရပ်ကွက်ရှိအမျိုးသမီးများသည် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုများကိုသီးခြား ခွဲထုတ် ၍မရပေ။ ရပ်ရွာကွန်ယက်များအတွင်းရှိ အစားအစာများ (ဆင်းရဲသားများကို စွပ်ပြုတ်စသည့် အာဟာရများ လှူဒါန်းသောနေရာ)နှင့် စောင့်ရှောက်မှု ထောက်ပံ့ရေးတွင် များစွာသော အမျိုးသမီးများသည် မကြာခဏ အကာအကွယ်ပစ္စည်းမပါဘဲ ပါဝင်ကြရသည်။

---

[၈] ကုလသမဂ္ဂအမျိုးသမီးအဖွဲ့ (၂၀၂၀). "အကျဉ်းချုပ်ထုတ်ပြန်ချက်။ ကိုဗစ်နှင့် အမျိုးသမီးများနှင့် မိန်းကလေးများအား အကြမ်းဖက်မှု အဆုံးသတ်ရေး" https://www.unwomen.org/-/media/headquarters/attachments/sections/library/publications/2020/issue-brief-covid- 19-and-ending-violence-against-women-and-girls-en.pdf?la=en&vs=5006

**ဃ)စားနပ်ရိက္ခာဖူလုံရေး**

- *ကျား၊မရေးရာ နှင့် အစားအစာရရှိမှု* - နိုင်ငံအတော်များများတွင် လူမှုရေးစံနှုန်းများသည် အမျိုးသမီးများအား အစားအစာ တန်းစီရာတွင် နောက်၌ ထားခြင်းကြောင့် ၎င်းတို့အား ငတ်မွတ်မှုနှင့် ကျန်းမာရေး ကို ထိခိုက်စေခြင်းများကိုဖြစ်စေသည်။ အချို့နိုင်ငံများတွင် ကလေးများအစားအစာ ရရှိရန်မှာ အမျိုးသမီးများ၏ တာဝန်ဖြစ်၍ အိမ်ထောင်စုထဲတွင် အမျိုးသမီးများ၏ ဩဇာနည်းပါးမှုကြောင့် သားသမီးများ၏ ကျန်းမာရေးအပေါ်လည်းအကျိုးသက်ရောက်မှုရှိသည်။ စားနပ်ရိက္ခာဖူလုံမှုအစီအမံသည် အမျိုးသမီးများ အစားအစာရရှိမှုကို ဦးစားပေးသင့်သည် ။ အကျိုးဆက်အနေဖြင့် ကလေးများ အတွက်ပါ အစားအစာရရှိနိုင်သည်။
- *ကလေးများနှင့်ငတ်မွတ်ခေါင်းပါးမှု* - ကလေးများသည် ၎င်းတို့၏ ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှု နှင့် ကျန်းမာရေးအပေါ်အကျိုးသက်ရောက်မှုအရ အစာရှားပါးမှုဒဏ်ကို အထူးသဖြင့် ခံရနိုင်သည်။ အာဟာရ တိုက်ကျွေးရေး အစီအစဉ်များရှိသော ကျောင်းများပိတ်ထားရခြင်းက ကလေးသူငယ် ငတ်မွတ်ခေါင်းပါးမှု ကို ပိုမိုဆိုးရွားစေသည်။
- *စိုက်ပျိုးရေးထုတ်လုပ်မှု* - ကိုဗစ်ကြောင့် စိုက်ပျိုးထုတ်လုပ်မှုရပ်ဆိုင်းသွားပြီး အထူးသဖြင့် လယ်သမားငယ်များသည် ဝင်ငွေများနည်းပါးသောကြောင့် လယ်လုပ်ငန်းသို့ထည့်သွင်းရမည့် သွင်းအားစုများ ဝယ်ယူရန်အရင်းအမြစ်များမရှိခြင်းဘဲ ထုတ်လုပ်မှုကို ဆက်လက်မလုပ်ဆောင်နိုင်ကြတော့ချေ။ ဤအချက်က စားနပ်ရိက္ခာမလုံလောက်မှုကိုပိုမိုဆိုးရွားစေပြီး စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်ကာ ပြတ်လပ်မှုများကိုဖြစ်ပေါ်စေနိုင်သည်။

**င) အများပြည်သူဆိုင်ရာ အဆောက်အအုံနှင့်အိမ်ရာ**

- *သယ်ယူပို့ဆောင်ရေးနှင့် ရွှေ့ပြောင်းသွားလာမှု*
    - *အများပြည်သူသယ်ယူပို့ဆောင်ရေး* -အများပြည်သူသယ်ယူပို့ဆောင်ရေးကို အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုအားထားကြသည်။ ယင်းမှာ ကျား၊မဆိုင်ရာ စံသတ်မှတ်ချက်များအပြင် အမျိုးသမီးများ၏ အားနည်းသောစီးပွားရေး အခြေအနေကြောင့်ဖြစ်သည်။ ကိုဗစ်ကာလအတွင်းလုံခြုံစိတ်ချရသောအများပြည်သူသယ်ယူပို့ဆောင်ရေးရှိခြင်းသည် ကျား၊မ တန်းတူညီမျှကို ဖြစ်စေနိုင်သည်။
    - *ရွှေ့ပြောင်းသွားလာမှု* - အချို့သောနိုင်ငံများရှိ ယဉ်ကျေးမှုစံနှုန်းများသည် အမျိုးသမီးများ၏ ရွှေ့ပြောင်းသွားလာမှုကိုတားဆီးနိုင်သည်။ သို့သော်အများပြည်သူနေရာများတွင် အကြမ်းဖက်မှု အန္တရာယ်များကြောင့်လည်း ၎င်းတို့၏ရွှေ့ပြောင်းသွားလာနိုင်မှုမှာ အကန့်အသတ်ရှိသည်။

- *မိလ္လာစနစ် နှင့်သန့်ရှင်းသောရေ*
    - *အခကြေးငွေမရသည့် ပြုစုစောင့်ရှောက်မှုအလုပ်၏ ကျား၊မ အခန်းကဏ္ဍ* - COVID ကပ်ရောဂါကာလအတွင်း သန့်ရှင်းသောရေ အလွယ်တကူ မရရှိခြင်းသည် ရောဂါကူးစက်မှုကို ပိုမိုဆိုးရွားစေသည်။ အမျိုးသမီးများ၏ ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်ဝတ္တရားများတွင် ကိုယ်ကာယပင်ပန်းသောလုပ်ရှားမှုဖြစ်သည့် မိသားစုအတွက် သန့်ရှင်းသောရေ ရရှိစေရေး

ပါဝင်သည်၊ ၎င်းသည် အမျိုးသမီးများသေဆုံးနိုင်ခြင်း နှင့် ဝင်ငွေရသည့်စီးပွားရေးအား လုပ်မည့် အချိန်ကို ကုန်ဆုံးစေသည့်အပြင် အမျိုးသမီးများ၏ လှုပ်ရှားသွားလာမှုတွင်လည်း အန္တရာယ်ရှိနိုင်သည်။ သန့်ရှင်းသောရေအလုံအလောက်မရရှိခြင်းသည် အမျိုးသမီးများ၏ စောင့်ရှောက်မှုဝန်ထုပ်ဝန်ပိုးကို တိုးမြင့်စေနိုင်သည်။ တစ်ချိန်တည်းမှာပင် နေမကောင်းသော မိသားစုဝင်များအပေါ် အမျိုးသမီးများ၏ စောင့်ရှောက်ရသည့် အချိန်တိုးလာသည်နှင့်အမျှ ရောဂါပျံ့နှံ့မှုအန္တရာယ်သည်လည်း တိုးလာသည်။

- *လူမှုအခြေခံအဆောက်အအုံဆိုင်ရာ အသုံးစရိတ်*
    - *ကျန်းမာရေးအခြေခံအဆောက်အအုံ* - နှစ်ပေါင်းများစွာအတွင်း ဆေးရုံကုတင်နှင့် အခြားကျန်းမာရေးကဏ္ဍ အခြေခံအဆောက်အအုံများတွင် ပြည်သူပိုင် ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းနေခဲ့သည်။ ရလဒ်အနေဖြင့် ပြည်သူ့ကျန်းမာရေးအခြေခံအဆောက်အအုံသည် ပုံမှန်အခြေအနေနှင့် အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက် သိသိသာသာ တိုးလာသည့် အကျပ်အတည်းကာလတွင် မလုံလောက်နိုင်တော့ပါ။
    - *ကလေးသူငယ်ပြုစုစောင့်ရှောက်မှု* - ကျောင်းနှင့်ကလေးပြုစုစောင့်ရှောက်ရေး ဂေဟာများ ပိတ်ခြင်းသည် အိမ်တွင် ပြုစုစောင့်ရှောက်မှုအလုပ်အား တိုးလာစေသည်။ အထူးသဖြင့် အလုပ်အားရပ်တန့်နိုင်ခြင်းမရှိသော (ဝင်ငွေနည်းပါးခြင်းကြောင့်ဖြစ်ပြီး အကြောင်းရင်းမှာ အလုပ်ရှင်များသည် ၎င်းတို့၏ အလုပ်ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် အလုပ်လာရောက် လုပ်ကိုင်စေခြင်း (သို့ ) ၎င်းတို့သည် တယ်လီဖုန်း၊ကွန်ပြူတာအသုံးပြု၍ အိမ်မှအလုပ်လုပ်ရ ခြင်းတို့ကြောင့်) မိဘများနှင့် အိမ်စောင့်များအတွက် အခက်အခဲတစ်ရပ်ဖြစ်လာ၍ ဝန်ထုပ်ဝန်ပိုးသည် အမျိုးသမီးများအပေါ် မညီမျှစွာ ကျရောက်လာသည်။
- *အိမ်ရာ*
    - *အိုးအိမ်ဆုံးရှုံးမှု* - အထူးသဖြင့် မိခင်တစ်ဦးတည်းက မိဘ ၂ ဦးလုံးနေရာတွင် တာဝန်ယူ နေရသည့် အမျိုးသမီးများသည် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏သားသမီးတို့အတွက် အမိုးအကာရရှိစေရန်၎င်းတို့၏စွမ်းရည်ကို စမ်းသပ်ခံနေရသည်။ ၎င်းတို့ငှားရမ်းခသို့မဟုတ် အပေါင်ခံပေးချေမှုများကို မတတ်နိုင်လျှင် ၎င်းတို့၏ လုပ်ခနိမ့်ခြင်းနှင့် ငွေစုနည်းခြင်းတို့၏ အပြန်အလှန်အကျိုးသက်ရောက်မှုသည် အကျပ်အတည်းကာလအတွင်း အိမ်ရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခြင်း မရှိခြင်းအား ပိုမိုဆိုးရွားစေသည်။
    - *ယာယီအိုးအိမ်* - ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရန် သီးခြားခွဲထားခြင်းခံရသော အိမ်ထောင်စုဝင်များအနေဖြင့် ယာယီအိုးအိမ်တွင်နေထိုင်ခွင့် လိုအပ်သည်။ ထိုကဲ့သို့သော အခြားနည်းလမ်းများမရှိခြင်းသည် ဗိုင်းရပ်စ်ပိုးကို အခြားအိမ်ထောင်စုဝင်များသို့ ကူးစက်စေနိုင်ပြီး အမျိုးသမီးများ၏ စောင့်ရှောက်မှုဝန်ထုပ်ဝန်ပိုးနှင့် ကျန်းမာရေးအန္တရာယ်များကို တိုးမြင့်စေနိုင်သည်။

## ၃။ ဘဏ္ဍာရေးရာ တည်ငြိမ်ရေးနှင့် ပံ့ပိုးရေး အစီအစဥ်များ

အစိုးရများသည် ကမ္ဘာ့ကပ်ရောဂါအား နေအိမ်တွင် နေထိုင်ရေး အမိန့်များ (stay- at-home) အပါအဝင် ပြည်သူ့ကျန်းမာရေးမူဝါဒများ ထုတ်ပြန်ခဲ့ပြီး ရလဒ်အနေဖြင့် ဝယ်လိုအား တဟုန်ထိုးကျဆင်း၍ အလုပ်အကိုင် သို့မဟုတ် အလုပ်လုပ်ချိန်များ ရုတ်တရက်သိသာစွာကျဆင်းခဲ့သည်။ ယခင်ဖြစ်ပေါ်ခဲ့သည့် အကျပ်အတည်းများ နှင့် မတူညီဘဲ COVID 19ကမ္ဘာ့ကပ်ရောဂါ၏အစောပိုင်းရှိ ဘဏ္ဍာရေးမူဝါဒသည် လူအများအား အလုပ် ပြန်လည်ဆင်းခိုင်းရန် မဟုတ်ပေ၊ စီးပွားရေး တဖြည်းဖြည်းပြန်လည် ဖွင့်လှစ်လာသည်အထိ နှင့်/သို့မဟုတ် ကာကွယ်ဆေးရှာဖွေတွေ့ရှိသည်အထိ  စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများအနေဖြင့် အကြွေးကင်းနိုင်စေရန် ရည်ရွယ်သည်။ ထိုအကြောင်းပြချက်ကြောင့် ကပ်ဘေး၏ အစောပိုင်းအခြေအနေများတွင် အိမ်ထောင်စုနှင့် စီးပွားရေးများအတွက် တိုးချဲ့သုံးစွဲရန် မူဝါဒရေးဆွဲသည်ထက် ဝင်ငွေအစားထိုးရန် တည်ငြိမ်ရေးမူဝါဒတစ်ခုတွင်သာ ဘဏ္ဍာရေးသုံးစွဲမှုများကို ပြုလုပ်ရန် စဉ်းစားသင့်သည်။ စီးပွားရေးများ တဖြည်းဖြည်း ပြန်လည်ဖွင့်လှစ်လာနိုင်ချေ ရှိသော အခါ အစိုးရ၏ ဘဏ္ဍာရေးတိုးချဲ့သုံးစွဲမှုသည် စျေးဝယ်သူများအား ငွေကြေးသုံးစွဲနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ငှားရမ်းရေးတို့တွင် ပံ့ပိုးရေးအတွက် အလေးထားသုံးစွဲမည်ဖြစ်သည်။ ထို့ကြောင့် ဘဏ္ဍာရေး မူဝါဒသည် စိုးရိမ်ရသောအဆင့် လျော့နည်းသွားသောအခါဖြစ်စေ (သို့မဟုတ် တဖန် စိုးရိမ်မှတ်မြင့်တက်လာအခါ ဖြစ်စေ) ကိုဗစ်ဆိုင်ရာ စီးပွားရေး အကျိုးဆက်များအပေါ် ပြုပြင်ပြောင်းလဲကာ ကျင့်သုံးနိုင်ရမည် ဖြစ်သည်။

မူဝါဒရည်ရွယ်ချက်များသည် ဝင်ငွေများ အစားထိုးရန်ဖြစ်စေ သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍဆိုင်ရာ သုံးစွဲမှု များအား တိုးမြင့်ရန် မည်သို့ပင်ဖြစ်စေကာမူ အစိုးရများအနေဖြင့် အကျပ်အတည်းကြောင့်လိုအပ်သော ဘဏ္ဍာရေးရာ မူဝါဒများအား ရန်ပုံငွေချေးရန် ပြုလုပ်ပေးရှိသည်။ ဤကမ္ဘာ့ကပ်ရောဂါကြောင့်  ၂၀၂၀ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံ့စီးပွားရေးများတွင် စီးပွားရေးဖွံ့ဖြိုးမှု ၆.၆ ရာခိုင်နှုန်းလျော့ကျနိုင်ပြီး ဖြစ်ထွန်းစနှင့် ဖွံ့ဖြိုးတိုးတက် ဆဲနိုင်ငံ့စီးပွားရေးများတွင် ၁ ရာခိုင်နှုန်းလျော့ကျမည်ဟု  နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ  ကြိုတင် မှန်းဆထားသည်။ ဤခွက်ချက်မှုမှာ ၂၀၂၀ခုနှစ် ဒုတိယနှစ်ဝက်တွင် ထိန်းချုပ်ကန့်သတ်ထားမှုများ တဖြည်းဖြည်းလျော့ကျလာမည်ဟု ယူဆချက်အပေါ် အခြေခံထားသည်။[၉]

ဖွံ့ဖြိုးဆဲနိုင်ငံ၏စီးပွားရေးတစ်ခုချင်းစီအတွက် မှန်းဆချက်မှာ အမျိုးမျိုးကွဲပြားခြားနားသည်။ ၂၀၂၀ ခုနှစ် တွင် တောင်အာဖရိကနိုင်ငံ၏ ဂျီဒီပီ(GDP)မှာ ၅.၈ ရာခိုင်နှုန်းကျဆင်းမည်ဟု တွက်ချက်ထားသော်လည်း အာဖရိက ဆာဟာရဒေသခွဲ တစ်ခုလုံးမှာမူ ၁.၇ ရာခိုင်နှုန်းသာကျဆင်းမည်ဟု နှိုင်းယှဉ်ထားသည်။ ထိန်းချုပ်ကန့်သတ်ထားမှုများရှိနေသမျှကာလပတ်လုံးတွင် ၁လလျှင်  ဂျီဒီပီ(GDP)၂ရာခိုင်နှုန်း စီကျဆင်း မည်ဟု OECD က ခန့်မှန်းထားသည်။[၁၀] ဝန်ဆောင်မှုကဏ္ဍတွင် အကြီးမားဆုံးပြောင်းလဲချက်များ ဖြစ်နိုင်မည်ဟုလည်း ခန့်မှန်းထားသည်။ ဝန်ဆောင်မှု ကဏ္ဍတွင် ပါဝင်သော အရာများမှာ - တည်းခိုစရာနေရာနှင့် အစားအစာ ဝန်ဆောင်မှုများ၊ လက်လီနှင့် လက်ကား ရောင်းဝယ်ရေး၊ အနုပညာပစ္စည်းနှင့် ဖျော်ဖြေရေးလုပ်ငန်းနှင့် ပို့ဆောင် ဆက်သွယ်ရေး လုပ်ငန်းတို့ ဖြစ်သည်။ ထုတ်လုပ်ရေးလုပ်ငန်းများမှာလည်း အထိနာမည်ဟု ခန့်မှန်းထားပြီး ဆောက်လုပ်ရေး လုပ်ငန်းများမှာမူ ယင်းလောက် အထိနာမည် မဟုတ်ဟု ခန့်မှန်းထားသည်။[၁၁]

[၉] IMF. (၂၀၂၀)၊ ကမ္ဘာ့စီးပွားရေး အလားအလာ https://www.imf.org/en/Publications/WEO/Issues/2020/04/14/weo-april- 2020

[၁၀] OECD၊ (၂၀၂၀). " COVID 19၏ နိုင်ငံ့စီးပွားရေး လုပ်ဆောင်ချက်များအပေါ် ကနဦးအကျိုးသက်ရောက်မှုများအား အကဲဖြတ်ခြင်း " http://www.oecd.org/coronavirus/policy-responses/evaluating-the-initial-impact-of-covid-19-containment-measures- on-economic-activity-b1f6b68b/#figure-d1e231

[၁၁] ILO. (၂၀၂၀). "ILOမှ စောင့်ကြည့်အကဲခတ်ခြင်း။ COVID 19နှင့် လုပ်ငန်းခွင် ကမ္ဘာ" https://www.ilo.org/wcmsp5/groups/public/--- dgreports/---dcomm/documents/briefingnote/wcms_740877.pdf

အထက်ပါခန့်မှန်းချက်များမှာ ယခုလာမည့်လများတွင် လိုအပ်မည့် ဘဏ္ဍာရေးဆိုင်ရာ သုံးစွဲမှုပမာဏ ညွှန်းကိန်းအား ဖော်ပြနေသည်။ ယခင်အကျပ်အတည်းများမှ အထောက်အထားများအရ ဘဏ္ဍာရေးရာ ကုစားမှု ပိုများသော နိုင်ငံများတွင် ဝင်ငွေများရရှိမှု နှင့် အလုပ်အကိုင်များရရှိမှုမှာ ပိုမိုလျင်မြန်ပြီး ပိုမိုခိုင်မာစွာ ပြန်လည်ဦးမော့လာနိုင်သည်။[၁၂][2] ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားရေးများတွင် ဆင်းရဲသော နိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဝင်ငွေထက် ပိုသုံးနိုင်သော (ချေးငွေများမှတဆင့်) ပိုမိုကောင်းမွန်သည့် ငွေကြေးလည် ပတ်နိုင်သောနေရာ ရှိသည်။ အကြောင်းရင်းမှာ ၎င်းတို့၏ ကိုယ်ပိုင်ငွေကြေးနှင့် ငွေချေးပိုင်ခွင့်ရှိပြီး ၎င်းတို့၏ ဗဟိုဘဏ်များမှ အစိုးရကြွေးမြီများအား ဝယ်ယူခြင်းဖြင့် ဤလုပ်ငန်းစဉ်အား ညှိနှိုင်းဆောင်ရွက်နိုင်သောကြောင့် ဖြစ်သည်။ ထို့အပြင် ၎င်းတို့၏ ငွေကြေးများမှာ ပုံမှန်အားဖြင့် ဝယ်လိုအားများပြားပြီး၊ ချေးငွေဆိုင်ရာ အတိုးနှုန်း ဒဏ်ကြေးနှင့် ရင်းနှီးငွေ တရားမဝင်ဖြစ်ခြင်းစသော စျေးကွက်အန္တရာယ်များအား လျှော့ချပေးနိုင် သောကြောင့် ဖြစ်သည်။

ဝင်ငွေနည်းပါးသော နိုင်ငံများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါအပြင် အမျိုးမျိုးသော ပြဿနာများဖြင့်လည်း ကြုံတွေ့နေရသည်။ ၎င်းတို့မှာ တင်ပို့ကုန် ဝယ်လိုအားများ တစ်ဟုန်ထိုးကျဆင်းမှု၊ ကုန်စျေးနှုန်း သိသာစွာ ကျဆင်းမှု၊ ငွေကြေးစျေးကွက်များတွင် ချေးငှားစရိတ်မြင့်တက်မှုတို့ဖြစ်သည်။ ချမ်းသာသောနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ၎င်းတို့တွင် ချေးငှားနိုင်မည့် ငွေကြေးလည်ပတ်နိုင်သော စနစ်နေရာများ လွန်စွာနည်းပါးသည်။ ထို့အပြင် ရေတိုကာလအတွင်း အကျပ်အတည်းလျှော့ချရေးရာ စီမံချက်များအား လုပ်ဆောင်နိုင်ရန်နှင့် ရေလတ်နှင့် ရေရှည်တွင် စီးပွားရေးပြန်လည်ဦးမော့လာစေရေး စီမံချက်များအတွက် ငွေကြေးလည်ပတ်နိုင်သောစနစ်နေရာများအား ဖွံ့ဖြိုးအတိုးတက်ဆုံးသော နိုင်ငံများသာ ကန့်သတ်ခွင့်ပြုပေးထားသည်။ အကြောင်းအရင်းမှာ ဖြစ်ထွန်းစ နိုင်ငံ့စီးပွားရေးများမှ သိသာထင်ရှားသော ရင်းနှီးငွေ ဆုံးရှုံးမှုများ၊ တိုက်ရိုက်ခွန်၊ သွယ်ဝိုက်ခွန်နှင့် ကုန်သွယ်ခွန်များကျဆင်းမှု၊ အကြွေးပြန်လည်ဆပ်နိုင်မှုအား ခန့်မှန်းပေးသည့် အေဂျင်စီများမှ အဆင့်လျှော့ချသတ်မှတ်မှုအား စိုးရိမ်မှုနှင့် ယူထားပြီးသည့် မြင့်မားပြီး ဆက်လက်ပေးချေနိုင်စွမ်းမရှိသည့် ပြင်ပကြွေးမြီများကြောင့် ဖြစ်သည်။ ရလဒ်အနေဖြင့် ဤအကျပ်အတည်းအား ၎င်းတို့တုံ့ပြန်နိုင်စွမ်းသည် အဓိကနိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံတို့၏ ဆုံးဖြတ်ချက်များအပေါ်တွင် များစွာမူတည်နေသည်။ ဂျီ(၂၀) နိုင်ငံများအနေဖြင့် ဝင်ငွေနည်းပါးသော နိုင်ငံများအတွက် ကြွေးမြီပေးချေမှုများအား ဆိုင်းငံ့ပေးခဲ့ပြီး ယင်းနိုင်ငံများသည် ငွေကြေးလည်ပတ်နိုင်သောစနစ်နေရာများတွင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံ အခမဲ့ရရှိမည်ဖြစ်သည်။၁၃3 သို့သော် ထိုသို့ဆောင်ရွက်ပေးမှုမှာ ယင်းနိုင်ငံများ၏ လိုအပ်ချက်ကို လုံလောက်စွာဖြည့်ဆည်းနိုင်ရန် အလှမ်းဝေး လှသည်။ အာဖရိက ဆာဟာရဒေသခွဲတစ်ခုတည်းပင် ဘတ်ဂျက်ထောက်ပံ့မှု အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ လိုအပ်ပြီး ၂၀၂၀ခုနှစ်အတွက် ကြွေးမြီအတိုးငွေမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ရှိသည်။၁၄ 4 နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများအနေဖြင့်လည်း ကြွေးမြီကယ်ဆယ်ရေးနှင့် နိုင်ငံခြား ထောက်ပံ့ကူညီမှုနည်းလမ်းများအား ထည့်သွင်းစဉ်းစားနေကြသည်။ အထက်ပါစိန်ခေါ်မှုများကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ကြွေးမြီလျှော့ချနိုင်ရေးသည် ဦးစားပေးတစ်ရပ်ဖြစ်ကြောင်း တိုက်တွန်းခဲ့သည်။ UNCTAD မှ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကြွေးမြီကယ်ဆယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ထရီလီယံ ထောက်ပံ့ မည်ဟု ကြေညာခဲ့သည်။[၁၅][5]

---

[2] ၁၂ Blyth, M. (၂၀၁၃). *Austerity: အန္တရာယ်ရှိသော အတွေး၏ ရာဇဝင်*၊ အောက်စဖိုဒ့်တက္ကသိုလ် ပုံနှိပ်။

[3] ၁၃ Wainer, A., S. Gupta နှင့် M. Plant. (၂၀၂၀). "ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် ကိုဗစ်-၁၉အတွက် ဘဏ္ဍာရေးရာ စနစ်များဖန်တီးရာတွင် အရပ်ဖက်လူ့အဖွဲ့အစည်းများပါ ပါဝင်ခြင်းရှိပါစေ" https://www.cgdev.org/blog/while-creating-fiscal-space-covid-19-developing-countries- be-sure-consult-civil-society

[4] ၁၄ UNECA ၊(၂၀၂၀). "အာဖရိက ဘဏ္ဍာရေးရာဝန်ကြီးမှ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းအပေါ် ဆိုးကျိုးသက်ရောက်မှု လျှော့ပါးစေရန် ကိုဗစ်-၁၉ ဆိုင်ရာ ဆောင်ရွက်ချက်များ ညှိနှိုင်းဆွေးနွေးရန် ကြေညာချက်" https://www.uneca.org/stories/african-finance-ministers-call-coordinated-covid-19-response- mitigate-adverse-impact

[5] ၁၅ UNCTAD ၏ ကြွေးမြီကယ်ဆယ်ရေး ကြေညာချက်သည် အလွန်ဆင်းရဲပြီး သေးငယ်သော နိုင်ငံ့စီးပွားရေးများအတွက်သာဟု ကန့်သတ်ထားခြင်းမရှိပေ။ UNCTAD (၂၀၂၀) " ကိုရိုနာဗိုင်းရပ်ဆိုင်ရာ တုန်လှုပ်ခြောက်ခြားမှု၊ ကမ္ဘာလုံးဆိုင်ရာ အခြားကပ်ဘေးအား ခန့်မှန်းခြင်း အကြောင်းနှင့် ထို့အတွက် မူဝါဒရေးဆွဲသူများအနေဖြင့် မည်သည့်အရာများ ပြုလုပ်သင့်သနည်း" ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးရာ အစီရင်ခံစာ မွမ်းမံချက်

ပြောင်းလဲနေသော ဘဏ္ဍာရေး မူဝါဒဆောင်ရွက်ချက်များကြောင့် ဘဏ္ဍာရေးအစီအစဉ်များ၏ ပမာဏအား ခိုင်ခိုင်မာမာပြသရန် မဖြစ်နိုင်သော်လည်း ကျွန်ုပ်တို့အနေဖြင့် လေ့လာချက်အချို့ပြုလုပ်နိုင်သည်။ ဤစာရေးသား နေချိန်ထိ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများရှိ အမျိုးသားဘဏ္ဍာတိုးမြှင့်ရေး အစီအစဉ်များအား သုံးသပ် ချက်များအရ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၏ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးရေးအစီအစဉ်များ၏ ပမာဏမှာ အမျိုးမျိုး ကွဲပြားခြားနား ကြသည်။ (အာဖဂန်နစ္စတန်နိုင်ငံတွင် ဂျီဒီပီ၏ ဝ.၅ ရာခိုင်နှုန်း မှ တောင်အာဖရိက နိုင်ငံ တွင် ဂျီဒီပီ၏ ၁ဝ.ဂ ရာခိုင်နှုန်းအထိရှိသည်။ )၁၆[6]ဂျပန်နိုင်ငံတွင်မူ ငွေကြေးအစီအစဉ်သည် ဂျီဒီပီ၏ ၂၁ ရာခိုင်နှုန်းရှိသည်။ ထိုပမာဏ သည် အထက်တွင် ဖော်ပြခဲ့ သော ကျား၊မတန်းတူညီမျှရေးအတွက် ရင်းနှီးမြှုပ်နှံရန် သုံးစွဲနိုင်သည့် ငွေကြေးပမာဏ အား အဆုံးအဖြတ်ပေး သောကြောင့် အမျိုးသမီးများအတွက် သွယ်ဝိုက်စွာ အကျိုး သက်ရောက်မှုများ ရှိသည်။

ဘဏ္ဍာရေးအစီအစဉ်တွင် သုံးစွဲမည့်ပမာဏသည် နိုင်ငံတစ်ခုချင်း လိုအပ်ချက်အပေါ်လိုက်၍ သီးသန့်ချမှတ်ရမည် ဖြစ်သည်။ အကြောင်းအရင်းမှာ နိုင်ငံပေါ်လိုက်၍ ကျန်းမာရေးနှင့် စီးပွားရေးရာ အကျပ်အတည်းများ၏ သဘော သဘာဝများ ကွဲပြားသောကြောင့်ဖြစ်သည်။ ပံ့ပိုးရေးရာ အစီအစဉ်များသည်လည်း အကျပ်အတည်း ကြောင့် ဖြစ်ပေါ်သည့် ရလဒ်ကွာဟာမှု ပမာဏ(ဖြစ်ပေါ်နိုင်ချေရှိသော ရလဒ် နှင့် အမှန်စင်စစ်ရလဒ်အကြား)အား ချိန်ကိုက် ရန် လိုအပ်ပေသည်။ အကောင်းဆုံးသော ရလဒ်ရရှိစေရန် ဘဏ္ဍာရေးရာ သုံးစွဲမည့်အစီအစဉ်များအား တည်ဆဲ ဘတ်ဂျက်အသုံးစရိတ်များမှ ပြန်လည်လျာထားခြင်းမျိုးထက် လျာထားချက်အသစ်များမှ သုံးစွဲသင့်သည်။ သို့သော် လည်း အချို့နိုင်ငံများနှင့် ဖွံ့ဖြိုးရေးအေဂျင်စီများ အနေဖြင့် တည်ရှိဆဲဘတ်ဂျက်များမှ ရန်ပုံငွေများကိုသာ ရွေးချယ်ခဲ့ ကြသည်။ ဥပမာ-တောင်အာဖရိကနှင့် အိန္ဒိယနိုင်ငံတို့၏ ဘဏ္ဍာရေးရာ အစီအစဉ်များတွင် ရန်ပုံငွေ ပြန်လည်လျာထားချက်များ ပါဝင်သည်။ ထိုကဲ့သို့ ရန်ပုံငွေများအား ပြန်လည်လျာထား သုံးစွဲပါက ဘဏ္ဍာရေးရာ အစီအစဉ်များ၏ စုစုပေါင်း ဝယ်လိုအားနှင့် အလုပ်အကိုင်များအပေါ် အကျိုးသက်ရောက်မှု ပိုမိုနည်းပါးလိမ့်မည်။ ငွေကြေးလည်ပတ်ပေးနိုင်သော အဖွဲ့ သို့မဟုတ် ပြင်ပအထောက်အပံ့ မရရှိသော နိုင်ငံများအနေဖြင့် ပြန်လည် လျာထားချက်များကို ရှောင်ကြဉ်နိုင်ရန် အလို့ငှာ အခြားသောကဏ္ဍများမှ နုတ်ယူသုံးစွဲရမည်ဖြစ်ပြီး ၎င်းတို့အား ကောင်းစွာဦးတည်ရွေးချယ်နိုင်ရမည်ဖြစ်သည်။ နိုင်ငံများအနေဖြင့် ထိုသို့ နုတ်ယူသုံးစွဲခြင်းအား မှန်ကန်စွာ လမ်းညွှန်ရန် ဦးစားပေးရည်မှန်းချက်များ ထည့်သွင်းစဥ်းစားရမည်ဖြစ်သည်။ ဥပမာ - အနည်းဆုံးအနေဖြင့် တန်းတူမညီမျှမှုများ မြင့်တက်ခြင်းမရှိစေရန် (စံနှုန်းအရ တန်းတူမညီမျှခြင်းများ လျော့ကျသွားစေရန်)၊ ရာသီဥတု ပြောင်းလဲမှုအား ရင်ဆိုင်ဖြေရှင်းရန်စီမံချက်များအား ဦးစားပေးသင့်ပြီး ၎င်းစီမံချက်များအတွက် ရန်ပုံငွေများမှ ဖြတ်တောက်သုံးစွဲမှုတွင် မပါဝင်စေရန် ကာကွယ်ထားသင့်သည်။

ဘဏ္ဍာရေးရာအစီအစဉ်များတွင် တိုက်ရိုက် ဘတ်ဂျတ်ထောက်ပံ့မှု (သုံးစွဲမှုနှင့် အခွန်သက်ညှာခွင့်များ) အပြင် ပြည်သူ့ရေးရာ ချေးငွေများ၊ ထောက်ပံ့ကြေးများနှင့် ချေးငွေအာမခံများများ ပါဝင်သည်။ ဘဏ္ဍာရေး အစီအစဉ်များ ၏ သုံးစွဲရန်အတွက် လျာထားသည့် အစိတ်အပိုင်းများသည် ဆတိုး တိုးပွါးသည့် အကျိုးသက်ရောက်မှုနှင့် စုပေါင်းထားသည့် တောင်းဆိုချက်များနှင့် အလုပ်အကိုင်များအပေါ် လှုံ့ဆော်ပေးနေချိန်တွင် ချေးငွေများနှင့် ထောက်ပံ့ကြေးများ၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုသည် သတ်မှတ်ထားသည့် ငွေကြေးလက်ခံသူများမှ မည်မျှထုတ်ယူသုံးစွဲသည်ဆိုသည့် အပေါ်တွင် မူတည်နေသည်။

6 ၁၆ IMF မူဝါဒ ခြေရာခံမှု https://www.imf.org/en/Topics/imf-and-covid19/Policy-Responses-to-COVID-19#S. ၂၀၂၀ခုနှစ် မေလ ၂၆ တွင် ကြည့်ရှုခဲ့သည်။

ဈေးငွေအာမခံအား ဘဏ္ဍာရေးရာအစီအစဥ်များကို ခန့်မှန်းရာတွင် ထည့်သွင်းစဥ်းစားသင့်မသင့်သည်လည်း အငြင်းပွါးဖွယ်ဖြစ်သည်။ ဈေးငွေအာမခံများအား နောင်တွင် ပြန်လည်ပေးဆပ်ရမည်ဆိုပါက ၎င်းတို့သည် အစိုးရများအား အရဲစွန့်မှုများနှင့် ကြုံတွေ့စေနိုင်သည်။ သို့သော်လည်း ၎င်းတို့သည် ဘဏ္ဍာရေးရာ ဘတ်ဂျက်များ အပေါ် လက်ငင်းဝန်ထုပ်ဝန်ပိုးများ မဖြစ်စေသောကြောင့် သုံးစွဲမှု၊ ဈေးငှားမှုနှင့် ထောက်ပံ့ငွေ စီမံချက်များနှင့် ယှဥ်လျှင် ပြည်သူ့ဘဏ္ဍာငွေအပေါ်တွင် ရေတိုအတွင်း မတူညီသည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင် သည်။

ပြည်သူ့ဘဏ္ဍာရေးမှ ယိုစိမ့်မှုများအား ထိန်းချုပ်နိုင်ရန်အတွက် ဝင်ငွေနည်းပါးသောနိုင်ငံများရှိ အခွန် သက်သာခွင့်စီမံချက်များမှ ဝင်ငွေနည်းပါးသော အိမ်ထောင်စုများနှင့် ဝင်ငွေအလယ်အလတ်ရှိသော အိမ်ထောင်စုများအား ဦးတည်ထောက်ပံ့မှုများမှ အကျိုးအမြတ်ရရှိနိုင်သည်။ တစ်ဖက်တွင်လည်း အခွန်ကင်းလွတ်ခွင့်များစွာ ပေးလိုက်သည့်အတွက် ကျန်းမာရေးနှင့် အခြားသော ကိုဗစ်ဆိုင်ရာ အသုံးစရိတ်များအား ရန်ပုံငွေထောက်ပံ့ရန် လိုအပ်သော အခွန်ဘဏ္ဍာများဆုံးရှုံးနိုင်ဖွယ်ရှိသည်။ ကုန်သွယ်ရေးလုပ်ငန်းများ နှင့် လူတစ်ဦးချင်း ဝင်ငွေခွန်များ အား ယေဘုယျ လျှော့ချပေးခြင်းသည် လက်ရှိအကျပ်အတည်းနှင့် သင့်တော်မှုမရှိချေ။ ကော်ပိုရေးရှင်းများနှင့် ဝင်ငွေများသော အိမ်ထောင်စုများတွင် ဝင်ငွေများအား သိသိသာသာပိုမို စုဆောင်းထားနိုင်သောကြောင့် စီးပွား ရေးအကျပ် အတည်းများအား ကြံ့ကြံ့ခံနိုင်သည်။

ဘဏ္ဍာငွေ လည်ပတ်ရန်နေရာ သို့မဟုတ် ပြင်ပအထောက်အပံ့မရှိသော ဆင်းရဲသော နိုင်ငံများအတွက် အခြား ဘဏ္ဍာဝင်ငွေရနိုင်သော အရင်းအမြစ်များဖြင့် ဆက်လက်ထိန်းသိမ်းထားနိုင်သည်။ အကျပ်အတည်း၏ ဝန်ထုပ်ဝန်ပိုးများအား ဝေမျှဆောင်ရွက်ရန်၊ တန်းတူမညီမျှခြင်းများအား ထိန်းချုပ်ရန်နှင့် ဘဏ္ဍာရေးအခွင့်အလမ်းများ ဖန်တီးရန် စသည့် ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန် Solidarity Tax ဟူသော အခွန်အမျိုးအစားကို ဝင်ငွေအမြင့်ဆုံး ရရှိသူများထံမှ ကောက်ခံခြင်းဖြစ်သည်။ ဤအခွန်များသည် ယာယီကောက်ခံခြင်းဖြစ်ပြီး ထိုငွေများအား ပြန်လည်ဖြန့်ဝေပေးပါသည်။ အခြားသော ဝင်ငွေဘဏ္ဍာများဖြစ်သည့် ချမ်းသာကြွယ်ဝမှုနှင့် အမွေဆက်ခံမှုအပေါ် ကောက်ခံသည့် အခွန်များကိုလည်း ဆက်လက်လုပ်ဆောင်သင့်သည်။[၁၇][7] ကာဗွန်နှင့် အခြားသောသဘာဝပတ်ဝန်းကျင် အခွန်များအားလည်း ကောက်ခံရန်ထည့်သွင်းစဥ်းစားခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုအား လျှော့ချရန်ရည်မှန်းချက်နှင့် ကျန်းမာရေးနှင့် စီးပွားရေးရာ အကျပ်အတည်းများ၏ အကျိုးသက်ရောက်မှုများ လျှော့ချရေး ဘတ်ဂျက်များကိုလည်း ထောက်ပံ့နိုင်မည်။ နယ်စပ်လှုပ်ရှားဆောင်ရွက်မှုနှင့် ကမ်းလွန်ပစ္စည်းများအပေါ် အခွန်ကောက်ခံခြင်း ဖြင့်လည်း အပိုဘဏ္ဍာငွေ ရရှိနိုင်သည်။ ထိုသို့ထပ်မံ ပြုပြင်ပြောင်းလဲမှုများတိုးမြှင့်နိုင်ရန် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားရေးများမှ ထောက်ပံ့မှုနှင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုများ အပါအဝင် အပြည်ပြည်ဆိုင်ရာ အခွန်ကော်ပိုရေးရှင်း၏ ညှိနှိုင်း ဆောင်ရွက်ပေးမှု လိုအပ်သည်။ အခြားအလားအလာရှိသည့် စီမံချက်များမှာ အကျပ်အတည်းအတွင်း ရှာဖွေရရှိသော ထပ်တိုးဝင်ငွေများအတွက် အခွန်ငွေ ပြန်လည်ပေးဆောင်ခြင်းဖြစ်သည်။ အခွန်ကောက်ခံခြင်းဖြင့် ပေးထားသောငွေအား ပြန်လည်ရရှိအောင်လုပ်သည့်စနစ်ကိုလည်း ရေးဆွဲကာ တန်းတူညီမျှမှုမရှိခြင်းအား လျှော့ချခြင်းစသည့် ထပ်ဆင့်ရည်မှန်းချက်များအား ရရှိနိုင်သည်။

ဘဏ္ဍာရေးရာမူဝါဒအပြင် ငွေကြေးစီမံချက်များ ပြည့်စုံလာစေရန် အစိုးရများအနေဖြင့် ငွေကြေးမူဝါဒ တိုးချဲ့ခြင်းများ (အတိုးနှုန်းလျှော့ချသည့် မူဝါဒ)နှင့် အခြားဗဟိုဘဏ် ကူညီမှုများ အပေါ် အားထားနိုင်သည်။ ဗဟိုဘဏ် အများအပြားအနေဖြင့် အတိုးနှုန်းများအား လျှော့ချပြီးဖြစ်သည်။ [၁၈][8]

---

[7] ၁၇ Landais, C.,E. Saez, and G. Zucman. (2020). " ဥရောပ ကိုဗစ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများအား ရန်ပုံငွေ ထောက်ပံ့နိုင်ရန် ဥရောပ ချမ်းသာကြွယ်ဝမှုခွန် ကောက်ခံမှု တိုးတက်လာပုံ" Vox CEPR မူဝါဒ မုခ်ဝ https://voxeu.org/article/progressive-european-wealth-tax-fund-european-covid- response

[8] ၁၈ IMF မူဝါဒစောင့်ကြည့်မှု၊ Ibid

သီရိလင်္ကာအပါအဝင် အချို့သောနိုင်ငံများသည် သတ်မှတ်ထားသည့် ကဏ္ဍများအတွက် ဘဏ်ချေးငွေများအား ပြန်လည်ပေးဆောင်ရန်အား တရားဝင်ဆိုင်းငံ့ပေးထားကြောင်း ကြေညာထားသည်။၁၉ [9] ထို့အပြင် အခြားအရာများ ဖြစ်သည့် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် အစိုးရအတွက် သီးသန့်ငွေသားအချိုးနှင့် ဘဏ်လုပ်ငန်းမှ ထပ်ဆောင်း ရရှိထားသည့် မတည်ငွေလိုအပ်ချက်များ၊ ချေးငွေ အာမခံများနှင့် တိုက်ရိုက်ချေးငှားခြင်းများ လျှော့ချပေးခြင်းများ ပါဝင်သည်။

ဗဟိုဘဏ်များ၏ အခြားသောငွေကြေးရေးရာ မူဝါဒများအား ကျင့်သုံးလိုစိတ်ရှိမှုသည် စီးပွားရေးရာ အကျပ်အတည်း များ ရင်ဆိုင်ဖြေရှင်းရာတွင် အရေးကြီးသော သက်ရောက်မှုများရှိနိုင်သည်။ ချေးငွေအာမခံချက်များအနေဖြင့် ဥပမာ - ပုဂ္ဂလိကဘဏ်များအား မဟာဗျူဟာမြောက်သော ကဏ္ဍများ သို့မဟုတ် အဖွဲ့များဖြစ်သာ MSEများ နှင့် အမျိုးသမီး လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများကို ငွေချေးပေးရန်အတွက် အခွင့်အရေးများပေးကာ ဆွဲဆောင်နိုင် ကြ သည်။ ဤအာမခံချက်များအနေဖြင့် ပုဂ္ဂလိကဘဏ်များအား  ချေးငွေပေးဆောင်သူများထံ ချေးငှားစရိတ်လျှော့ချ ပေးခြင်းအားဖြင့်  ၎င်းတို့၏စွန့်စားမှုများအား လျှော့ချနိုင်သည်။ ထို့အပြင် ချေးငွေအာမခံချက်များမှာ အပေါင်ပစ္စည်း များအတွက် အစားထိုးကာ အကြွေးယူနိုင်သောကြောင့် အလွတ်သဘောစီးပွားရေးကဏ္ဍများအား တရားဝင်ကဏ္ဍ များ အဖြစ် ဖော်ဆောင်နိုင်ချေရှိသည်။

ဗဟိုဘဏ်များအနေဖြင့် အခြားအသုံးပြုနိုင်သောအချက်တစ်ခုမှာ ပိုင်ဆိုင်မှုအခြေခံသည့် သီးသန့်လိုအပ်ချက်များ (ARRs)ဖြစ်သည်။ ဤသို့ပြုလုပ်မည်ဆိုပါက ARRs များအနေဖြင့် ပုဂ္ဂလိကဘဏ်များမှ ၎င်းတို့ဖော်ဆောင်ကာ ဦးစားပေးထားသော ကဏ္ဍများအတွက် ချေးငွေများ၏ သတ်မှတ်ထားသော ပမဏတစ်ခုအား ဖယ်ထားရန် သို့မဟုတ် အတိုးမပေးရဘဲ ထိန်းသိမ်းထားသည့် အကောင့်အများရှိ ၎င်းတို့၏ ပိုင်ဆိုင်မှုများ၏ တူညီသောပမာဏ အား ကိုင်ဆောင်ထားရမည်ဖြစ်သည်။ ဤနည်းလမ်းမှာ ဦးစားပေးကဏ္ဍများအား တိုက်ရိုက်အကြွေးပေး ရာတွင် ပြုပြင်ပြောင်းလဲရန် လွယ်ကူသည့် ထပ်တိုးနည်းလမ်းတစ်ခုဖြစ်သည်။

အတိုချုံးပြော၍လျှင် ဗဟိုဘဏ်များ၏ အကြွေးလျှာထားချက်ဆိုင်ရာ မူဝါဒများသည် အသေးစားငွေချေး လုပ်ငန်း များနှင့် MSEများ အပါအဝင် (၎င်းတို့သည့် အမျိုးသမီးများ၏ ငွေကြေးဆိုင်ရာ ပါဝင်နိုင်မှုနှင့် အလုပ်အကိုင်ရရှိနိုင်မှု တို့အပေါ် အလွန်အရေးပါသည်) မတူညီသော စီးပွားရေးကဏ္ဍများအတွင်းရှိ အကြွေးများလည်ပတ်မှုအား ညွှန်ကြား နိုင်သည်။ ထို့အပြင် အထက်တွင်ဖော်ပြထားသည့်အတိုင်း ဗဟိုဘဏ်များအနေဖြင့် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်ပြီး (အချို့တွင်လည်းရှိပြီးဖြစ်သည်။) ငွေချေးလုပ်ငန်းများအား အမျိုးသမီးများ ပိုင်ဆိုင်သော လုပ်ငန်း များ အပါအဝင် ငွေချေးငှားထားသူအားလုံးအတွက် အကြွေးများတရားဝင်ဆိုင်းငံ့ထားမှုခွင့်ပြုသော လမ်းညွှန်ချက် များ ဖြစ်သည်။ အထွေထွေအတွင်းရေးမှူး၏ လှုပ်ရှားဆောင်ရွက်မှု ကြေညာချက်နှင့်အညီ UN Women ၊ ILO နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များအား အမျိုးသမီးများအပေါ် ရင်းနှီးမြုပ်နှံ နိုင်သော ငွေကြေး လည်ပတ်မှု နေရာများအား တိုးမြှင့်ပေးပြီး ကျား၊မဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုရှိသည့် မူဝါဒများပါဝင် သည့် အသေးစားစီးပွားရေးရာ မူဝါဒများ အား အားပေးထောက်ခံပေးရန် အကြံပြုထားသည်။

---

[9] ၁၉ IMF မူဝါဒစောင့်ကြည့်မှု၊ *Ibid.*

## ၄။ ကျား၊မရေးရာ ရှုထောင့်မှ ဘဏ္ဍာရေးရာ တည်ငြိမ်ရေးနှင့် ပံ့ပိုးရေး အစီအစဥ်များအား ဆန်းစစ်ခြင်း

နိုင်ငံများ စတင်ကျင့်သုံးသော ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးရေးအစီအစဥ်များအပေါ် သုံးသပ်ချက်မှ နိုင်ငံများစွာသည် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ပံ့ပိုးခြင်းထက် ဆင်းရဲချို့တဲ့သော အိမ်ထောင်စုများ အပါအဝင် ထိခိုက်လွယ်သော အုပ်စုများအပေါ် အကျိုးသက်ရောက်မှုများအား လျှော့ချနိုင်ရန်/နည်းပါးစေရန် ကဏ္ဍများတွင် ပိုမိုအလေးထားကြောင်း တွေ့ရှိရသည်။ အမျိုးသမီးများနှင့် မိန်းကလေးများအား မည်သို့ပံ့ပိုးမည်နှင့် ကျား၊မ ရေးရာ တန်းတူညီမျှမှုများအတွက် မည်သို့ဆောင်ရွက်မည်မှာမူ ရှင်းလင်းပြတ်သားမှု မရှိသေးပေ။ ဤအခြေအနေတွင် ကဏ္ဍငါးခုရှိမူဝါဒများမှာ အထူးအရေးကြီးပြီး၊ ၎င်းတို့မှာ သက်မွေးဝမ်းကျောင်းများ၊ လူမှုကာကွယ်စောင့် ရှောက်ရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး နှင့် ပြည်သူ့အခြေခံအဆောက်အအုံနှင့် အိမ်ရာတို့ပင်ဖြစ်သည်။ ဤအခန်းတွင် အမျိုးသားအဆင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးရေးအစီအစဥ်များအပေါ် ကျား၊မတန်းတူညီမျှရေး ရှုထောင့်မှ ဆန်းစစ်နိုင်ရန် မေးမြန်းရမည့် အဓိကမေးခွန်းများနှင့် ညွှန်းကိန်းများကို လမ်းညွှန်ပေးပါမည်။ အသုံးစရိတ်နှင့် ဆက်စပ်သော အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများနှင့် ၊ လုပ်ထုံးလုပ်နည်းများ၊မူဝါဒများနှင့် ဆက်စပ်သော အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများဟူ၍ ညွှန်းကိန်း အမျိုးအစား (၂ ) မျိုး ဖော်ပြထားပါသည်။

### က) သက်မွေးဝမ်းကျောင်းမှုများ

#### ၁) အလုပ်ခန့်အပ်ခြင်းနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ မူဝါဒများ

COVID 19 ဆိုင်ရာ စီးပွားရေးအကျပ်အတည်းသည် အလုပ်သမားဈေးကွက်အတွင်းရှိ အမျိုးသမီးများ အပေါ်သို့ မမျှတစွာ အကျိုးသက်ရောက်မှုရှိနိုင်သည်။ လက်ရှိတွင် အမျိုးသမီးများသည် တစ်ကမ္ဘာလုံး၏ ကျန်းမာရေး နှင့် လူမှုရေးကဏ္ဍ (ကျန်းမာရေး၊ လက်လီဝန်ဆောင်မှုများ၊ ဧည့်ကြိုဝန် ဆောင်မှု လုပ်ငန်းများ အပါအဝင်) အတွင်းရှိ အလုပ်သမားများ၏ ၇၀ ရာခိုင်နှုန်းအဖြစ် ပါဝင်နေသည်။ ပို့ကုန်လုပ်ငန်းနှင့် ကာယလုပ်အားသုံးရသော ကုန်ထုတ် လုပ်မှုလုပ်ငန်းများ (အထည်ချုပ်များ၊ အီလက်ထရောနစ်များ၊ အထည်အလိပ်များ စသဖြင့်) တွင်လည်း အမျိုးသမီး အလုပ်သမား ပါဝင်မှု များပြားသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမျိုးသမီးအများစုသည် အလွတ်သဘော စီးပွားရေးများတွင် အလုပ်လုပ်ကိုင်လျက် ရှိကြသည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် အမျိုးသမီးငယ်များအနေဖြင့် ပိုမို၍ အန္တရာယ်ရှိနိုင်သည့် လူတန်းစားထဲတွင် ပါဝင်နေပြီး ကမ္ဘာတဝှမ်းတွင် ၇၇ ရာခိုင်နှုန်းသော အမျိုးသမီးငယ်များသည် အလွတ်သဘောကဏ္ဍရှိ အလုပ်များကို လုပ်ကိုင်နေရသည်ဟု ခန့်မှန်းရပြီး အဆိုပါရာခိုင်နှုန်းသည် ဝင်ငွေနိမ့်ပါးသော နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ် နိမ့်ပါးသော နိုင်ငံများတွင် ပိုမို၍ပင် မြင့်မား သည်။[၂၀][10]

အလုပ်သမားဈေးကွက်အတွင်း အမျိုးသမီးများ၏ ပျံ့နှံ့နေမှုပုံစံသည် နိုင်ငံအပေါ်လိုက်၍ ပြောင်းလဲမှု ရှိသည်။ အမျိုးသမီးများ၏ ကဏ္ဍအလိုက်/လုပ်ငန်းအလိုက် ပါဝင်မှု/သိပ်သည်းမှုအပြင် ၎င်းတို့၏ အလုပ်အကိုင် အဆင့် သတ်မှတ်ချက်များအပေါ် ကြည့်ခြင်းအားဖြင့် အစိုးရဘဏ္ဍာ တိုးမြှင့် သုံးစွဲ သည့် အစီအစဥ်များတွင် အမျိုးသမီးများ ၏ အလုပ်အကိုင်ရရှိမှုနှင့် အလုပ်လုပ်ကိုင်ရသည့် အခြေအနေများ အပေါ် အကျိုးသက်ရောက်မှုများအား ဖြေရှင်းရန် အတွက် ထိရောက်သည့် စီမံချက်များပါဝင်မှုရှိမရှိကို

---

[10] ၂၀ ILO။ (၂၀၂၀)။ "အလုပ်သမားဈေးကွက်တွင် ပါဝင်မှုမရှိခြင်းအား ကာကွယ်ခြင်း။ ကိုဗစ်-၁၉ အတွင်း လူငယ်များ၏ အလုပ်အကိုင်မရှိခြင်းအား ကိုင်တွယ်ဖြေရှင်းခြင်း" ILO မူဝါဒအကျဉ်း။ https://www.ilo.org/wcmsp5/groups/public/---ed_emp/documents/publication/wcms_746031.pdf

ယေဘုယျအနေဖြင့် မေးခွန်းထုတ်ရန်ရှိလာသည်။ ကုန်ကျ စရိတ်များရှိသည့် ဘဏ္ဍာရေးမူဝါဒများအပြင် လုပ်ထုံးလုပ်နည်းဆိုင်ရာ စီမံချက်ပုံစံ အများအပြားမှလည်း အလုပ် အကိုင်ရရှိနိုင်မှုအား ထောက်ပံ့ပေး နိုင်သည်။ ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းများမှ ချေးငွေရရှိနိုင်မှု၏ အခြေအနေ တစ်ခုအဖြစ် အလုပ်သမားများ အလုပ်ဆက်လက်ပေးနိုင်ခြင်း သတ်မှတ်လိုက်ခြင်းသည် အစိုးရအတွက် "ကုန်ကျ စရိတ် မရှိသော်လည်း" ထိုကဲ့သို့ လိုအပ်မှုသည် စီးပွားရေးလုပ်ငန်းများအား ထောက်ပံ့ခြင်းအပေါ် အသုံးပြုသည့် ရံပုံငွေများ၏ အကျိုးသက်ရောက်မှုကို ပိုမိုကျယ်ပျံ့လာစေနိုင်သည်။

*အရေအတွက်ဆိုင်ရာ ညွှန်းကိန်း*

အစိုးရဘဏ္ဍာ တိုးမြှင့်သုံးစွဲသည့် အစီအစဉ်များအား ဤအကျပ်အတည်းကာလအတွင်း အလုပ်အကိုင်ရရှိနိုင်မှု အပေါ် အကျိုးသက်ရောက်မှုများတွင် ကျား၊မဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများနှင့် လိုက်၍ ဆန်းစစ်အကဲဖြတ်ရန် အတွက် သတင်းအချက်အလက်အမျိုးအစား အများအပြား လိုအပ်လိမ့်မည်။

- *ကဏ္ဍများနှင့် အလုပ်အကိုင်အလိုက်* ကျား၊မ*အပေါ်လိုက်၍ ခွဲခြမ်းစိတ်ဖြာထားသည့် အလုပ်အကိုင် ဆိုင်ရာ အချက်အလက်များ* - မည်သည့် ကဏ္ဍများနှင့် အလုပ်အကိုင်အမျိုးအစားများ (ဥပမာအားဖြင့် သမာရိုးကျ သို့မဟုတ် အလွတ်တန်းလုပ်ဆောင်သော၊ လခစားအလုပ်သမား သို့မဟုတ် ကိုယ်ပိုင်အလုပ် လုပ်သူများ၊ ပုံသေစာချုပ် နှင့် ပုံသေမဟုတ်သော) တွင် အမျိုးသမီးဦးရေ သိပ်သည်းမှု များပြားသနည်း။
- စီးပွားရေး *အကျပ်အတည်းဖြစ်မှု ကဏ္ဍအလိုက်/လုပ်ငန်းအလိုက် အလုပ်အကိုင်ရရှိနိုင်မှုအပေါ် အကျိုး သက်ရောက်မှုများ* - ဤအကျပ်အတည်းအတွင်း မည်သည့်ကဏ္ဍများနှင့်အလုပ်အကိုင်များတွင် အလုပ်လက်မဲ့ ဖြစ်မှုနှုန်း အမြင့်ဆုံး ဖြစ်ပွါးခဲ့သနည်း။ ထိုကဏ္ဍများ/ အလုပ်အကိုင်များသည် အမျိုးသမီး ဦးရေ သိပ်သည်းမှုမြင့်မားသော ကဏ္ဍများ/ အလုပ်အကိုင်များ ဖြစ်ပါသလား။
- *အလုပ်အကိုင်မရှိသူများထံ တိုက်ရိုက်ထောက်ပံ့ခြင်း* - အစိုးရဘဏ္ဍာ တိုးမြှင့်သုံးစွဲသည့် အစီအစဉ်များ၏ ရာခိုင်နှုန်း မည်မျှအား အလုပ်လက်မဲ့ဖြစ်နေသော အလုပ်သမားများအတွက် အသုံးပြုရန် သတ်မှတ်ထား သနည်း။
- *လုပ်ခလစာ ထောက်ပံ့ငွေများ* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်းမည်မျှကို စီးပွားရေးလုပ်ငန်းများရှိ အလုပ်လက်မဲ့ဖြစ်မှုနှုန်းများ မြင့်တက်လာမှုအား ထိန်းချုပ်ရန်နှင့် အလုပ်သမားများအား အလုပ် ဆက်လက်ပေးနိုင်ရန်အတွက် လုပ်ခလစာ ထောက်ပံ့ငွေများအဖြစ် အသုံးပြုရန် သတ်မှတ်ထား သနည်း။ ဘဏ္ဍာရေးအစီအစဉ်များသည် အမျိုးသမီးများ အချိုးမညီမျှစွာ ခန့်အပ်ထားသည့် ကဏ္ဍများ နှင့် အလုပ်အကိုင်များအား လုပ်ခလစာ ထောက်ပံ့မှုများမှနေ၍ ခြုံငုံလုံလောက်မှုရှိမရှိအား သိရှိရန် အတွက် ဆန်းစစ်လေ့လာသင့်သည်။
- *အစိုးရအလုပ်အကိုင်များ/ အလုပ်အကိုင်ရရှိရေး အာမခံသည့် အစီအစဉ်များ* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား အစိုးရအလုပ်အကိုင်များ/ အလုပ်အကိုင်ရရှိရေး အာမခံသည့် အစီအစဉ်များ အပေါ် အသုံးပြုရန် သတ်မှတ်ထားသနည်း။ ထိုကဲ့သို့ အစီအစဉ်များမှနေ၍ အလုပ်အကိုင် မည်မျှ ပေါ်ပေါက် လာစေနိုင်မည်နည်း။
- *ထိရောက်သော အလုပ်သမားဈေးကွက်ဆိုင်ရာ မူဝါဒများ* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှ အား အလုပ်သမားများ အလုပ်အကိုင်ရှာဖွေတွေ့ရှိရေး သို့မဟုတ် အလုပ်အကိုင် တည်မြဲရေးများ အား ထောက်ပံ့ကူညီခြင်းကဲ့သို့ ထိရောက်သည့် အလုပ်သမားဈေးကွက်ဆိုင်ရာ မူဝါဒများ၏ ကုန်ကျစရိတ်

ကို ခြုံငုံလုံလောက်မှုရှိစေရန် အလို့ငှာ မည်မျှသတ်မှတ်ထားသနည်း။

*လုပ်ထုံးလုပ်နည်း/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ*

- *အလုပ်အကိုင်မရှိခြင်းအတွက် ထောက်ပံ့ငွေရရှိမှု အချိန်ကာလနှင့် ခံစားရရှိခွင့်* - အလုပ်အကိုင်မရှိခြင်း အတွက်ထောက်ပံ့ငွေများသည် အလုပ်အကိုင်မရှိမှု မြင့်မားသည့် အချိန်ကာလများအတွင်း ဆက်လက် ပေးဆောင်နိုင်ရန် ရေးဆွဲထားခြင်း ရှိပါသလား။ အလုပ်အကိုင်မရှိခြင်းအတွက် ထောက်ပံ့ငွေရရှိနိုင်ခွင့် အပေါ် ကန့်သတ်ချက်များအား ဖြေလျှော့ခြင်း ရှိပါသလား။ (ဥပမာအားဖြင့် အချို့သောနိုင်ငံများတွင် ကိုဗစ်-၁၉မတိုင်မီ အချိန်များ၌ အလုပ်အကိုင်မရှိခြင်း ထောက်ပံ့ငွေရရှိနိုင်ရန်အတွက် လက်ရှိတွင် အလုပ်ရှာဖွေနေရန် လိုအပ်သည်။ ထိုကဲ့သို့ လိုအပ်ချက်အား ယာယီဆိုင်ငံ့ထားခြင်း ရှိပါသလား။)
- *အလွတ်သဘော ကဏ္ဍများမှ အလုပ်သမားများ အကျုံးဝင်မှု* - အလုပ်အကိုင်မရှိခြင်းနှင့် ဝင်ငွေအစားထိုး ထောက်ပံ့ကြေးများအား အလွတ်သဘော ကဏ္ဍများ၊ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်သူများ၊ အချိန်ပိုင်း အလုပ်သမားများနှင့် အလွတ်တန်း အလုပ်သမားများ (အနုပညာရှင်များ၊ ဂီတပညာရှင်များ စသဖြင့်) အထိ ချဲ့ထွင်ပါဝင်ပြီး ဖြစ်ပါသလား။
- *အလုပ်ခွဲဝေခြင်း* - စီးပွားရေးကျဆင်းမှုကြောင့် ဖြစ်ပေါ်လာသည့် အလုပ်အကိုင်များ အပေါ် ဆိုးကျိုးများ အား ဖြန့်ကြက်မျှဝေနိုင်ရန်အတွက် အလုပ်ချိန်နာရီများ လျှော့ချခြင်း (အလုပ်ခွဲဝေခြင်း) အား အစိုးရက ထောက်ခံအားပေးမှု ရှိပါသလား။
- *ထိခိုက်နစ်နာမှုဆိုင်ရာ ပေးငွေ* - လူထုနှင့် ထိတွေ့နေရသည့် အလုပ်အကိုင်များတွင် မရှိမဖြစ် လိုအပ် သော အလုပ်သမားများအတွက် ထိခိုက်မှုဆိုင်ရာ နစ်နာကြေးများအတွက် ငွေကြေးထောက်ပံ့မှု အစီ အစဉ်များ ရှိပါသလား။
- *လစာဖြင့် နာမကျန်းခွင့် ရရှိနိုင်မှု* - လစာဖြင့် နာမကျန်းခွင့်အား ယခင်က ထိုကဲ့သို့ ထောက်ပံ့ပေးကြေး မရရှိခဲ့သည့် အလုပ်သမားများအတွက်ပါ တိုးမြှင့်ထည့်သွင်းထားခြင်း ရှိပါသလား။
- *လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင်ရရှိရေးဆိုင်ရာ ဝန်ဆောင်မှုများ* - ဘဏ္ဍာရေး အစီအစဉ် များ တွင် စီးပွားရေးလုပ်ငန်းများအတွက် လေ့ကျင့်သင်ကြားမှုများ ပိုမိုကောင်းမွန်လာရေးနှင့် အတတ်ပညာ များ ရရှိတတ်မြောက်လာရေးဆိုင်ရာ ထောက်ပံ့မှုများ ရှိပါသလား။ ထိုကဲ့သို့ လေ့ကျင့်သင်ကြားမှုများ အား အမျိုးသမီးများအနေဖြင့် တန်းတူညီမျှစွာ တက်ရောက်နိုင်ခွင့် ရှိပါသလား။ ဘဏ္ဍာရေး အစီအစဉ် များတွင် အလုပ်အကိုင်ရရှိရေး ဝန်ဆောင်မှုများ ပါဝင်ပါသလား (ဥပမာ အလုပ်အကိုင် ရှာဖွေရေး ကူညီ ပေးခြင်း၊ ပြန်လည်နေရာ ချထားခြင်း)။
- *လုပ်ငန်းခွင် လုံခြုံရေး* - အလုပ်ရှင်များအနေဖြင့် လူထုနှင့် ထိတွေ့နေရသည့် အလုပ်သမားများနှင့် ကွင်းဆင်းဆောင်ရွက်နေရသော လုပ်ငန်းခွင်များတွင် တစ်ကိုယ်ရည်ကာကွယ်မှု အသုံးအဆောင်များ (PPE) ပေးဆောင်ရန် လိုအပ်ပါသလား။ အမျိုးသမီးဦးရေ များပြားသည့် လုပ်ငန်းများနှင့် ကဏ္ဍများတွင် ထိုကဲ့သို့ လိုအပ်ချက်များ ရှိပါသလား။ စီးပွားရေးလုပ်ငန်းများသို့ စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန် ချက်များနှင့်လုံခြုံသောလုပ်ငန်းခွင်ဆိုင်ရာ အလေ့အကျင့်များရေးဆွဲ၍ ဖြန့်ဝေပေးထားခြင်း ရှိပါသလား။
- *အခြေအနေအပေါ်မူတည်သည့် ဆောင်ရွက်ချက်များ* - စီးပွားရေးများက လစာဖြင့် မိသားစု ခွင့်ရက် များ တိုးမြှင့်ပေးမှု သို့မဟုတ် လစာမဲ့ပြုစုစောင့်ရှောက်ရေးရာ တာဝန်များအား လိုက်လျော ကူညီ

သည့်အနေဖြင့် လစာမဖြတ်ဘဲ အလုပ်ချိန်လျှော့ချပေးမှုစသည်များအပေါ် လိုက်၍ အစိုးရ ထောက်ပံ့ပေးမှုများကို ရရှိပါသလား။ အလုပ်ရှင်များအနေဖြင့် အစိုးရမှထောက်ပံ့ငွေများနှင့် အလုပ်သမားများအား အလုပ်အကိုင်ဆက်လက် ပေးထားနိုင်သည့် အခြေအနေရှိပါသလား။

| **အလုပ်အကိုင် ရရှိရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာ မူဝါဒများ** | |
|---|---|
| **အရေအတွက်ဆိုင်ရာ ညွှန်းကိန်း** | **လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ** |
| • အကျပ်အတည်းမှနေ၍ ကျား၊မအခြေပြု အလုပ်အကိုင်ရရှိမှုအပေါ် အကျိုးသက်ရောက်မှု | • အလုပ်အကိုင်မရှိခြင်းအတွက် ထောက်ပံ့ငွေရရှိမှု အချိန်ကာလနှင့် ရရှိနိုင်ခွင့် |
| • ဝင်ငွေ ထောက်ပံ့မှုများ | • အလွတ်တန်းလုပ်ဆောင်သော ကဏ္ဍများအတွက် ထောက်ပံ့မှုများ၏ သက်ရောက်မှုနယ်ပယ် |
| • လုပ်ခလစာ ထောက်ပံ့ငွေများ | • အလုပ်ခွဲဝေခြင်း |
| • အစိုးရ အလုပ်အကိုင်များ | • ထိခိုက်မှုဆိုင်ရာ ပေးငွေ |
| • ထိရောက်သည့် အလုပ်သမားဈေးကွက်ဆိုင်ရာ မူဝါဒများ | • လစာဖြင့် နာမကျန်းခွင့် ရရှိနိုင်မှု |
| | • လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင်ရရှိရေးဆိုင်ရာ ဝန်ဆောင်မှုများ<br>• အခြေအနေအပေါ်မူတည်သည့် ဆောင်ရွက်ချက်များ |

## ၂) စီးပွားရေးလုပ်ငန်းများအပေါ် ထောက်ပံ့မှုများ

အစိုးရမှ ငွေကြေးအခက်အခဲဖြစ်မှုအပေါ် ထောက်ပံ့မှုများနှင့် အခြားထောက်ပံ့မှုဆိုင်ရာ လုပ်ဆောင်ချက်များသည် အကြီးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက်သာမက အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များစွာ ရှိသည့် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် ယေဘုယျအားဖြင့် အမျိုးသမီးဦးရေမြင့်မားသည့် ကဏ္ဍများ၏ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးသင့်သည်။ ကျား၊မ တန်းတူညီမျှမှုရှိသည့် စီးပွားရေးလုပ်ငန်းများအပေါ် ထောက်ပံ့မှု များအတွက် ဘဏ္ဍာရေးအစီအစဉ်များအား စီစစ်အကဲဖြတ်ရာတွင် အောက်ဖော်ပြပါ ညွှန်းကိန်းများအား အသုံးပြု နိုင်သည်။

*အရေအတွက်ဆိုင်ရာ ညွှန်းကိန်း*

- *ပုံသေကုန်ကျစရိတ်များအပေါ် ထောက်ပံ့မှုများ* - စီးပွားရေးလုပ်ငန်းများအပေါ် ထောက်ပံ့မှုများ၏ ရာခိုင်နှုန်း မည်မျှသည် ပုံသေကုန်ကျစရိတ်များဖြစ်သည့် လျှပ်စစ်မီး၊ ရေနှင့် ငှားရမ်းခ အစရှိသည်တို့ အပေါ် လုံလောက်မှုရှိသည်ကို သတ်မှတ်ပါ။
- *အသေးစား* စီးပွားရေး*လုပ်ငန်းများ (MSEs)အတွက် ထောက်ပံ့မှုများ* - စီးပွားရေးလုပ်ငန်းများအတွက် ထောက်ပံ့မှုများ (ချေးငွေများ)၏ ရာခိုင်နှုန်း မည်မျှသည် အသေးစား စီးပွားရေးလုပ်ငန်းများ၊ အနည်းစုနှင့် အမျိုးသမီးများပိုင်ဆိုင်သည့် (MWO) စီးပွားရေးလုပ်ငန်းများအတွက် သတ်မှတ်ထားသည်ကို ဖော်ထုတ် ပါ။ MWO စီးပွားရေးလုပ်ငန်းများအတွက် ဝေစုသည် နိုင်ငံအတွင်း MWO စီးပွားရေးလုပ်ငန်းများနှင့် အချိုး ညီမျှမှု ရှိပါသလား။
- *အမျိုးသမီးများ လွှမ်းမိုးထားသည့် ကဏ္ဍများအတွင်းရှိ* စီးပွားရေး*လုပ်ငန်းများအတွက် ထောက်ပံ့မှုများ* - အမျိုးသမီးအလုပ်သမား ဦးရေများပြားသည့် ကဏ္ဍများအတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေး ထောက်ပံ့မှုရာခိုင်နှုန်း မည်မျှဖြစ်သနည်း။

*လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ*

- *ချေးငွေ အာမခံများ* - MSE များနှင့် MWO များအား ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းလျော့၍ ငွေချေးစေ ရန်အတွက် ချေးငွေအာမခံများ ကမ်းလှမ်းပေးပါသလား။
- *ထောက်ပံ့ကြေးများ* - MSE များနှင့် MWO များအတွက် ချေးငွေများအား ထောက်ပံ့ကြေးများအဖြစ် ပြောင်းလဲနိုင်သည့် အခြေအနေများ ရှိပါသလား။ MSE များနှင့် MWO များမှ အတိုးနှုန်းလျော့နည်းသည့် ချေးငွေများ ရရှိနိုင်ပါသလား။
- *အခွန် လျှော့ချခြင်း/ ဆိုင်းငံ့ခြင်းများ* - စီးပွားရေးလုပ်ငန်းများ၏ အခွန်နှုန်းများနှင့် MSE များအတွက် လူမှုဖူလုံရေး ကဲ့သို့ အခြားသော လူမှုထည့်ဝင်ငွေများအပေါ် ယာယီသက်ညှာခွင့်များ ပြဋ္ဌာန်းထားခြင်း ရှိပါသလား။
- *ရံပုံငွေများ သုံးစွဲမှုအပေါ် ကန့်သတ်ချက်များ* - အလုပ်ရှင်များအနေဖြင့် အစိုးရ၏ ထောက်ပံ့ကြေးများ/ ချေးငွေများအား မန်နေဂျာများနှင့် ကြီးကြပ်ရေးမှူးများအတွက် ဆုကြေး/ဘောက်ဆူးငွေများ၊ အစုရှယ် ရာ ပြန်လည်ဝယ်ယူမှုများနှင့် လစာတိုးမြှင့်ပေးမှုများတွင် အသုံးပြုခြင်းမှ တားမြစ်ထားခြင်း ရှိပါသလား။ အလုပ်ရှင်များအနေဖြင့် နာမကျန်းဖြစ်နေသည့် မိသားစုဝင်များအား ပြုစုစောင့်ရှောက်ခြင်း အပါအဝင် ကျန်းမာရေးအကြောင်းပြချက်များကြောင့် အလုပ်မလုပ်နိုင်သည့် အလုပ်သမားများအား အလုပ်မှ ထုတ်ပယ် ရန် တားမြစ်ထားခြင်း ရှိပါသလား

| စီးပွားရေးလုပ်ငန်းများအပေါ် ထောက်ပံ့မှုများ | |
|---|---|
| **အရေအတွက်ဆိုင်ရာ ညွှန်းကိန်း** | **လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ** |
| • ပုံသေကုန်ကျစရိတ်များအပေါ် ထောက်ပံ့မှုများ | • ချေးငွေအာမခံများ |
| • MSE များနှင့် WMO များအပေါ် ထောက်ပံ့မှုများ | • ထောက်ပံ့ကြေးများ/ အတိုးနှုန်းလျှော့နည်းသည့် ချေးငွေများ |
| • အမျိုးသမီးဦးရေ များပြားသည့် ကဏ္ဍများအတွင်းရှိ စီးပွားရေးလုပ်ငန်းများအပေါ် ထောက်ပံ့မှုများ | • အခွန် လျှော့ချခြင်း/ ဆိုင်းငံ့ခြင်းများ |
| | • ရံပုံငွေများ သုံးစွဲမှုအပေါ် ကန့်သတ်ချက်များ |

## ခ) လူမှုကာကွယ်စောင့်ရှောက်ရေး

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူမှုဘဝတစ်လျှောက်အတွင်း ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှုများအား လျှော့ချရန်နှင့် တားဆီးရန် ရေးဆွဲထားသည့် မူဝါဒများနှင့် အစီအစဉ်များကို ဆိုလိုသည်။[၂၁][11] လူမှုကာကွယ်စောင့်ရှောက်ရေးသည် အောက်ပါကဏ္ဍ (၃) ခုအောက်တွင် အကျုံးဝင်သည်။ လူမှုရေးထောက်ပံ့မှု (အထောက်အကူ မဖြစ်သည့် အစီအစဉ်များအပေါ် အခြေခံထားသည်)၊ လူမှုရေးအာမခံ (အထောက်အကူဖြစ်သည့် အစီအစဉ်များမှ ရန်ပုံငွေချထားပေးသည်)၊ နှင့် အလုပ်သမားဈေးကွက် ကာကွယ်စောင့်ရှောက်ရေး (အလုပ်လက်မဲ့ ဖြစ်သူများ အတွက် အာမခံစနစ်ထားပေးခြင်း စသဖြင့်) တို့ဖြစ်ကြသည်။[၂၂][12] ကျွန်ုပ်တို့အနေဖြင့် ပထမ ကဏ္ဍ (၂)ခု အား ဤအပိုင်းတွင် ဆွေးနွေးသွားမည်ဖြစ်ပြီး အလုပ်သမားဈေးကွက်ကာကွယ် စောင့်ရှောက်ရေးအပေါ် ဆွေးနွေးတင်ပြချက်များအနက် သက်မွေးဝမ်းကျောင်းမှုအပိုင်းကို စာဖတ်သူများအား ရည်ညွှန်းလိုပါသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး ပိုမိုအားကောင်းလာစေရန် ရုတ်တရက်ဖြစ်ပေါ်လာသော အလုပ်လက်မဲ့ မြင့်တက်လာခြင်း နှင့် စီးပွားရေး မတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ဝင်ငွေဆုံးရှုံးမှုများ၏ ရေတိုအကျိုးသက်ရောက်မှုများအား လျှော့ချနိုင်ရန်အတွက် ဘဏ္ဍာရေး ပံ့ပိုးမှုများကို တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းဆောင်ရွက်ရန် အရေးပါသည်။ လွန်ခဲ့သော နှစ် (၂၀)အတွင်း သိသာသည့် တိုးတက်မှုများ ရှိခဲ့သော်ငြားလည်း လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များအတွင်းတွင် ကျား၊မရေးရာ ကွာဟမှုများသည် ကျယ်ပြန့်စွာ ဆက်လက်တည်ရှိနေသည်။[၂၃] [13]အမျိုးသမီးများ အကျိုးအမြတ်များ ရရှိခံစားစေရေးအတွက် ထည့်သွင်းဖော်ဆောင်ထားသော်လည်း ၎င်းတို့၏ အကျိုးအမြတ်ရရှိမှုများသည် အမျိုးသားများထက် လျှော့နည်းလေ့ ရှိကြသည်။ အမျိုးသမီးများအား အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် လုပ်သားဈေးကွက်အတွင်း အခွင့်အရေးနိမ့်ပါးမှုများကို သိသိသာသာ ဆက်လက်

---

[11] ၂၁ လတ်တလောနှစ်များအတွင်း အမျိုးသမီးမူဝါဒကျင့်သုံးသူ စီးပွားရေးပညာရှင်များမှနေ၍ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးအစားအချို့အား *လူမှုအခြေခံအုတ်မြစ်*အတွက် ရင်းနှီးမြှုပ်နှံမှုအဖြစ် စတင်သတ်မှတ်ခဲ့ကြသည်။ ကလေးသူငယ် အစောပိုင်း ပညာရေး၊ ပညာရေးနှင့် ကျန်းမာရေးတွင် ကုန်ကျငွေများသည် ဥပမာအားဖြင့် စီးပွားရေးတစ်ရပ်လုံး၏ ကုန်ထုတ်စွမ်းအားနှင့် ဝင်ငွေများ တိုးတက်မှုအပေါ်တွင် ပံ့ပိုးပေးနိုင်သည်။ ဤကဲ့သို့ ငွေကြေးသုံးစွဲမှုပုံစံသည် သုံးစွဲမှုပုံစံစစ်စစ်မဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှုတစ်ခုသာ ဖြစ်သည်။ လူအများအပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဝင်ငွေများ မြင့်တက်လာသည့်အခါတွင် အဆိုပါ အသုံးစရိတ်များအတွက် နိုင်ငံတော်အဆင့်တွင် အရင်းအမြစ်များ ပိုမိုထွက်ပိုလာသည်။ အနှစ်ချုပ်အားဖြင့် ထိုကဲ့သို့ အသုံးစရိတ်များသည် ရေလတ်အချိန်အတွက် ဘဏ္ဍာငွေလည်ပတ်ရန် နေရာတစ်ခုအား ဖန်တီးပေးသည်။ ထို့အပြင် ၎င်းရင်းနှီးမြှုပ်နှံမှုများသည် အလုပ်သမားများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်စေသောကြောင့် လူအများအပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပုဂ္ဂလိကကဏ္ဍများတွင် "crown in" ဖြစ်စေသည်။

[12] ၂၂ကျန်းမာရေးစောင့်ရှောက်မှုအတွက် သုံးစွဲခြင်းသည်လည်း လူမှုကာကွယ်စောင့်ရှောက်ရေး၏ တစ်စိတ်တစ်ဒေသအဖြစ် သတ်မှတ်ထားကြသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲအပိုင်းတွင် ဖော်ပြထားသည်။

[13] ၂၃ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (၂၀၁၈)။ "အစိုးရဝန်ဆောင်မှုများမှ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ ရရှိနိုင်မှု၊ ကျား၊မတန်းတူညီမှုအတွက် ရေရှည်တည်မြဲနိုင်သည့် အခြေခံအဆောက်အအုံနှင့် အမျိုးသမီးများနှင့် မိန်းကလေးများ၏ လုပ်ပိုင်ခွင့်အာဏာ" (၆၃) ကြိမ်မြောက် အမျိုးသမီးများ၏ အဆင့်အတန်းအပေါ် ကော်မရှင် အစည်းအဝေး။
https://undocs.org/E/CN.6/2019/3

ကြုံတွေ့နေရပြီး လုပ်ခလစာမရသည့် ပြုစုစောင့်ရှောက်မှုနှင့် အိမ်မှုကိစ္စများအား မမျှတစွာ တာဝန်ယူထားရ သော ကြောင့် အကျိုးအမြတ်ရရှိနိုင်မှုသည် အလုပ်သမားတစ်ဦး၏ အလုပ်လုပ်ကိုင်မှု သမိုင်းလမ်းကြောင်းနှင့် ခိုင်မြဲစွာ ဒွန်တွဲနေသည့် အာမခံအပေါ်အခြေခံသည့် စနစ်များတွင် အခက်အခဲများ ရင်ဆိုင်နေရသည်(အဆိုပါ စနစ်များ အား အလုံးစုံ ပိုမိုပါဝင်နိုင်ပြီး တန်းတူညီမျှစေရန်အတွက် ပြင်ဆင်ရေးဆွဲပြီး ဖြစ်နိုင်သော်လည်း)။ ဤအကြောင်းအရာ သည် အကျပ်အတည်းအတွင်း အမျိုးသမီးများ၏ဝင်ငွေအား ထောက်ပံ့ပေးရန် အတွက် ခြွင်းချက်မရှိသည့် ငွေကြေး လွှဲပြောင်းပေးမှုနှင့် ကလေးသူငယ်ဆိုင်ရာ ကူညီထောက်ပံ့ပေးခြင်းတို့ ပါဝင်သည့် လူမှုထောက်ပံ့ရေး အစီအစဉ် များ ၏ အရေးပါပုံကို ထင်ဟပ်ပြသနေသည်။

COVID 10 အကျပ်အတည်းမှနေ၍ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များအတွင်းရှိ ပုံမှန်အားဖြင့် လူမှုရေး ထောက်ပံ့မှု ရရှိလောက်သည်အထိ “မဆင်းရဲ” သော်လည်း လူမှုရေးအာမခံကြေး ပုံမှန်ပေးသွင်းနိုင်ခြင်း မရှိသော အလွတ်တန်းလုပ်ဆောင်သည့် အလုပ်သမားများအတွက် အရေးပါသည့် ဟာကွက်များအားလည်း ဖော်ထုတ်ပြသ လိုက်သည်။ ၎င်းတို့တွင် အလွတ်တန်းလုပ်ဆောင်သည့် အလုပ်အကိုင်များ (ကျပန်းနှင့် လယ်ယာစိုက်ပျိုးရေး အလုပ်သမားများ၊ ကိုယ်ပိုင်စီးပွားရေးဈေးကွက်နှင့် လမ်းဘေးဈေးသည်များ၊ နေအိမ်အခြေပြု အလုပ်သမားများ၊ အိမ်တွင်းမှုအလုပ်သမားများ)ရှိ အမျိုးသမီးအရေအတွက် အများအပြားပါဝင်သည်။ ကျား၊မဆိုင်ရာရှုထောင့်မှ ကြည့် မည် ဆိုပါက - လုပ်သားဈေးကွက်ပြင်ပတွင်ရှိနေသူများ၊ လုပ်ခလစာမရရှိသော ပြုစုစောင့်ရှောက်ခြင်းနှင့် အိမ်တွင်းမှု အလုပ်များတွင် လုပ်ကိုင်နေသူများ အပါအဝင် အလွတ်တန်းသဘောအလုပ်များတွင်ရှိနေသော အမျိုးသမီးများ အတူတကွ အားလုံးပါဝင်နိုင်မှု တိုးတက်လာစေရန်၊ လုံလောက်သော အကျိုးအမြတ် ခံစားမှုကို မြှင့်တင်စေရန်၊ အရည်အချင်းကိုက်ညီမည့် စည်းမျဉ်း စည်းကမ်းများ၊ စီမံရေးရာ လုပ်ထုံးလုပ်နည်းများ ရိုးရှင်း လွယ်ကူစေရန် စသည့် လုပ်ဆောင်ချက်များအား ဘဏ္ဍာရေးအစီအစဉ်များတွင်ပါဝင်စေခြင်းသည် အလွန် အရေးပါလှသည်။

ဤနောက်ခံအကြောင်းနှင့်ဆက်စပ်၍ နိုင်ငံအမြောက်အမြားမှ လမ်းကြောင်းမှန်ပေါ် သွားရန်အတွက် လုပ်ဆောင် ချက်များအား စတင်လုပ်ဆောင်ပြီးဖြစ်သည်။ အာဂျင်တီးနား၊ ဘိုလီဗီးယား၊ ဂျော်ဒန်၊ နာမီးဗီးယား နှင့် ထိုင်းနိုင်ငံ အပါအဝင် နိုင်ငံအများအပြားသည် အလွတ်တန်းကဏ္ဍတွင် လုပ်ဆောင်နေသည့် အလုပ်သမား များထံသို့ ငွေကြေးလွှဲပြောင်းမှုများ ပေးဆောင်နေပြီဖြစ်ပြီး အဆိုပါလုပ်ဆောင်ချက်တွင် အလုပ်လက်မဲ့ ဖြစ်သွား သော လုပ်သားများ နှင့် လူမှုဖူလုံရေး သို့မဟုတ် ထောက်ပံ့ကြေးစနစ်များတွင် စာရင်းပေးသွင်းထားခြင်း မရှိသူ များထံရည်ရွယ်၍ ငွေကြေးလွှဲပြောင်းပေးခြင်းဖြစ်သည်။[၂၄][14]ထိုကဲ့သို့ ပြုပြင်ပြောင်းလဲမှုများသည် ဘဏ္ဍာရေး အစီအစဉ်များအတွင်း ကျား၊မတန်းတူညီသည့် သုံးစွဲမှုများရှိစေရန်တွင် မရှိမဖြစ်လိုအပ်သည်။ အစိုးရ အဖွဲ့အစည်း အများအပြားမှ ထိုကဲ့သို့ လုပ်ဆောင်ချက်များသည် ယာယီသာဖြစ်ကြောင်း ဖော်ပြထားကြ သော်လည်း အားလုံးပါဝင်ပြီး ကျား၊မ ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သည့် လူမှုကာကွယ် စောင့်ရှောက်မှု စနစ်များ တွင် ရေရှည်ရင်းနှီးမြှုပ်နှံခြင်းသည် စီးပွားရေး ပြန်လည် ကောင်းမွန်လာမှုနှင့် အကျပ်အတည်း များအပေါ် ရေရှည်အားဖြင့် ခံနိုင်ရည် တည်ဆောက်မှု တို့တွင် အလွန်အရေးပါလိမ့်မည်။

အောက်ဖော်ပြပါ မေးခွန်းများနှင့် ညွှန်းကိန်းများကို အစိုးရဘဏ္ဍာ တိုးမြှင့်သုံးစွဲသည့် အစီအစဉ်များနှင့် စပ်လျဉ်း သည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ဆောင်မှုများသည် အမျိုးသမီးများ၏ မတူညီသော ထောက်ပံ့မှု လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိမရှိအား ဆန်းစစ်အကဲဖြတ်ရာတွင် အသုံးပြုနိုင်

---

[14] ၂၄ WIEGO (၂၀၂၀). “ကိုဗစ်-၁၉ အကျပ်အတည်းဆိုင်ရာ အစိုးရမှ တုံ့ပြန်ဆောင်ရွက်ချက်များ” https://www.wiego.org/government-responses- covid-19-crisis

သည်။ အထက်ပါအခန်းတွင် ဖော်ပြထားသည့်အတိုင်း ဤမေးခွန်းများကို ဖြေဆိုရန်အတွက် ဘဏ္ဍာရေး အစီအစဉ်(များ) အပေါ်ရှိ အပိုင်းအလိုက် ခွဲခြမ်းထားသော အချက်အလက်များအပြင် နိုင်ငံတစ်ခုစီအတွက် အမျိုးသမီးများနှင့် အမျိုးသားများ၏ စီးပွားရေးကဏ္ဍအတွင်း တည်နေရာများဆိုင်ရာ အချက်အလက်များ/ ဆန်းစစ်လေ့လာချက်များ (ဥပမာ အလုပ်ခန့်ထားခြင်း ကဏ္ဍတွင် လုပ်ငန်းစုများနှင့် ကုမ္ပဏီ၏အရွယ်အစား၊ သမာရိုးကျနှင့် သမာရိုးကျ မဟုတ်သော လုပ်ငန်းများတွင် ခန့်အပ်ထားခြင်းအခြေအနေ) နှင့် ကျား၊မအလိုက် ခွဲခြားဖော်ပြသော စာရင်းစာယား များ ကို တည်ရှိဆဲဖြစ်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များတွင် ပေါင်းစပ် ထည့်သွင်းရပါမည်။

## ၁) လူမှုရေး ထောက်ပံ့မှုများ

လူမှုရေး ထောက်ပံ့မှုများတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများနှင့် လူအုပ်စုအား ဝင်ငွေနှင့် အခြား အရင်းအမြစ်များကို ထောက်ပံ့မှုများ ပေးနိုင်ရန် ဖော်ဆောင်ပေးသည့် မူဝါဒများ လွှမ်းခြုံပါဝင်သည်။ လူမှုရေး ထောက်ပံ့မှု အစီအစဉ်များ၏ ရေးဆွဲထားမှုပုံစံသည် အမျိုးသမီးများအား လုံလောက်သော ထောက်ပံ့မှု ရှိမရှိနှင့် ထိုရေးဆွဲထားမှု ပုံစံအနေဖြင့် အမျိုးသမီးများမှ ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များအား လုပ်ဆောင်နိုင် စွမ်းအား ထောက်ပံ့ပေး နိုင်မှု ရှိမရှိအား ဆုံးဖြတ်ပေးမည်ဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါ မဖြစ်ပွါးမီ အချိန်တွင်ပင် တစ်ကမ္ဘာလုံးရှိ အမျိုးသမီးများအား အမျိုးသားများနှင့်ယှဉ်လျှင် ပျမ်းမျှ အားဖြင့် လုပ်ခလစာမရသည့် ပြုစုစောင့်ရှောက်မှုအလုပ်များအား နှစ်ဆကျော် ပြုလုပ်ရသည်။ စာသင်ကျောင်းများ၊ ကလေးပြုစုစောင့်ရှောက်မှုဂေဟာများနှင့် လူမှုရေး ဝန်ဆောင်မှုများ မဖွင့်ရခြင်း၊ နေအိမ်အတွင်း သက်ကြီး ရွယ်အိုများ၊ ကလေးသူငယ်များ၊ ဖျားနာသူများနှင့် အခြားမှီခိုနေသူများမှ လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများအား ဆောင်ရွက်နေရသောကြောင့် အမျိုးသမီးများအနေဖြင့် လုပ်ခလစာမရသော အလုပ်များအား လုပ်ကိုင်နေကြ ရသည်မှာ သိသာစွာတိုးမြင့်လာသည်။ ထိုကဲ့သို့ ဖြစ်ပွါးမှုသည် ဆင်းရဲနွမ်းပါးနေချိန်အား ပိုမိုမြင့်တက်လာခြင်းသာ မဟုတ်ဘဲ အမျိုးသမီးများ၏ အလုပ်အကိုင်နှင့် ရာထူးတိုးတက်နိုင်ခွင့်များအပေါ်လည်း ဆိုးရွားစွာ ထိခိုက်နိုင်သည် ဟု အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။

အချို့နိုင်ငံများအနေဖြင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပြဿနာများကိုလည်း ဖြေရှင်းနေကြ သည်။ ဥပမာအားဖြင့် ကိုစတာရီကာတွင် မရှိမဖြစ် အလုပ်သမားများအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက် ခြင်း ဆိုင်ရာ ကုန်ကျစရိတ်များအတွက် ရံပုံငွေများ ပံ့ပိုးပေးလျက်ရှိသည်။ ကနေဒါတွင် ကလေးသူငယ် ပြုစုစောင့်ရှောက်ခြင်းအား သုံးလတာ ငွေကြေးမယူဘဲ လုပ်ဆောင်ပေးလျက်ရှိသည်။၂၅ [15]ရေရှည်ကို ကြည့်မည် ဆိုလျှင် ပြုစု စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ တိုးချဲ့ခြင်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် လုပ်ခလစာမရသည့် အလုပ်အကိုင် များအား လျှော့ချရန်နှင့် ပြန်လည်နေရာချထားရန်အတွက်သာ မဟုတ်ဘဲ အမျိုးသမီးများအတွက် ကောင်းမွန်သည့် အလုပ်အကိုင်များ ဖန်တီးပေးရန်အတွက် အားကောင်းသည့် မူဝါဒ တွန်းအားပေးတစ်ခုနှင့် ကျား၊မ တန်းတူညီ၍ အားလုံးပါဝင်ပြီး ဖိစီးမှုဒဏ်ခံနိုင်သည့် ဖွံ့ဖြိုးမှုအတွက် အခြေအနေများ ဖန်တီးပေးခြင်း တို့အတွက် အလွန်အရေး ပါသည်။၂၆[16]

---

15 ၂၅ အသေးစိတ်အချက်အလက်များအတွက် Gentilini, U., M. Almenfi, P. Dale, G. Demarco, and I. Santos (၂၀၂၀). "ကိုဗစ်-၁၉ အတွင်း လူမှုရေး ကာကွယ်စောင့်ရှောက်မှုနှင့် အလုပ်အကိုင်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများ။ နိုင်ငံများ၏ လုပ်ဆောင်ချက်များအပေါ် အချိန်နှင့် တပြေးညီ ပြန်လည်သုံးသတ်ချက်" Mimeo. ကိုကြည့်ပါ https://www.ugogentilini.net/wp-content/uploads/2020/05/Country-SP-COVID-responses_May22.pdf.

16 ၂၆ ILO (၂၀၁၈). *ပြုစုစောင့်ရှောက်မှုအလုပ်များနှင့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အလုပ်များ။ ကောင်းမွန်သော အလုပ်အကိုင်များ၏ အနာဂါတ်အတွက်* ။ Kim, K., I. Iplkkaracan, and T. Kaya (2017). "လူမှုရေး စောင့်ရှောက်မှု အခြေခံအုပ်မြစ်နှင့် အလုပ်အကိုင် ဖော်ဆောင်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်း" De Henau, J., S. Himmelweit, Z. Lapniewska, and D. Perrons (၂၀၁၆). "ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ

လူသိများ သော လူမှုရေးထောက်ပံ့မှုများဖြစ်သည့် ငွေကြေး၊ဂရုဏာကြေး၊ကလေးသူငယ်ထောက်ပံ့ကြေးနှင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့ကြေးများအပြင် COVID 19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွါးနေသည့် အချိန်အတွင်းတွင် အိမ်ထောင်စုများသို့ ရေ၊ လျှပ်စစ် ကုန်ကျစရိတ်များနှင့် အင်တာနက် သုံးစွဲစရိတ်များအပေါ် ရန်ပုံငွေများ ထောက်ပံ့ခြင်းကဲ့သို့ လူမှုရေး ထောက်ပံ့မှုပုံစံများအား ကွန့်ပ်တို့အနေဖြင့် ထည့်သွင်းခဲ့သည်။ အထူးသဖြင့် ဝင်ငွေနိမ့်ပါးသော အိမ်ထောင်စုများတွင် ဝင်ငွေလျော့ကျလာမှု၏ အကျိုးဆက်အနေဖြင့် စီးပွားရေး အကျပ်အတည်းအတွင်း ၎င်းတို့၏ ရေ၊ လျှပ်စစ်မီး ကဲ့သို့သော ကုန်ကျစရိတ်များကို ပေးဆောင်နိုင်ခြင်း မရှိနိုင် တော့ပေ။ အင်တာနက်အပါအဝင် ရေ၊ လျှပ်စစ်ကဲ့သို့သော ကုန်ကျစရိတ်များအပေါ် ရန်ပုံငွေချထားပေးသည့် လုပ်ဆောင်ချက်များသည် စီးပွားရေး အကျပ်အတည်း၏ ဝန်ထုပ်ဝန်ပိုး အချို့ကို သက်သာစေနိုင်သည်။ ရေ၊ လျှပ်စစ်မီး များအား အစိုးရမှပိုင်ဆိုင်သည့် အခြေအနေတွင် ၎င်းတို့၏ ပေးချေရမည့် ကုန်ကျစရိတ်များအား ဆိုင်းငံ့ပေးခြင်းသည် အိမ်ထောင်စုများအား စီးပွားရေးဆိုင်ရာ ထောက်ပံ့ပေးခြင်းအတွက် လွယ်ကူသော ကိစ္စရပ် တစ်ခု ဖြစ်နိုင်သည်။ ရေ၊ လျှပ်စစ်မီးများအား ပုဂ္ဂလိကမှ ပိုင်ဆိုင်သည့် အခြေအနေတွင် ဈေးနှုန်းများအား ထိန်းချုပ် ခြင်းအပြင် အလုပ်အကိုင်မရှိမှု မြင့်မားနေသည့် ကာလအတွင်း ကုန်ကျမှုများအတွက် ပေးချေရန် ပျက်ကွက်ခြင်း ကြောင့် ဝန်ဆောင်မှုများ ဖြတ်တောက်ခြင်းအား တားမြစ်ခြင်းသည်လည်း မိသားစုများအား ကူညီထောက်ပံ့ပေး ရာတွင် အကျိုးသက်ရောက်မှု ရှိနိုင်သည်။

*အရေးအတွက်ဆိုင်ရာ ညွှန်းကိန်း*

- *လူမှုရေး ထောက်ပံ့မှုဆိုင်ရာ ငွေကြေး လျာထားချက်များ* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား ငွေကြေးအခြေပြု လူမှုရေး ထောက်ပံ့မှုအတွက် လျာထားသနည်း။ (လစဉ် ငွေကြေး လွှဲပြောင်းပေးဆောင်မှု အဆင့်နှင့် ပုံမှန်လခအလိုက် ပေးဆောင်မှု၏ ရာခိုင်နှုန်းအား ဖော်ထုတ်ပါ။ အစိုးရမှနေ၍ ငွေကြေး ထောက်ပံ့မှု အား မည်သည့်ကာလအထိ ဆောင်ရွက်သွားမည်ကို ဖော်ထုတ်ပါ။)
- *လူမှုရေး ထောက်ပံ့မှုဆိုင်ရာ ကရုဏာကြေး လျာထားချက်များ* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား ကရုဏာကြေးဆိုင်ရာ လူမှုရေး ကာကွယ်စောင့်ရှောက်မှုအတွက် လျာထားသနည်း (စာသင် ကျောင်းအတွင်း အစားအသောက်များ၊ အစားအသောက်ကူပွန်များ၊ လုပ်ငန်းခွင်အတွက် အစား အသောက်များ ဆက်လက် ပေးဆောင်ခြင်း စသဖြင့်)။
- *ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ထောက်ပံ့မှု* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား အလုပ်လုပ်ကိုင်နေသော မိဘများ (အထူးသဖြင့် မရှိမဖြစ် လုပ်သားများ) အတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဂေဟာများ အတွက် ကြိုတင်လျာထားသနည်း။
- *အလွတ်သဘော ကဏ္ဍများမှ အလုပ်သမားများ* - အလွတ်သဘောကဏ္ဍမှ အလုပ်သမားများအတွက် ရည်ရွယ်ထားသည့် လူမှုရေး ထောက်ပံ့မှု (ငွေကြေးနှင့် ဂရုဏာကြေး) ရာခိုင်နှုန်းများ သတ်မှတ်ဖော်ထုတ်ရန်။
- *ရေ၊ လျှပ်စစ်မီး ကုန်ကျစရိတ်များ* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား ရေ၊ လျှပ်စစ်မီး အခမဲ့ သို့မဟုတ် ထောက်ပံ့ငွေများ ပေးဝေရန် နှင့် ထိုကဲ့သို့လုပ်ဆောင်ရန် အချိန်ကာလတို့အား မည်မျှ လျာထားသည်ကို သတ်မှတ်ဖော်ထုတ်ရန်။

---

စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံခြင်း။ OECD (၇) နိုင်ငံအတွင်း အလုပ်အကိုင်ရရှိစေသည့် အကြောင်းအရင်းများအား ကျား၊မရှုထောင့်မှ လေ့လာခြင်း” အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂ အဖွဲ့ချုပ် http://oro.open.ac.uk/50547/1/care_economy_en.pdf.

- *အင်တာနက် ရရှိသုံးစွဲနိုင်မှု* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား အိမ်ထောင်စုများ၏ အင်တာနက် သုံးစွဲမှုစရိတ်များအတွက် သတ်မှတ်ထားသည်ကို ဖော်ထုတ်ရန်။

*လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ*

- *ငွေကြေးထောက်ပံ့ခြင်း၏ အကျုံးဝင်မှု* - ငွေကြေးနှင့် ဂရုဏာကြေး ထောက်ပံ့မှုများသည် အကျိုးအမြတ်များ မြင့်မားလာခြင်းနှင့် ယခင်က အကျုံးမဝင်သည့် အစုအဖွဲ့များအား အကျုံးဝင်စေရန် တိုးချဲ့ခြင်းတို့အား ကိုယ်စားပြုပါသလား။

- *အခြေအနေပေါ် မူတည်သည့် ဆောင်ရွက်ချက်များ* - ငွေကြေးထောက်ပံ့မှု ပေးဆောင်ခြင်းများသည် အခြေအနေအပေါ် မူတည်ပြီး ထောက်ပံ့ပါသလား သို့မဟုတ် မည်သည့်အခြေအနေမျိုးမဆို ထောက်ပံ့ပါသလား (ဒုတိယပုံစံအား ပိုမိုလိုလားပါသည်)။

- *ငွေကြေးလွှဲပြောင်းပေးခြင်းအား လက်ခံသူများ* - အိမ်ထောင်စုများအတွင်းရှိ အမျိုးသမီးများထံ တိုက်ရိုက် ပေးဆောင်ခြင်းများ ရှိပါသလား။

- *အသက်အရွယ် ကြီးရင့်သူများနှင့် မသန်မစွမ်းသူများ* - ဘဏ္ဍာရေး အစီအစဉ်အတွင်း အသက်အရွယ်ကြီးရင့်သူများနှင့် မသန်မစွမ်းသူများအတွက် ငွေကြေးထောက်ပံ့မှုများ ပါဝင်ပါသလား။

- *ကလေးသူငယ် ကူညီထောက်ပံ့မှုဆိုင်ရာ ထောက်ပံ့ကြေးများ* - ဘဏ္ဍာရေး အစီအစဉ်တွင် ကလေးသူငယ် ကူညီထောက်ပံ့မှုဆိုင်ရာ ထောက်ပံ့ကြေးများ ပါဝင်ပါသလား (ကလေးသူငယ်ဆိုင်ရာ စရိတ်)။

- *မဖြစ်မနေလိုအပ်သော အလုပ်သမားများအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး* - ဘဏ္ဍာရေး အစီအစဉ်တွင် မဖြစ်မနေလိုအပ်သော အလုပ်သမားများအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ဆိုင်ရာ ကုန်ကျစရိတ်များအား အကျုံးဝင်ပါသလား။

- *ကျား၊မ အပေါ်မူတည်သည့် ကူညီထောက်ပံ့မှုများ* - ငွေကြေးနှင့် ဂရုဏာကြေးကဲ့သို့ လူမှုရေး ထောက်ပံ့ မှုများအား အမျိုးသမီးများ၏ စီးပွားရေးကဏ္ဍအတွင်းရှိ တည်နေရာ(အလုပ်ရှိခြင်း/မရှိခြင်း၊ သမာရိုးကျ အလုပ် ဖြစ်ခြင်း/မဖြစ်ခြင်း၊ အချိန်ပြည့်/အချိန်ပိုင်း အလုပ်အကိုင်၊ အမျိုးသား/အမျိုးသမီး များပြားသည့် ကဏ္ဍ)နှင့် မိသားစု/အိမ်ထောင်စု၏ ဖွဲ့စည်းပုံ (ဥပမာ ကလေးရှိခြင်း/မရှိခြင်း၊ ကလေးကို တစ်ဦးတည်း စောင့်ရှောက်နေသည့်မိဘများ၊မုဆိုးမစသဖြင့်) တို့အပေါ်မူတည်၍ မျှတစွာရေးဆွဲထားပါသလား။

- *အလုပ်သမားများအတွက် အခွန် ကင်းလွတ်ခွင့်/ ဆိုင်းငံ့ခွင့်* - ဘဏ္ဍာရေး အစီအစဉ်မှနေ၍ အလုပ်သမား များနှင့် အလုပ်မရှိသူများအတွက် အခွန် ကင်းလွတ်ခွင့်/ ဆိုင်းငံ့ခွင့်များ ပေးထားပါသလား။

- *ငွေပေးချေရမည့်အချိန်များ တိုးမြှင့်ပေးခြင်း* - ဘဏ္ဍာရေး အစီအစဉ်မှနေ၍ ရေ၊ လျှပ်စစ်မီးများ၏ ကျသင့်ငွေပေးချေရမည့် အချိန်များ ရွှေ့ဆိုင်းခြင်းကို ခွင့်ပြုပါသလား။

- *ဝန်ဆောင်မှုများ ဖြတ်တောက်ခြင်းအား တရားဝင်ဆိုင်းငံ့ထားခြင်း* - အလုပ်အကိုင် မရှိခြင်းများ မြင့်မား နေသည့် ကာလအတွင်း ရေ၊လျှပ်စစ်မီးများ၏ ကျသင့်ငွေပေးချေခြင်းမပြုလုပ်နိုင်ပါက ဖြတ်တောက်ခြင်း မပြုရန် အစိုးရမှ တားမြစ်ထားခြင်း ရှိပါသလား။

- *ရေ၊ လျှပ်စစ်မီးများ၏ နှုန်းထားများ ထိန်းချုပ်ခြင်း* - ပုဂ္ဂလိကပိုင်ဆိုင်သည့် ရေ၊ လျှပ်စစ်မီးများအတွက် အစိုးရမှနေ၍ ဈေးနှုန်းများ ထိန်းချုပ်ခြင်းများ ပြုလုပ်ပါသလား။
- *အင်တာနက်သုံးစွဲမှု* – ဘဏ္ဍာရေးရာသုံးစွဲမှု အစီအစဉ်တွင် အိမ်ထောင်စုများအတွက် အင်တာနက်သုံးစွဲမှုစရိတ် ပါဝင်ပါသလား။

| **လူမှုရေး ထောက်ပံ့မှု** | |
|---|---|
| **အရေအတွက်ဆိုင်ရာ ညွှန်းကိန်း** | **လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ** |
| • ငွေကြေး လျာထားချက်များ | • ငွေကြေးထောက်ပံ့ခြင်း၏ အကျုံးဝင်မှု |
| • လူမှုရေး ထောက်ပံ့မှုဆိုင်ရာ | • အခြေအနေပေါ် မူတည်သည့် ဆောင်ရွက်ချက်များ |
| • ကရုဏာကြေး လျာထားချက်များ<br>• ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ထောက်ပံ့မှု<br>• အလွတ်တန်းလုပ်ဆောင်သည့် ကဏ္ဍများမှ အလုပ်သမားများ<br>• ရေ၊ လျှပ်စစ်မီး ကုန်ကျစရိတ်များ | • ငွေကြေးလွှဲပြောင်းပေးခြင်းအား လက်ခံသူများ<br>• အသက်အရွယ် ကြီးရင့်သူများနှင့် မသန်မစွမ်းသူများ<br>• ကလေးသူငယ် ကူညီထောက်ပံ့မှုဆိုင်ရာ ထောက်ပံ့ကြေးများ<br>• မရှိမဖြစ် အလုပ်သမားများအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး<br>• ကျားမ အပေါ်မူတည်သည့် ကူညီထောက်ပံ့မှုများ<br>• အလုပ်သမားများအတွက် အခွန် ကင်းလွတ်ခွင့်/ ဆိုင်းငံ့ခွင့်<br>• ငွေပေးချေရမည့်အချိန်များ တိုးမြှင့်ပေးခြင်း<br>• ဝန်ဆောင်မှုများ ဖြတ်တောက်ခြင်းအား တရားဝင်ဆိုင်းငံ့ထားခြင်း<br>• ရေ၊ လျှပ်စစ်မီးများ၏ နှုန်းထားများ ထိန်းချုပ်ခြင်း |

## ၂) လူမှုရေး အာမခံ

*အရေအတွက်ဆိုင်ရာ ညွှန်းကိန်း*

- *ကျန်းမာရေး ပြုစုစောင့်ရှောက်မှု၏ အကျုံးဝင်မှု* - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား COVID 19တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ (တစ်ဦးတစ်ယောက်ချင်းစီမှ အမျိုးသား အာမခံစနစ်များသို့ ထည့်သွင်းပါဝင်မှု စသဖြင့်) အပေါ် အားဖြည့်ရန် အတွက် လျာထားသည်ကို ဖော်ထုတ်ရန်။
- *အလုပ်လက်မဲ့ဖြစ်ခြင်းဆိုင်ရာ အာမခံ*၁၇[17] - ဘဏ္ဍာရေး အစီအစဉ်၏ ရာခိုင်နှုန်း မည်မျှအား COVID 19 ကြောင့် အလုပ်အကိုင်များ ဆုံးရှုံးခဲ့သည့် အလုပ်သမားများအတွက် ဝင်ငွေအစားထိုးပေးရန် လျာထားသည်ကို ဖော်ထုတ်ရန်။
- *လစာဖြင့်နာမကျန်းခွင့်* - ဘဏ္ဍာရေးအစီအစဉ်၏ ရာခိုင်နှုန်းမည်မျှအား ယခင်ကလစာဖြင့် နေမကောင်း ခွင့်ရရှိခြင်း မရှိခဲ့သည့် အလုပ်သမားများအတွက် အဆိုပါ အကျိုးခံစားခွင့်တွင်

[17] ၁၇ အလုပ်အကိုင်မရှိခြင်းဆိုင်ရာ အာမခံနှင့်ပတ်သက်၍ အလုပ်အကိုင်ကဏ္ဍတွင် ဖော်ပြပြီးဖြစ်သော်လည်း ဤအပိုင်းတွင် ထပ်မံဖော်ပြရခြင်းမှာ ဤကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆီလျော်သည့် ပုံဖော်မှုအားသေချာစေရန် ဖြစ်သည်။

အကျုံးဝင် စေရန် လျာထားသည်ကို ဖော်ထုတ်ပါ။

*လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ*

- *အလုပ်လက်မဲ့ဖြစ်ခြင်းဆိုင်ရာ အာမခံလွှမ်းခြုံမှု* - ထည့်သွင်းရေးဆွဲထားမှုများတွင် အမျိုးသမီးများအား ၎င်းတို့၏ အလုပ်အကိုင်အခြေအနေများ (အလုပ်ရှိခြင်း/ မရှိခြင်း၊သမာရိုးကျ အလုပ်ဖြစ်ခြင်း/ မဖြစ်ခြင်း ၊အချိန်ပြည့်/အချိန်ပိုင်းအလုပ်အကိုင်၊ အမျိုးသား/ အမျိုးသမီးများပြားသည့် ကဏ္ဍ၊ ကိုယ်ပိုင်စီးပွားရေး၊ အလွတ်တန်း)အပေါ် မူတည်၍ အလုပ်အကိုင်မရှိခြင်းဆိုင်ရာ အကျိုးခံစားခွင့်များ ရရှိနိုင်မှုကို တိုးတက် လာစေပါသလား။
- *အလွတ်သဘောကဏ္ဍမှ အလုပ်သမားများ* - အလုပ်အကိုင်မရှိခြင်းဆိုင်ရာ အာမခံ ရေးဆွဲထားမှုပုံစံသည် အိမ်တွင်းမှု အလုပ်သမားများ၊ နေအိမ်အခြေပြု အလုပ်သမားများနှင့် အသေးစား လယ်သမားများ ကဲ့သို့ အလွတ်သဘော စီးပွားရေးများအတွင်းရှိ အမျိုးသမီးများ၏ အလုပ်အကိုင်များ အကျုံးဝင်မှုအား သေချာစေပါသလား။

  - *လစာဖြင့် နာမကျန်းခွင့် ရရှိနိုင်မှု* - ဘဏ္ဍာရေး အစီအစဉ်များ၏ လူမှုရေး အာမခံ အစိတ်အပိုင်းများ ရေးဆွဲထားမှုပုံစံသည် အလုပ်သမားများ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်များ နာမကျန်းဖြစ်ခြင်းကြောင်း ခွင့်ယူရန်လိုအပ်သည့် လုပ်ခလစာ ကျခံမှုများရှိပါသလား။ အကျုံးဝင်မှုရှိပါက ၎င်းတွင် အမျိုးသမီးဦးရေ များပြားသည့် ကဏ္ဍများ မည်မျှအကျုံးဝင်သနည်း။
  - *အလုပ်နှင့် မိသားစုအကြား ဝိရောဓိ ကာကွယ်မှု* - ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ တာဝန်များကြောင့် အလုပ်မတက်ရောက်နိုင်သည့် အလုပ်သမားများအား အလုပ်မှ ထုတ်ပယ်ခြင်းအား အစိုးရမှ တားမြစ်ထားခြင်း ရှိပါသလား။

| **လူမှုရေး အာမခံ** | |
|---|---|
| **အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများ** | **လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ** |
| • ကျန်းမာရေး ပြုစုစောင့်ရှောက်မှု အာမခံ<br><br>• အလုပ်အကိုင်မရှိခြင်းဆိုင်ရာ အာမခံ<br><br>• လစာဖြင့် နာမကျန်းခွင့် | • အလုပ်လက်မဲ့ဖြစ်ခြင်းဆိုင်ရာ အာမခံ၏ အကျုံးဝင်မှု<br>• အလွတ်တန်းလုပ်ဆောင်သည့် ကဏ္ဍမှ အလုပ်သမားများအတွက် အလုပ်အကိုင်မရှိခြင်းဆိုင်ရာ အာမခံ<br>• ငွေကြေးလွှဲပြောင်းပေးခြင်းအား လက်ခံသူများ<br>• လစာဖြင့် နာမကျန်းခွင့် ရရှိနိုင်မှု<br>• ကလေးသူငယ်ဆိုင်ရာ ကူညီထောက်ပံ့မှု ထောက်ပံ့ကြေး တိုးချဲ့ခြင်း<br>• အလုပ်နှင့် မိသားစုအကြား ဝိရောဓိ ကာကွယ်မှု<br>• ထောက်ပံ့မှုများ၏ ကျား၊မဖြစ်တည်မှုအပေါ် အလေးပေးမှု<br>• အလုပ်သမားများ/ အလုပ်အကိုင်မရှိသူများ အတွက် အခွန် ကင်းလွတ်ခွင့်/ ဆိုင်းငံ့ခွင့် |

**၈) ကျန်းမာရေး**

အကယ်၍ COVID 19 နှင့် ထိတွေ့မှုများ ဖြစ်ခဲ့ပါက ကျန်းမာရေးဆောင်ရွက်မှုစနစ်များကို အားနည်းစေသည်။ ဆယ်စုနှစ်ပေါင်းများစွာကတည်းကပင် ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ နည်းခဲ့ခြင်းကြောင့် အစိုးရများသည် ပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ လိုအပ်မှုများကို ဖော်ထုတ်ဖြည့်ဆည်းနိုင်ရန် အားနည်းသည်ကို တွေ့ရသည်။ဤအားနည်းချက်အပြင် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကောင်းမွန်သည့်နိုင်ငံများတွင် ကျန်းမာရေး စောင့်ရှောက်မှုကုန်ကျစရိတ်များ မြင့်တက်လာခြင်းကိုဖြေရှင်းရန် ဘဏ္ဍာရေးအသုံးစရိတ်ကို တိုးမြှင့်ရပေမည်။ ဘတ်ဂျက်ထည့်သွင်းစဉ်းစားခြင်းများကြောင့်လည်းကောင်း သို့မဟုတ် အမျိုးသမီးများ၏မျိုးဆက်ပွား အခွင့်အရေး များကို ကန့်သတ်ရန် နည်းလမ်းတစ်ခုအဖြစ်လည်းကောင်း မျိုးဆက်ပွားကျန်းမာရေးအတွက် အသုံးစရိတ်ကို လျှော့ချခြင်းသည် အန္တရာယ် ရှိပါသည်။ ထို့ကြောင့်ဤကာလအတွင်း မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု အသုံးစရိတ်များအား လျှော့ချခြင်း မရှိစေရန် စောင့်ကြပ်ကြည့်ရှုနေခြင်းသည် အရေးကြီး ပါသည်။

နောက်ဆုံးအနေဖြင့် လူအများနှင့်သီးခြားခွဲနေခြင်းနှင့် ဆက်စပ်သော အိမ်တွင်းအကြမ်းဖက်မှုတိုးများလာသည့် သက်သေ သာဓကများကြောင့် အစိုးရများအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်သောဆက်ဆံရေးများမှ ကာကွယ်ရန်အတွက် တိကျသောမူဝါဒများနှင့် အစီအမံများချမှတ်ရန်အရေးကြီးသည်။ သို့သော် အမျိုးသမီးများအတွက် အကူအညီတောင်းရန် ခိုင်မာသောမူဝါဒ နှင့် နည်းလမ်းများ ရှာဖွေပေးရန် လိုအပ်သည် ကို ညွှန်ပြသည်။

*အရေးအတွက်ဦးစားပေး ညွှန်းကိန်းများ*

- *ကိုဗစ်နှင့်သက်ဆိုင်သည့်ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ်* - COVID 19ကာကွယ်ခြင်း၊ စစ်ဆေးခြင်း နှင့်ကုသခြင်းအတွက် အသုံးစရိတ်၏ရာခိုင်နှုန်း မည်မျှသည် အခမဲ့သို့မဟုတ် ထောက်ပံ့ကြေးအဖြစ် သုံးစွဲနိုင်မည် နည်း။
- *ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ်* - ဘဏ္ဍာရေးသုံးစွဲမှုအစီအစဉ် ၏ ရာခိုင်နှုန်းမည်မျှကို ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍအတွက် မြှုပ်နှံထားသနည်း။

*အရည်အသွေးဆိုင်ရာ ညွှန်းကိန်း*

- *လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု* -ကျန်းမာရေးစောင့်ရှောက်မှုအတွက် အပိုဆောင်းအသုံးစရိတ် တိုးခြင်းသည် အထူးသဖြင့် အာမခံ မထားသူ၊ မထားနိုင်သူ တို့အတွက် ကိုဗစ်ကြိုတင်ကာကွယ်ရေး၊ စစ်ဆေးခြင်းနှင့်ကုသခြင်း များတွင် ဝန်ဆောင်မှုများ ပံ့ပိုးပေးထားခြင်း ရှိပါသလား။
- *တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများ* - အစိုးရများသည် အားနည်းထိခိုက်လွယ်သော မိသားစုများအား တစ်ကိုယ်ရည်သန့်ရှင်းရေးပစ္စည်းများထောက်ပံ့ ပေး နေပါသလား။
- *မျိုးဆက်ပွားကျန်းမာရေး* - အသွားအလာကန့်သတ်သည့် Lockdown အခြေအနေအတွင်း ဝန်ဆောင်မှုပေးသော ပုံစံများချမှတ်ခြင်း နှင့် ဝန်ဆောင်မှုပုံစံများနှင့်လိုက်လျောညီထွေဖြစ်မှု အပါအဝင် လိင်နှင့် မျိုးဆက်ပွား ကျန်းမာရေး ဝန်ဆောင်မှုများ ကိုဆက်လက်ပြဋ္ဌာန်းနိုင်ရန် အတွက်အသုံးစရိတ်ကို လျာထား ပါသလား။ ကိုယ်ဝန်ဖျက်ချခြင်း ကဲ့သို့သော လုပ်ထုံးလုပ်နည်းများအတွက် မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုကို နိုင်ငံများကကန့်သတ်ထား သလား။ Shutdownချိန်များအတွင်း အမျိုးသမီးများ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုခံယူနိုင်ရန် ပြဋ္ဌာန်းချက်များ စီစဉ်ထားပါသလား။

- *အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ရေး* - အိမ်တွင်းအကြမ်းဖက်မှုကိုသတင်းပို့နိုင်ရန်အတွက် အမျိုးသမီးများ၏ စွမ်းရည်ကိုမြှင့်တင်ရန်နည်းလမ်း များရှိပါသလား။ အစိုးရများအနေဖြင့် အိမ်တွင်း အကြမ်းဖက်မှုဖြစ်ပွားမှုများကိုကြုံတွေ့ခံစားနေရသော ထိုအမျိုးသမီးများနှင့် ၎င်းတို့၏ကလေးများအား ခိုလှုံရာဂေဟာ များ၌ နေနိုင်ရန် နည်းလမ်းများ ထောက်ပံ့ထားပါသလား ။

| ကျန်းမာရေး | |
|---|---|
| **အရည်အသွေးဆိုင်ရာ ညွှန်းကိန်း** | **လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ** |
| • COVID 19အသုံးစရိတ်<br>• ကျန်းမာရေး အသုံးစရိတ် | • လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေး စောင့်ရှောက်မှု<br>• အမျိုးသမီးများနှင့် တစ်ကိုယ်ရေသုံးကာကွယ်ပစ္စည်းများ<br>• တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ<br>• မျိုးဆက်ပွားကျန်းမာရေး<br>• အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ရေး |

## ဃ) စားနပ်ရိက္ခာဖူလုံရေး

လက်တလောဖြစ်ပွါးနေသည့် ကမ္ဘာ့ကပ်ရောဂါကြီးနှင့် သက်ဆိုင်ရာ စီးပွားရေး အကျပ်အတည်းများကြောင့် စားနပ်ရိက္ခာမဖူလုံမှု မြင့်တက်လာသည်ကို သက်သေပြနေသည်။ စားနပ်ရိက္ခာ မဖူလုံမှု မြင့်တက်လာရခြင်း၏ အကြောင်းအရင်းများမှာ (က) အလုပ်လက်မဲ့ မြင့်တက်လာခြင်းနှင့် စီးပွားရေး လှုပ်ရှားမှုများကျဆင်းလာခြင်းများကြောင့် ဝင်ငွေများဆုံးရှုံးလာခြင်းနှင့် (ခ) စာသင်ကျောင်းများ ပိတ်ခြင်းနှင့် စာသင်ကျောင်းအခြေပြု အစားအသောက်ကျွေးမွေးခြင်း အစီအစဉ်များ ခေတ္တရပ်ဆိုင်းထားခြင်း တို့ဖြစ်သည်။ နိုင်ငံအများအပြားအတွင်း အိမ်ထောင်စုများမှ စားသောက်မှုပုံစံများအပေါ် လေ့လာချက်များမှ ပြသနေသည် မှာ အကျပ်အတည်းများအတွင်းတွင် အမျိုးသမီးများသည် အခြားမိသားစုဝင်များထက် လျှော့၍ စားသောက် လေ့ရှိသည်။ ဤအရာသည် အမျိုးသမီးများ၏ ကျန်းမာရေးအပေါ်တွင်သာမက ၎င်းတို့၏ မိသားစုအတွင်း ပြောဆိုညှိနှိုင်းခွင့်နှင့် အိမ်ထောင်ရှင်အမျိုးသမီးများ၏ အခန်းကဏ္ဍကို မေးမှိန်စေသည်။စားနပ်ရိက္ခာ မဖူလုံမှု အား ကိုင်တွယ်ဖြေရှင်းခြင်းသည် ကျား၊မ တန်းတူညီမျှရေးအတွက် အဓိကသော့ချက်ပင် ဖြစ်သည်။

စာသင်ကျောင်းများအား အစားအသောက် ပေးဆောင်သူများအဖြစ် မှတ်ယူပါက လက်ရှိအချိန်အထိ (၁၉၁) နိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သို့မဟုတ် ဒေသအလိုက် စာသင်ကျောင်းများ ပိတ်ပင်ထားကြပြီး အကျိုးဆက်အနေဖြင့် စာရင်းသွင်းထားသော ကျောင်းသား (၉၁) ရာခိုင်နှုန်း သို့မဟုတ် ကလေးနှင့် လူငယ် ၁.၅ ဘီလီယံမှာ ကျောင်းမရောက်တော့ချေ။ ကမ္ဘာ့စားနပ်ရိက္ခာစီမံကိန်း၏ ခန့်မှန်းချက်အရ ကျောင်းများ ပိတ်ထား ခြင်းကြောင့် ကလေးသူငယ် (၃၆၈)သန်းသည် စာသင်ကျောင်းမှ အစားအသောက်များ မရရှိကြပေ၊ ထိုကလေးငယ်များ၏ ၄၇ ရာခိုင်နှုန်းမှာ မိန်းကလေးများ ဖြစ်ကြသည်။[၂၈][18]

---

[18] [၂၈] UN. (၂၀၂၀). အမျိုးသမီးများအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှု။ https://www.unwomen.org/-/media/headquarters/attachments/sections/library/publications/2020/policy-brief-the-impact-of-covid-19-on-women- en.pdf?la=en&vs=1406

အစားအသောက်ကူပွန်များ သို့မဟုတ် အစားအသောက်များ တိုက်ရိုက်ပေးဝေခြင်းများအတွက် ရံပုံငွေ ပေးခြင်းအပြင် အချို့ဘဏ္ဍာရေး အစီအစဉ်များတွင် အစားအသောက် ဘေးကင်းလုံခြုံမှုမရှိခြင်း၏ ရေရှည် စိတ်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လယ်သမားများအတွက် ထောက်ပံ့မှုများနှင့် မူဝါဒများ အား ကိုယ်စားပြုခြင်းများ ပါဝင်သည်။ ဥပမာအားဖြင့် အချို့ဘဏ္ဍာရေး အစီအစဉ်များတွင် လယ်သမားများ အတွက် ဖြေလျှော့ပေးထားသည့် အကြွေးများ ရရှိနိုင်ခွင့်၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ပစ္စည်းများ ဝယ်ယူ ခြင်းနှင့် တိရိစ္ဆာန်အစာများအတွက် ရံပုံငွေများ ချထားပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ အားကောင်းစေရန် ထောက်ပံ့မှုများ ကမ်းလှမ်းခြင်းနှင့် ရောင်းချနိုင်သည့် ပိုလျှံပစ္စည်း များအား စီမံခန့်ခွဲရန် မူဝါဒများ ပါဝင်သည်။ အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေးနှင့် အစားအသောက် စနစ်များတွင် အဓိကနေရာများတွင် ပါဝင်ပြီး အစားအသောက်ထုတ်လုပ်သူများ၊ လယ်ယာ စိုက်ပျိုးရေး မန်နေဂျာများနှင့် အစားအသောက် ထုတ်လုပ်ရေးများတွင် အလုပ်လုပ်ကိုင် နေကြသည့် အလျောက် ထိုကဲ့သို့ ရေရှည် မူဝါဒလမ်းစဉ်များသည် ကျား၊မဆိုင်ရာ ရှုထောင့်မှ ကြည့်ရှုရန် အရေးပါသည်။ ထို့ကြောင့် အစိုးရ ဘဏ္ဍာတိုးမြှင့်သုံးစွဲသည့် အစီအစဉ်များ၏ မူဝါဒလမ်းစဉ်များ ရေးဆွဲရာတွင် အသေးစား ကုန်ထုတ်လုပ် သူများ၊ ပြင်ဆင်သူများနှင့် ဖြန့်ချိသူများ၏ လုပ်ကိုင်နိုင်စွမ်းအား တိုးမြှင့်ပေးရန် လိုအပ်နေသည်ကို ရှင်းလင်းစွာ ပြသနေသည်။ စည်းစနစ်ကျစွာ စီမံခန့်ခွဲနိုင်မည် ဆိုပါလျှင် အစားအသောက်စနစ်များ ပြန်လည် ကောင်းမွန်လာမှုနှင့် ပိုမိုအားကောင်းလာမှုများသည် အစားအသောက် ဘေးကင်းလုံခြုံရေးအား သေချာစေ သည့် တစ်ချိန်တည်းမှာပင် စီးပွားရေးကဏ္ဍအများအပြားအတွင်း ကာလလတ်နှင့် ရေရှည် စီးပွားရေး ပြန်လည် ကောင်းမွန်လာမှုအား မောင်းနှင်ပေးသည့် အခြေခံကဏ္ဍများအဖြစ်သို့ ရောက်ရှိလာနိုင်ပေသည်။

*အရေအတွက်ဆိုင်ရာ ညွှန်းကိန်း*

- *အစားအသောက် ဘေးကင်းလုံခြုံရေး* – ဘဏ္ဍာရေး အစီအစဉ်များ၏ ရာခိုင်နှုန်းမည်မျှအား အစား အသောက် ဘေးကင်းလုံခြုံရေး တိုးချဲ့ရန်အတွက် လျာထားသနည်း။
- *ကလေးသူငယ်များနှင့် အစားအသောက် ဘေးကင်းလုံခြုံရေး* - ဘဏ္ဍာရေး အစီအစဉ်များ၏ ရာခိုင်နှုန်း မည်မျှအား စာသင်ကျောင်းများပိတ်ထားသည့်အလျောက် နွမ်းပါးသည့်အိမ်ထောင်စုများမှ မိန်းကလေး များ နှင့် ယောကျာ်းလေးများ၏ စားနပ်ရိက္ခာဖူလုံရေး ကိုင်တွယ်ဖြေရှင်းရန်အတွက် လျာထားသနည်း (ဥပမာအားဖြင့် နေအိမ်သို့ သယ်ဆောင်နိုင်သည့် အစားအသောက်ဝေစုများ၊ နေအိမ်သို့ အစားအသောက် ပို့ဆောင်ပေးခြင်းများ၊ ငွေကြေး သို့မဟုတ် ကူပွန်များ ပေးဝေခြင်း)။
- *လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုများ* - ဘဏ္ဍာရေး အစီအစဉ်များ၏ ရာခိုင်နှုန်း မည်မျှအား လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အသုံးပြုမည်နည်း။ ဤရာခိုင်နှုန်းအား လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ GDP ဝေစုနှင့် နှိုင်းယှဉ်၍ အဆိုပါ GDP ဝေစုနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့မှုများ အချိုးကျခြင်း ရှိမရှိအား ဖော်ထုတ်ပါ။

*မူဝါဒညွှန်းကိန်းများ*

- *စားနပ်ရိက္ခာဖူလုံမှု ရရှိခံစားခွင့်* - အစားအသောက် ဘေးကင်းလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များ တွင် ယာယီရွှေ့ပြောင်းနေထိုင်သူများ၊ အပြီးရွှေ့ပြောင်းနေထိုင်သူများ၊ နေရာပြောင်းရွှေ့ခြင်း ခံရသူ များ နှင့် ဒုက္ခသည်များ အကျုံးဝင်ပါသလား။

- *လယ်သမားများသို့ ချေးငွေများ* - ပံ့ပိုးရေး စီမံချက်များတွင် လယ်သမားများအတွက် ဖြေလျှော့ပေးထားသည့် ချေးငွေများ သို့မဟုတ် ထောက်ပံ့ကြေးများ ပါဝင်ပါသလား။
- *အမျိုးသမီးလယ်သမားများ၏ လယ်ယာစိုက်ပျိုးရေး အထောက်အပံ့များ ရရှိနိုင်မှု* - အမျိုးသမီး လယ်သမားများ/ သမဝါယမများမှ ချေးငွေများ (အစိုးရချေးငွေအာမခံ ကဲ့သို့) ရရှိနိုင်မှုနှင့် အခြားသော လယ်ယာ စိုက်ပျိုးရေးကဏ္ဍသို့ အထောက်အပံ့များ ရရှိနိုင်မှုအား သေချာစေသော လုပ်ဆောင်ချက်များ ရှိပါသလား။

| အစားအသောက် ဘေးကင်းလုံခြုံမှု | |
|---|---|
| **အရေအတွက်ဆိုင်ရာ ညွှန်းကိန်း** | **လုပ်ထုံးလုပ်နည်းဆိုင်ရာ/ မူဝါဒဆိုင်ရာ ညွှန်းကိန်းများ** |
| • COVID 19ဆိုင်ရာ သုံးစွဲမှုများ<br>• ကျန်းမာရေး စောင်ရှောက်မှုဆိုင်ရာ သုံးစွဲမှုများ | • အစားအသောက် ဘေးကင်းလုံခြုံမှု ရရှိနိုင်ခွင့်<br>• လယ်သမားများအတွက် ချေးငွေ<br>• အမျိုးသမီး လယ်သမားများ၏ လယ်ယာစိုက်ပျိုးရေး အထောက်အပံ့များ ရရှိနိုင်မှု |

## င) အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံ နှင့် အိမ်ရာ

နိုင်ငံများမှ ကျန်းမာရေးနှင့် စီးပွားရေး အကျပ်အတည်းများ ကြုံတွေ့နေရသည့် အချိန်ကာလအတွင်း အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများသည် ပို၍ပင် အရေးပါသည့် အခန်းကဏ္ဍသို့ ရောက်ရှိလာသည်။ တိတိကျကျ ဆိုရလျှင် အများပြည်သူ သယ်ယူပို့ဆောင်ရေး၊ ရေ နှင့် မိလ္လာစနစ်များ ကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုများ တွင် ငွေကြေးသုံးစွဲခြင်းသည် အလုပ်အကိုင်များ ဖြစ်ပေါ်စေသောကြောင့် အစိုးရအနေဖြင့် အကျပ်အတည်းမှ ဖြစ်ပေါ်လာသည့် စီးပွားရေး အကျိုးသက်ရောက်မှုများ၏ ဒဏ်ကို လျော့ကျစေရာတွင် အထောက်အကူ ပြုနိုင် သည်။ ဘဏ္ဍာရေး အစီအစဉ်များအား အဆိုပါ ငွေကြေးသုံးစွဲမှုများအား မည်သည့်နေရာများတွင် ဦးစားပေးမည့် အပေါ် မူတည်၍ စစ်ဆေးအကဲဖြတ်နိုင်သည်။

### ၁) အများပြည်သူဆိုင်ရာ အခြေခံ အဆောက်အအုံ

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း နိုင်ငံအများစုတွင် GDP ၏ ဝေစုအနေဖြင့် ပြည်သူ့အခြေခံ အအောက်အအုံများအသုံးစရိတ်သည် ကျဆင်းခဲ့ပြီး ဆေးရုံများ၊ ကျန်းမာရေးဆေးခန်းများနှင့် ကျောင်းများ၊ သယ်ယူပို့ဆောင်ရေး၊ ရေနှင့် မိလ္လာစနစ်များ အတွက် ရင်းနှီးမြှုပ်နှံမှု နည်းပါးနေသည်။ အဆိုပါ အသုံးစရိတ် အမျိုးစားတစ်ခုချင်းစီ ကြောင့် ကျား၊မရေးရာ သက်ရောက်မှုများရှိနေသည်။ ဥပမာအားဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို ပိုမိုအသုံးပြုကြသည် ထို့ကြောင့် သတ်မှတ်အကွာအဝေးဖြင့် နေထိုင် သွားလာခြင်း (social distancing) လိုအပ်ချက်ကို ကိုင်တွယ်ဖြေရှင်းနေစဉ် လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင် ရေးကို ပံ့ပိုးပေးခြင်းသည် ဤအကျပ်အတည်းကာလအတွင်း အရေးကြီးသည်။ ထို့အပြင် အကျပ်အတည်း ကာလအတွင်း လုပ်အားခမရသောပြုစုစောင့်ရှောက်မှုအလုပ်တွင် လုပ်ကိုင်နေသော အမျိုးသမီးများက ၎င်းတို့၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်ရန် ရေနှင့် မိလ္လာစနစ်ကို ဘေးကင်းစွာ သုံးစွဲနိုင်ရန်အတွက် ပံ့ပိုးပေးပါရန် အကြံပြုထားသည်။

*အရေအ တွက်ဆိုင်ရာ ညွှန်းကိန်းများ*

- *ဆေးရုံများနှင့် ဆေးခန်းများ* – ဘဏ္ဍာရေးအစီအစဥ်တွင် ဆေးရုံများနှင့် ဆေးခန်းများတည်ဆောက်ရန် သို့မဟုတ် ပြန်လည်မွမ်းမံခြင်းရန်အတွက် ရန်ပုံငွေထည့်ဝင်မှု ရာခိုင်နှုန်းမည်မျှ ပါဝင်ပါသနည်း။
- *စာသင်ကျောင်း ဖွံ့စည်းပုံများ* – ဘဏ္ဍာရေးအစီအစဥ်တွင် စာသင်ကျောင်းများတည်ဆောက်ရန် သို့မဟုတ် ပြန်လည်မွမ်းမံရန်အတွက် ရန်ပုံငွေထည့်ဝင်မှု ရာခိုင်နှုန်းမည်မျှ ပါဝင်ပါသနည်း။
- *အများပြည်သူ သယ်ယူပို့ဆောင်ရေး* – ဘဏ္ဍာရေးအစီအစဥ်တွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို အထောက်အပံ့နှင့်/ သို့မဟုတ် တိုးချဲ့ရန်အတွက် (ဥပမာ အခကြေးငွေ လျှော့ပေါ့ပေးခြင်း) ရန်ပုံငွေ ထည့်ဝင်မှု ရာခိုင်နှုန်းမည်မျှ ပါဝင်ပါသနည်း။
- *ရေနှင့် မိလ္လာစနစ်* – ဘဏ္ဍာရေးအစီအစဥ်တွင် သန့်ရှင်းသောရေရရှိရေး၊ ကောင်းမွန်သောမိလ္လာစနစ်နှင့် သန့်ရှင်းရေးကို ပိုမိုကောင်းမွန်စေရန် ရည်ရွယ်သည့် ရာခိုင်နှုန်းမည်မျှ ပါဝင်ပါသနည်း။

*အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ*

- *လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင်ရေး* – ဘဏ္ဍာရေးအစီအစဥ်များတွင် အများပြည်သူသယ်ယူပို့ဆောင်ရေး၌ သတ်မှတ်အကွာအဝေးဖြင့် နေထိုင်သွားလာခြင်း အတွက် ကြိုတင်စီမံထားသည့် ဆောင်ရွက်ချက်များ ပါဝင်ပါသလား။ အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံစိတ်ချရမှု ပြဿနာများကိုလည်း ဖြေရှင်းပေးပါသလား။
- *ရေနှင့် မိလ္လာစနစ်* – ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သန့်ရှင်းသောရေနှင့် မိလ္လာစနစ်ကို အသုံးပြုရန် ကူညီပံ့ပိုးမှုများ (သင့်တင့်လျောက်ပတ်သော သတ်မှတ်အကွာအဝေးဖြင့် နေထိုင်သွားလာခြင်းဖြင့်) ပြုလုပ်ခဲ့ပါသလား။

| အခြေခံအဆောက်အအုံ | |
|---|---|
| **အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများ** | **စည်းမျဥ်း၊စည်းကမ်း/မူဝါဒ ညွှန်းကိန်းများ** |
| • ဆေးရုံနှင့် ဆေးခန်းများ<br>• စာသင်ကျောင်း ဖွံ့စည်းပုံ<br>• အများပြည်သူသယ်ယူပို့ဆောင်ရေး အသုံးစရိတ်<br>• ရေနှင့် မိလ္လာစနစ် အသုံးစရိတ် | • လုံခြုံစိတ်ချရသော သယ်ယူပို့ဆောင်ရေး<br>• သန့်ရှင်းသောရေနှင့် မိလ္လာစနစ် ရရှိရေး |

## ၂) အိမ်ရာချထားပေးမှု

ဝင်ငွေဆုံးရှုံးမှုနှင့် ဝင်ငွေထောက်ပံ့မှုကိစ္စများစွာတွင် လုံလောက်မှုမရှိခြင်းတို့ကြောင့် မိသားစုများသည် အိမ်ငှားရမ်းခ မပေးနိုင်ခြင်း သို့မဟုတ် ပေါင်နှံငွေများနှင့် ကိုက်ညီခြင်းမရှိပါက ၎င်းတို့၏ အိုးအိမ် ဆုံးရှုံးနိုင် ခြေရှိသည်။ ဥပဒေအရ နှင်ထုတ်မှုကို တရားဝင်ဆိုင်းငံ့ထားခြင်း နှင့် ကြိုတင်ပိတ်ပင်ခြင်းများ လိုအပ်သည့် မူဝါဒများ လိုအပ်သည်။ အိမ်ရာအတွက် အသုံးစရိတ်များသည် ပြန်လည်ထူထောင်ရေးအတွက်လည်း အရေးပါသည်။ အကြောင်းမှာ အကယ်၍ အိမ်ထောင်စုများသည် အိမ်ငှားခ သို့မဟုတ် အပေါင်ငွေများအတွက် ကြွေးကျန်နေပါက ကြွေးမြီများစုဆောင်းပြီး ပြန်လည်ထူထောင်ရန် နှေးကွေးစေသည်။ ( အကြွေးများ

ပြန်ဆပ်နိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပြန်လည်ရရှိခြင်းဖြင့် ဝင်ငွေတိုးလာသည်။ )၂၉[19]

ကိုဗစ်-၁၉ကပ်ရောဂါကာလအတွင်း အထူးသဖြင့် ကူးစက်ခံရထားသောသူများအတွက် မိမိနေအိမ်ကိုပြန်၍ ကျန်သည့် မိသားစုဝင်များ ကူးစက်မည့် အန္တရာယ်မရှိစေရန် ယာယီအိမ်ရာများလိုအပ်သည်။ ဗိုင်းရပ်စ်ပျံ့နှံ့မှုကို လျှော့ချရန်အတွက် အဆိုပါအိမ်ရာများ၏ အရေးပါမှုအပြင် မိသားစုအတွင်းရှိ ဖျားနာသူများကို ပြုစုစောင့်ရှောက် ခြင်းက အမျိုးသမီးများ၏ ပုခုံးပေါ်တွင် ပုံမှန်အားဖြင့် ကျရောက်သွားခြင်းသည် ကျား၊မရေးရာ ကိစ္စရပ်တစ်ခု ဖြစ်သည်။

*အရေးအတွက်ဆိုင်ရာ ညွှန်းကိန်းများ*

- *အိမ်ရာ–* ဘဏ္ဍာရေးအစီအစဥ်၏ အရွယ်အစားနှင့် နှိုင်းယှဥ်လျှင် ငှားရမ်းမှု နှင့် အိမ်အကူ အိမ်အလုပ်သမား (homeworker housing assistance) အိမ်ရာအကူအညီ၏ တန်ဖိုးသည် မည်မျှနည်း။

*အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ*

- *ဥပဒေအရ နှင်ထုတ်မှုနှင့် ကြိုတင်ပိတ်ပင်မှုများ တရားဝင်ဆိုင်းငံ့ထားခြင်း* – ဘဏ္ဍာရေး အစီအစဥ်သည် ငှားရမ်းသူများအား နှင်ထုတ်ခြင်းနှင့် ငွေပေးချေမှုများ ကြွေးကျန်သည့်အခါတွင် ကြိုတင်ပိတ်ပင်ခြင်းများကို တားမြစ်ထားပါသလား။ တားမြစ်ထားသည်ဆိုပါက မည်မျှကြာအောင် တားမြစ်ပါသနည်း။
- *နောက်ကျသော ငွေပေးချေမှုများ* – ဘဏ္ဍာရေးအစီအစဥ်တွင် ငွေချေးသူများသည် ပြစ်ဒဏ် မပါပဲ နောက်ကျသော အပေါင်စာချုပ်ပေးချေမှုများကို  လက်ခံရန် လိုအပ်ပါသလား။
- *ငှားရမ်းခြင်း ဖြည့်စွက်ချက်* – ဘဏ္ဍာရေးအစီအစဥ်သည် အကျပ်အတည်းကာလအတွင်း ယာယီငှားရမ်းခြင်း ဖြည့်စွက်ချက်များ ပေးပါသလား။
- *ငှားရမ်းခကင်းလွတ်ခွင့်များ* – ဘဏ္ဍာရေးအစီအစဥ်သည် အများပိုင်အိမ်ရာများတွင် ငှားရမ်းခကင်းလွတ်ခွင့်အား ခွင့်ပြုပါသလား။
- *ယာယီနေအိမ်* – ဘဏ္ဍာရေးအစီအစဥ်သည် COVID 19ကူးစက်ခံရသူများ၊ ရွှေ့ပြောင်းအလုပ်သမားများ သို့မဟုတ် အိုးမဲ့အိမ်မဲ့များအတွက် ယာယီနေအိမ်များ ပေးပါသလား။

| **အိမ်ရာ** | |
|---|---|
| **အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများ** | **စည်းမျဥ်း၊စည်းကမ်း/မူဝါဒ ညွှန်းကိန်းများ** |
| • အိမ်ရာအသုံးစရိတ် | • ဥပဒေအရ နှင်ထုတ်မှုနှင့် ကြိုတင်ပိတ်ပင်မှုများ တရားဝင်ဆိုင်းငံ့ထားခြင်း<br>• နောက်ကျသော ငွေပေးချေမှုများ<br>• ငှားရမ်းခြင်း ဖြည့်စွက်ချက်<br>• ယာယီနေအိမ် |

[19] ၂၉ ဥပဒေအရနှင်ထုတ်ခြင်းကို တရားဝင်ဆိုင်းငံ့ထားခြင်းသည် အိမ်ရာများရရှိနိုင်မှုကို ယာယီထိန်းသိမ်းထားသော်လည်း ၎င်းတို့သည် ရေရှည်အတွက် ကြွေးမြီများ တိုးပွားလာခြင်းကို ရှောင်ကြဥ်ခြင်းမရှိပါ။ ၎င်းကိုရှောင်ကြဥ်ရန်အတွက် အိမ်ပိုင်ရှင်များနှင့် အပေါင်ခံဘဏ်များအတွက် ထောက်ပံ့ငွေများနှင့် လျှော့ပေါ့သော ချေးငွေများလိုအပ်သည်။ ပုံမှန်အားဖြင့် ဗဟိုဘဏ်များသည် ဤကဲ့သို့သော ပံ့ပိုးမှုမျိုးကိုပေးလိမ့်မည်၊ ထို့ကြောင့် အိမ်ရာများရရှိနိုင်မှုကို ထောက်ပံ့သည့် ဤကဏ္ဍကို ငွေကြေးဆိုင်ရာမူဝါဒ ကဏ္ဍတွင် ဆွေးနွေးလိမ့်မည်။

## ၅။ ငွေကြေးဆိုင်ရာ မူဝါဒများ

Keynesian စီးပွားရေးတည်ငြိမ်မှု မြှင့်တင်ရေး နည်းလမ်းနှစ်ခုမှာ ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒ တို့ဖြစ်သည်။ သမားရိုးကျ ငွေကြေးဆိုင်ရာမူဝါဒသည် ပုံမှန်အားဖြင့် စုစုပေါင်းဝယ်လိုအားကို အကျိုးသက်ရောက်စေရန် အတိုးနှုန်းပြောင်းလဲခြင်း (ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ငွေလဲနှုန်းများ)ကို အလေးပေးကြသည်။ ဝယ်လိုအားဆိုင်ရာ အကျပ်အတည်းများအတွင်း အတိုးနှုန်းလျှော့ချခြင်းမူဝါဒသည် ချေးငွေနှင့်အသုံးစရိတ်များကို လှုံ့ဆော်ရန် ရည်ရွယ်ပြီး ငွေတန်ဖိုးလျှော့ကျခြင်းသည် ပို့ကုန်ဝယ်လိုအားကို လှုံ့ဆော်ရန်ရည်ရွယ်သည်။ ယခုအချိန်တွင် ကွာခြားမှု ရှိသည်။ ပြီးခဲ့သောအပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့ ရင်ဆိုင်နေရသော အကျပ်အတည်းသည် ကျန်းမာရေး အကြောင်းပြချက်များကြောင့် စီးပွားရေးလှုပ်ရှားမှုများကို လျှော့ချခြင်း (contraction) ကြောင့်ဖြစ် သည်။

ယခုကာလ၏ အဓိကရည်မှန်းချက်မှာ အသုံးစရိတ်ကို များစွာတိုးမြှင့်သုံးစွဲရန်မဟုတ်ပေ၊ အစိုးရအသုံးစရိတ် သည် ဆက်လက်တည်ရှိနေသော စီးပွားရေးလုပ်ငန်းများအတွက် ဝယ်လိုအားနှင့် သက်ဆိုင်သည့် အကျိုး သက်ရောက်မှု ရှိသော်လည်း ထိုအကြောင်းပြချက်ကြောင့် ဘဏ္ဍာရေးမူဝါဒများသည် ဝင်ငွေအစားထိုး ခြင်း အပေါ် အာရုံစိုက်ခဲ့ ကြသည်။ အတိုးနှုန်းမူဝါဒ နည်းလမ်းသည် အရေးပါသော်လည်း ငွေကြေးမူဝါဒ၏ ထပ်တိုး ရည်မှန်းချက်များမှာ အစိုးရများ (ဘဏ္ဍာရေးအစီအစဥ်များကို ငွေကြေးထောက်ပံ့ရန် အစိုးရငွေချေး စာချုပ်များ အား ဝယ်ယူခြင်း) ၊အိမ်ထောင်စုများ နှင့် စီးပွားရေးလုပ်ငန်းများကို ငွေများ လွယ်ကူစွာ ထောက်ပံ့ပေး ခြင်းဖြင့် ပြန်လည်ထူထောင်မှုကို နှေးကွေးစေသည့် ၎င်းတို့ဒေဝါလီခံခြင်းကိုရှောင်ရှားနိုင်ရန်ဖြစ်သည်။ ကြွေးမြီများ တိုးပွါးလာခြင်းကို ရှောင်ရှားရန်လည်းဖြစ်သည်၊ ၎င်းသည်လည်း ပြန်လည်ထူထောင်မှုကို နှေးကွေးစေသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ဗဟိုဘဏ်များမှ ငွေထောက်ပံ့ပေးခြင်းကို မကြုံစဖူးပုံစံမျိုးဖြင့် ပြုလုပ်ခဲ့ပါသည်၊ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဗဟိုဘဏ်များတွင်မူ ထိုကဲ့သို့သော အကြီးစားငွေချေးမှုများ ပြုလုပ်ရန် နေရာ စနစ်များ အလွန်နည်းပါသည်။

ယခုအကျပ်အတည်းကာလသည် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဘဏ်များ- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အေးဂျင့်များ အနေ ဖြင့် ဆောင်ရွက်နေသော ဘဏ်များ ပြန်လည်နလန်ထူရန်အတွက် အခွင့်အလမ်းတစ်ခု ဖြစ်နိုင် သည်။၂၀[20] ယခု အကျပ်အတည်းကာလတွင် ဗဟိုဘဏ်များသည် ကိုဗစ်-၁၉ ကို တုံ့ပြန်ရာတွင် နိုင်ငံများ၏ အဓိက စိန်ခေါ်မှု များကို ရင်ဆိုင်နိုင်ရန် ကူညီခြင်းဖြင့် ၎င်းတို့၏ မူဝါဒအခန်းကဏ္ဍကို တိုးချဲ့သင့်သည့် ခိုင်မာသော အကြောင်း ကိစ္စ တစ်ခု ပြုလုပ်ရန်လိုအပ်သည်။ ထိုစိန်ခေါ်မှုများတွင် အလုပ်လက်မဲ့နှုန်း လျှော့ချခြင်း၊ ကုန်ထုတ်စွမ်းအား မြှင့်တင်ခြင်း လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုများချထားပေးခြင်း နှင့် ရာသီဥတုပြောင်းလဲခြင်း စိန်ခေါ်မှုများ ကို ဖြေရှင်းခြင်း တို့ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးသည်။ ဥပမာ- အမေရိကန်တွင် အချို့သော ဗဟိုဘဏ်များသည် စီးပွားရေးလုပ်ငန်းကဏ္ဍသို့ တိုက်ရိုက်ချေးငွေထုတ်ချေးခြင်း သို့မဟုတ် ချေးငွေအာမခံချက် များ ထုတ်ပေးခြင်း စသော ထူးခြားဖြစ်စဥ်များ ဆောင်ရွက်ခဲ့သည်။ အခြားကိစ္စရပ်များတွင် ချေးငွေအာမခံချက် များကို နိုင်ငံတော် အစိုးရမှ ပေးသည်။

---

[20] ၃၀ pstein၊ G။ ၂၀၁၅။ “ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဘဏ် - ပြဿနာများနှင့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်ခြင်း။” ILO အလုပ်ခန့်ထားမှု စာတမ်းအမှတ် ၁၈၂။ http://www.peri.umass.edu/fileadmin/pdf/working_papers/working_papers_351-400/EMPLOYMENT_ILO_WP.pdf.

ငွေကြေးမူဝါဒသည် ဖြန့်ဝေရာတွင် ကြားနေ မဟုတ်သောကြောင့်၊ အကျပ်အတည်းအပေါ် တုံ့ပြန်မှုရာတွင် ၎င်း၏ ကျား၊မရေးရာအပေါ် အကျိုးသက်ရောက်မှုအား စစ်ဆေးသင့်သည်။ သုတေသနများအရ ငွေကြေးမူဝါဒများ သည် လူမျိုး၊ကျား၊မရေးရာနှင့် လူတန်းစားတို့အပေါ် မညီမျှစွာ အကျိုးသက်ရောက်များရှိသည်။ ဥပမာအားဖြင့် အမျိုးသမီးများ၊ အသားအရောင်ခွဲခြားခံရသူများနှင့် အလုပ်သမားများသည် အတိုးနှုန်းလျှော့ချသည့် ငွေကြေး မူဝါဒသည် ဝယ်လိုအားနှင့် အလုပ်အကိုင်တိုးလာသည့် ကောင်းကျိုးရရှိခံစားနိုင်သည်။[၂၁][21] ဆန့်ကျင်ဘက် အားဖြင့် အတိုးနှုန်းမြင့်လိုက်လျှင် အမျိုးသမီးများနှင့် အသားရောင်ခွဲခြားခံရသူများသည် အလုပ်ရနိုင်ချေ နည်းပါးခြင်း၊ အလုပ်လက်မဲ့နှုန်း မြင့်မားလာသည့်အချိန်တွင် ၎င်းတို့၏ လုပ်အားခများကိုတိုးမြှင့်တောင်းခံရန် ညှိနှိုင်းနိုင်စွမ်း လျော့နည်းစေသည်။ ဦးစားပေး ကဏ္ဍများ သို့မဟုတ် အုပ်စုများကို ချေးငှားရန်အတွက် ဘဏ်များ အား ချေးငွေ အာမခံချက်များနှင့် မက်လုံးများပေးခြင်း ကဲ့သို့သော မူဝါဒများသည် အမျိုးသမီးများ၊ အသားရောင် ခွဲခြားခံရသူများနှင့် အလုပ်သမားများကို ထည့်သွင်းခြင်း သို့မဟုတ် ဖယ်ထုတ်ခြင်း ပြုလုပ်နိုင်သည့် အခြား လမ်းကြောင်း တစ်ခုဖြစ်သည်။[၂၂][22] ဘဏ်များ သည် များသောအားဖြင့် အကြီးစားငွေချေးသူများအား မျက်နှာသာ ပေးလေ့ ရှိသောကြောင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် ချေးငွေများသည် ပို၍ ခက်ခဲပြီး အတိုးနှုန်း ပို၍ များသည်။ ကျား၊မရေးရာမူဝါဒတွင် အထူးသဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ထားသော ချေးငွေနှင့် ချေးငွေအာမခံချက်များ နှင့်အတူ အမျိုးသမီးများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အပေါ် ဘဏ် များ၏ ခွဲခြားဆက်ဆံမှုကို စောင့်ကြပ်ကြည့်ရှုရန် တင်းကြပ်သော လုပ်ဆောင်ချက်များပါဝင်သည်။ ကျွန်ုပ်တို့ တွင်ရှိသော သတင်းအချက်အလက်များဖြင့် ဤအကြောင်းအရာများအားလုံးကို ခြေရာခံနိုင်မည် မဟုတ်ပေ။

ငွေကြေးမူဝါဒ၏ ကျား၊မရေးရာအကျိုးသက်ရောက်မှုများကို စိစစ်သုံးသပ်ရန် ညွှန်းကိန်းသုံးမျိုးကို ထည့်သွင်း စဉ်းစားထားပါသည်။ (၁) အတိုးနှုန်းနှင့် သီးသန့်အရန်ထားသည့်မူဝါဒများ၊ (၂) အရေးအတွက်လျှော့ချခြင်း၊ ချေးငွေနှင့် ချေးငွေအာမခံချက်များ (၃) ငွေလဲလှယ်နှုန်းမူဝါဒများနှင့် ရင်းနှီးငွေထိန်းချုပ်မှုများနှင့် (၄) အခြား ငွေကြေး မူဝါဒများဖြစ်သည်။

### က) အတိုးနှုန်းနှင့် အရန်ထားငွေဆိုင်ရာ မူဝါဒများ

အတိုးနှုန်းများအား အသုံးပြု၍ အကျပ်အတည်းကိုဖြေရှင်းသည့် စိန်ခေါ်မှုများစွာမှာ မှတ်သားဖွယ်ဖြစ်သည်။ ပထမအချက်မှာ စီးပွားရေးကို လှုံ့ဆော်ရန် အတိုးနှုန်းကိုလျှော့ချခြင်းသည် ကျား၊မရေးရာအပေါ် မညီမျှသည့် အကျိုးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ အချို့သော စက်မှုလုပ်ငန်းများသည် အခြားလုပ်ငန်းများထက် အတိုးနှုန်းတွင် ထိခိုက်လွယ်သည်။ ဥပမာအားဖြင့် တာရှည်ခံကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းသည် အတိုးနှုန်း ဆိုင်ရာ ထိခိုက်လွယ်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သုံးစွဲသူများသည် ဝယ်ယူမှု၏ များပြားသောကုန်ကျစရိတ်ကို မတည်နိုင်ရန် ချေးငှားရသောကြောင့် ဖြစ်သည်။ သို့သော်လည်း အတိုးနှုန်း နိမ့်ကျခြင်းသည် အမျိုးသမီးများ အလုပ်လုပ်ကိုင်နေသော လုပ်ငန်းအမျိုးအစားများ (ဥပမာ ဝန်ဆောင်မှုပေး သည့် အခန်းကဏ္ဍမှ အသေးစား စီးပွားရေးလုပ်ငန်းများ) အပေါ် သက်ရောက်မှုရှိနိုင်မည်မဟုတ်ပေ၊ ၎င်းတို့သည် အိမ်ထောင်စုများအတွက် သုံးစွဲသူကြွေးမြီ၏ ကုန်ကျစရိတ်ကို လျှော့ချပြီး၊ အလုပ်အကိုင်အား လှုံဆော်ပေးနိုင် သည့် စီးပွားရေးလုပ်ငန်း၏ ချေးငှားမှုအပေါ် သက်ရောက်မှုရှိလိမ့်မည်။ဒုတိယအချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် အတိုးနှုန်းမူဝါဒကို ငွေလဲလှယ်နှုန်းအပေါ် အကျိုးသက်ရောက်မှုကြောင့် ကန့်သတ်ထားသည်။ အတိုးနှုန်း နိမ့်ကျခြင်းသည် ငွေအရင်းအနှီး ယိုစိမ့်ခြင်းကိုဖြစ်ပေါ်စေနိုင်ပါသည်၊ ဥပမာ- စုစုပေါင်းဝယ်လိုအားကို

---

[21] ၂၁ Seguino၊ S။ (၂၀၁၉). “ကျားမရေးရာတန်းတူညီမျှမှုအတွက် ထောက်ပံ့ရန် Macro မူဝါဒနည်းလမ်းများ” ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ပြန်လည်ဆန်းစစ်ခြင်း ၃၇(၄) - ၅၀၄-၅၂၅ ။

[22] ၂၂ ပိုင်ဆိုင်မှုအခြေပြု သီးသန့် အရန်ထားသည့် လိုအပ်ချက်များသည် ဗဟိုဘဏ်များကို သတ်မှတ်ထားသော ကဏ္ဍများသို့ ချေးငွေများကို လမ်းညွှန်ပေးရန် အသုံးပြုနိုင်သည်။

လှုံ့ဆော်ရန် အတွက် ယခု မူဝါဒအား အသုံးပြုမှုကို ကန့်သတ်ထားခြင်းကဲ့သို့ဖြစ်သည်။

*အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများ*

- အတိုးနှုန်းများ – ဗဟိုဘဏ်မှ အတိုးနှုန်းများကို လျှော့ချခဲ့ပါသလား။ မည်မျှလျှော့ချခဲ့ပါသနည်း။
- သီးသန့်အရန်ထားသည့် လိုအပ်ချက်များ – ဗဟိုဘဏ်မှ သီးသန့်အရန်ထားသည့် လိုအပ်ချက်များကို လျှော့ချခဲ့ပါသလား။ မည်မျှလျှော့ချခဲ့ပါသနည်း။

## (ခ) အရေအတွက်လျှော့ချခြင်း၊ ချေးငွေနှင့် ချေးငွေအာမခံချက်များ

စီးပွားရေးအကျပ်ကာလတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သော အရေအတွက်လျှော့ချခြင်း (QE) သည် ငွေကြေး မူဝါဒတစ်ခုဖြစ်ပြီး၊ အစိုးရ၏ ကြွေးမြီနှင့် ကော်ပိုရေးရှင်းဆိုင်ရာ ကြွေးမြီများကို ဗဟိုဘဏ်က ငွေချေးစာချုပ်ပုံစံ ဖြင့် ဝယ်ယူခြင်းဖြင့် စီးပွားရေးလုပ်ဆောင်မှုများ ကျယ်ပြန့်လာရန်အတွက် နိုင်ငံစီးပွားရေးသို့ ငွေကြေးရောက်ရှိ သည်။ ပန်းတိုင်မှာ ရေရှည်အတွက် အတိုးနှုန်းများကို နိမ့်ကျစေရန်လည်းဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ၎င်းတို့၏ ဝယ်ယူမှုများအတွက် ရန်ပုံငွေရှာဖွေရန် ငွေကြေးဖန်တီးစွမ်းရည်တွင် အကန့်အသတ်ရှိသည်။ သို့သော် ၎င်းတို့၏အစိုးရများသည် အသေးစားစီးပွားရေးလုပ်ငန်းများကို ချေးငှားသော ဘဏ်များအား ချေးငွေအာမခံချက် များကို ကမ်းလှမ်းနိုင်သည်။

*အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများ*

- *အရေအတွက်လျှော့ချခြင်း* – GDP နှင့်နှိုင်းယှဉ်လျှင် ပုဂ္ဂလိကနှင့် ပြည်၎င်းတို့၏ ပိုင်ဆိုင်မှု ဝယ်ယူခြင်း၏ အရွယ်အစားမှာ မည်မျှနည်း။
- *MSE များနှင့် MWO* စီးပွားရေး*လုပ်ငန်းများကို ငွေချေးခြင်း* – MSE များနှင့် MWO စီးပွားရေးလုပ်ငန်းများအတွက် သတ်မှတ်ထားသော ချေးငွေပမာဏ၏ အရွယ်အစားမှာ မည်မျှနည်း။ ၎င်းတို့၏ စုစုပေါင်း ချေးငွေများ အစုရှယ်ယာမှာ မည်မျှနည်း။

*အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ*

- *ချေးငွေအာမခံချက်များ* – ဗဟိုဘဏ်များ သို့မဟုတ် အမျိုးသားအစိုးရများသည် MSE များနှင့် MWO စီးပွားရေးလုပ်ငန်းများကို သတ်မှတ်ထားသောချေးငွေအာမခံချက်များ ကမ်းလှမ်းပါသလား။

## (ဂ) အခြား ငွေကြေးမူဝါဒများ

တီထွင်ဆန်းသစ်နိုင်စွမ်းရှိသော ဗဟိုဘဏ်များအတွက် အခြားနည်းလမ်းများစွာရှိသည်။ အခြားငွေကြေးမူဝါဒများ၏ ကျား၊မရေးရာအသိအမြင်အား အကဲဖြတ်ရန် အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများအနေဖြင့် အသုံးပြုနိုင်သည့် ဖြစ်နိုင်ချေရှိသော နည်းလမ်းအမျိုးမျိုးကို အောက်တွင်ဖော်ပြထားသည်။ မူဝါဒများတွင် တိကျပြတ်သားသော ကျား၊မရေးရာခွဲခြားမှု မရှိသော်လည်း အမျိုးသမီးများသည် အချိုးအစားမမျှတစွာ အကျိုးခံစားရမည် ဆိုပါက မူဝါဒများသည် ကျား၊မရေးရာ တန်းတူညီမျှမှုရှိစေရန် လုပ်ဆောင်နိုင်သည်။

*အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ*

- ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များအား ကြွေးမြီပေးရန် ခေတ္တရပ်ဆိုင်းပေးခြင်းကို အကောင်အထည်ဖော်ရန် အကြံပေးပါသလား။ (အဓိကကျသော ချေးငွေပြန်ဆပ်မှုနှင့် ချေးငွေအပေါ် အတိုးကို ဆိုလိုခြင်း ဖြစ်ပါသည်)
- ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ်များအား အမြတ်ဝေစုခွဲဝေမှုကို ဆိုင်းငံ့ထားရန်နှင့် ငွေချေးရသည့် ရည်ရွယ်ချက်များအတွက် အရင်းအနှီး ပိုမိုများပြားစွာထားရန် အကြံပေးပါသလား။

• ဗဟိုဘဏ်သည် စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ၊ အမျိုးသမီးလယ်သမားများနှင့် MWO စီးပွားရေးလုပ်ငန်းများအား သတ်မှတ်ထားသော ချေးငွေပေးပါသလား သို့မဟုတ် ထောက်ပံ့ကြေး ပေးသော ချေးငွေပေးပါသလား။

## (ဃ) ငွေပေးငွေယူရှင်းတမ်း မူဝါဒများ

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများသည် မကြာခဏ“ဘေးကင်းလုံခြုံမှု” ကို အလျင်စလို ဦးတည်ကြ သည်။ငွေပေါ်လွယ်သည့် အမေရိကန်ဒေါ်လာကဲ့သို့ စိတ်ချရသော ငွေကြေးများ သိမ်းဆည်းထားခြင်းကို ဦးစားပေးခြင်းကြောင့် အရင်းအနှီးအမြောက်အမြား ယိုစီးဆင်းမှုကို ဖြစ်စေသည်။ COVID 19 ကြောင့် ဖြစ်ပေါ်စေသော စီးပွားရေး အကျပ်အတည်းမှာ ထိုနည်းတူပင်ဖြစ်သည်။ အရေးပါလာသော ဈေးကွက် များနှင့် ဖွံ့ဖြိုးဆဲစီးပွားရေးများမှ ရင်းနှီးမြှုပ်နှံ ငွေများ ပြင်ပသို့စီးဆင်းမှုကို COVID 19 စတင်ကတည်းက ကြေညာ ခဲ့သည်။ ၂၀၂၀ခုနှစ် မတ်လတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အရင်းအနှီးစီးဆင်းမှုသည်ဒေါ်လာ ၈၃ ဘီလီယံရှိ သည်။ ၎င်းသည် ၂၀၀၈ ခုနှစ်အစောပိုင်း ဘဏ္ဍာရေး အကျပ်အတည်း၏ အရင်းအနှီးစီးဆင်းမှု ထက် ၃ဆ ပိုမိုများပြား သည်။[23] ရလဒ်မှာ ကုန်စည်ဈေးနှုန်းကျဆင်းမှု၏ အကျိုးသက်ရောက်မှု ရင်ဆိုင်နေရသော နိုင်ငံများတွင် ငွေကြေးတန်ဖိုး လျော့ကျစေခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံငွေ ပြည်ပသို့စီးဆင်းမှု၊ ငွေလဲလှယ်နှုန်းမတည်ငြိမ်မှုနှင့် ငွေကြေးတန်ဖိုးလျော့ကျမှုတို့၏ ငွေပေး ငွေယူရှင်းတမ်း(Balance of Payment)အပေါ် အကျိုးသက်ရောက်မှုတို့ကို တုံ့ပြန်ရန်အတွက် အစိုးရတွင် နည်းလမ်းများစွာရှိသည့်အနက် နည်းလမ်းတစ်ခုမှာ မည်သို့မျှတုံ့ပြန်မှုမပြုခြင်းဖြစ်သည်။ နိုင်ငံအတော် များများက ဤကဲ့သို့ ငွေလဲနှုန်းမြင့်တက်မှုကို ခွင့်ပြုထားခြင်းမှာ ငွေကြေးတန်ဖိုးလျော့ကျမှုကြောင့် ပို့ကုန်များ ၏ ဝယ်လိုအားကို နှိုးဆွပေးမည်ဟူသော မျှော်လင့်ချက်ဖြင့်ဖြစ်သည်။ ထိုအချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ငွေလဲနှုန်းနှင့် ကုန်သွယ်ရေးနှင့်ဆိုင်သော အပြောင်းအလဲများမှ ကာကွယ်ရန် လုံလောက်မည်မဟုတ်ပါ။ ဝယ်လိုအားမြင့်တင်ရန်နှင့် ကုန်ပစ္စည်းဈေးနှုန်းကျဆင်းမှုကြောင့် ငွေကြေးဆုံးရှုံးမှုကို ကျော်လွှားနိုင်ရန် အတွက် ငွေကြေးတန်ဖိုးလျော့ကျစေမှုကို တုံ့ပြန်ရန်အတွက် ချမ်းသာသော နိုင်ငံများထံမှ ပို့ကုန်ဝယ်လိုအား သည် လုံလောက်မှု မရှိနိုင်ပါ။

နိုင်ငံများအနေဖြင့် ဤပြဿနာများကို ဖြေရှင်းနိုင်မည့် အဆင့်များရှိသည်။ တစ်ခုမှာ အဖွဲ့အစည်းများတွင် ရင်းနှီးငွေအားထိန်းချုပ်မှုဖြစ်သည်။ ယင်းမှာဖွံ့ဖြိုးဆဲနိုင်ငံ၏ ငွေလဲနှုန်းများအပေါ် ဖိအားဖြစ်စေသည့် ပြင်ပသို့ ရင်းနှီးမြှုပ်နှံငွေစီးဆင်းမှုကို ကန့်သတ်ထားနိုင်သည်။ နိုင်ငံတစ်နိုင်ငံချင်းစီအနေဖြင့် ရင်းနှီးမြှုပ်နှံသူများ အကြားတွင် မကောင်းသတင်း အကျိုးသက်ရောက်မှုရှိနိုင်သဖြင့် ထိုသို့ထိန်းချုပ်မှုများကို ချမှတ်ရန် ခက်ခဲ သည်။ ရလဒ်အနေဖြင့် အရင်းအနှီးထိန်းချုပ်မှုများအား စုပေါင်းချမှတ်ခြင်းအတွက် ဒေသတွင်းနှင့်နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုသည် အရေးကြီးသည်။ နိုင်ငံအချို့က ရှိနှင့်ပြီးသားအရင်းအနှီးထိန်းချုပ်မှုတွင် ပြည်တွင်း သို့ ငွေကြေးစီးဝင်မှုအား ဖြေလျှော့ပေးခဲ့ပါသည်၊ သို့သော် ပြည်ပသို့ အရင်းအနှီး စီးဆင်းမှုကို ကုစားရန် ဆောင်ရွက်မှုများတွင် အလွန်အကန့်အသတ်ရှိသည်။ ထိုသို့ အရင်းအနှီး ပြည်ပသို့စီးဆင်းခြင်းကို ကန့်သတ်မှု များထားသော်လည်း နိုင်ငံများသည် နိုင်ငံခြားငွေ လဲလှယ်မှု ဆက်လက်လိုအပ်ဆဲဖြစ်သည်။

[23] ၃၃ Ghoshi J။ (၂၀၂၀) “ အကျပ်အတည်းနှင့် ကမ္ဘာ့စီးပွားရေး “ ၊ နိုင်ငံတကာ သိပ္ပံကောင်စီ

ငွေလဲလှယ်နှုန်း ပြတ်လပ်မှုများကို ဖြေရှင်းရန်အတွက် နိုင်ငံများသည် ဗဟိုဘဏ်များနှင့် ငွေကြေး လဲလှယ်မှုများ ပြုလုပ်နိုင်သည်။ ငွေကြေးလဲလှယ်မှု ဆောင်ရွက်ချက်များသည် အမေရိကန် ဒေါ်လာနှင့် အခြားအဓိကကျသော ငွေကြေးများကို လဲလှယ်နိုင်သည်။ ၎င်းတို့သည် ပြည်တွင်းဘဏ္ဍာရေးဈေးကွက် တည်ငြိမ်စေရန်နှင့် လက်ခံရရှိသည့် ဗဟိုဘဏ်များအား နိုင်ငံခြားငွေထောက်ပံ့ရန်ကူညီပေးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ငွေကြေး တန်ဖိုး လျှော့ချရန် အချို့သောဖိအားများကို လျှော့ချပေးသည်။

ထို့အပြင် အချို့နိုင်ငံများအနေဖြင့် ၎င်းတို့၏ ငွေလဲလှယ်နှုန်းကို ကန့်သတ်ချက်မရှိ ခွင့်ပြုထားသော်လည်း မတည်ငြိမ်မှု လျှော့ချရန်နှင့် အကျပ်အတည်းများကို ချောမွေ့စွာဖြတ်သန်းရန် အဆင့်များစွာဖြင့် လုပ်ဆောင်နိုင် သည်။ ဥပမာအားဖြင့် နိုင်ငံခြားငွေ စုဆောင်းထားနိုင်ရန် ဇိမ်ခံပစ္စည်းများတင်သွင်းမှုကို နီပေါနိုင်ငံတွင် ကန့်သတ် ထားသကဲ့သို့ နိုင်ငံများကလုပ်ဆောင်နိုင်သည်။ ဘဏ္ဍာရေးတည်ငြိမ်မှုမြင့်တင်ရန်နှင့် ဆေးဝါးပစ္စည်း ကိရိယာများနှင့် ဆေးဝါးများအစရှိသည့် လိုအပ်သောသွင်းကုန်ပစ္စည်းများ၏ မြင့်တက်လာသော ကုန်ကျစရိတ်များမှ ပြည်တွင်းစီးပွားရေးကို ကာကွယ်ရန်အတွက် နိုင်ငံများအနေဖြင့် ငွေလဲနှုန်း လျင်မြန်စွာပြောင်းလဲခြင်းကို တည်ငြိမ်စေရန် နိုင်ငံခြားငွေလဲလှယ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်သည်။ ထို့အပြင် ဗဟိုဘဏ်များသည် ပြည်တွင်းဘဏ်များ၏ ဒေါ်လာ သို့မဟုတ် အခြားအဓိကကျသော ငွေကြေးများကို ရောင်းချနိုင်စွမ်းအားကို ကန့်သတ်ထားနိုင်သည်။

*လုပ်ထုံး လုပ်နည်း ဆိုင်ရာ/ မူဝါဒ ညွှန်းကိန်းများ*

- အဓိကဗဟိုဘဏ်များနှင့် ငွေကြေးလဲလှယ်မှုများ
- အရင်းအနှီး ထိန်းချုပ်မှုများ
- မတည်ငြိမ်မှုနှင့် လှုပ်ခတ်မှုများကို လျှော့ချရန် ငွေလဲလှယ်နှုန်း စီမံခန့်ခွဲမှု
- ဇိမ်ခံပစ္စည်းများတင်သွင်းမှု ကန့်သတ်ချက်
- ဝယ်ယူသူများအား အဓိကကျသော ငွေကြေးများကိုရောင်းရန် ဘဏ်များ၏စွမ်းရည်အပေါ် ကန့်သတ်ချက်များ

| ငွေကြေးမူဝါဒ | | |
|---|---|---|
| | အရေအတွက်ဆိုင်ရာ ညွှန်းကိန်းများ | လုပ်ထုံး လုပ်နည်း ဆိုင်ရာ/ မူဝါဒ ညွှန်းကိန်းများ |
| • အတိုးနှုန်းနှင့်သီးသန့် အရန်ထားသည့်မူဝါဒများ | • အတိုးနှုန်းများ<br>• သီးသန့်အရန်ထားရန် လိုအပ်ချက် များ | • ချေးငွေအာမခံချက်များ |
| • အရေအတွက်လျှော့ချခြင်း၊ ချေးငွေနှင့်<br>• ချေးငွေအာမခံချက်များ | • ပိုင်ဆိုင်သောပစ္စည်း ဝယ်ယူမှု<br>• MSE များနှင့် MWO စီးပွားရေးလုပ်ငန်းများသို့ ငွေချေးခြင်း | |
| • အခြားငွေကြေးမူဝါဒများ | | • ကြွေးမြီပြန်လည်ပေးရန်ခေတ္တရပ်ဆိုင်းပေးခြင်း<br>• အစုအပေါ် အမြတ်ငွေများ ပေးချေမှုကို ဆိုင်းငံ့ခြင်း<br>• သတ်မှတ်ထားသည့် ချေးငွေ |
| ပြည်ပငွေပေး ငွေယူ ရှင်းတမ်း ဆိုင်ရာ မူဝါဒများ | | • အဓိက ဗဟိုဘဏ်များနှင့် ငွေကြေး လဲလှယ်ခြင်း<br>• အရင်းအနှီးထိန်းချုပ်ခြင်း<br>• မတည်ငြိမ်မှုနှင့် လှုပ်ခတ်မှုများ ကို လျှော့ချရန် ငွေလဲလှယ်နှုန်း စီမံခန့်ခွဲမှု<br>• ဖိမ်ခံပစ္စည်းများ တင်သွင်းခြင်း ကန့်သတ်ချက်<br>• ဝယ်ယူသူများအား အဓိကကျ သော ငွေကြေးများကို ရောင်းရန် ဘဏ်များ၏ စွမ်းရည်အပေါ် ကန့်သတ်ချက်များ |

## ၆။ စောင့်ကြပ်ကြည့်ရှုခြင်း နည်းလမ်းတစ်ခု ဖြစ်သော ကျား၊မရေးရာ ဘတ်ဂျက်ရေးဆွဲခြင်း၏ အခန်းကဏ္ဍ

ယခင် အကျပ်အတည်းကာလများ၏ သက်သေအထောက်အထားများအရ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးရေး (fiscal stimulus) အစီအစဉ် များကို ကျင့်သုံးပြီးနောက် ကာလတိုအတွက် အစိုးရများသည် ခြိုးခြံချွေတာရေး မူဝါဒများ (austerity policies) ပုံမှန်အားဖြင့် ချမှတ်လေ့ရှိကြသည်။ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၎င်းသည် ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည် အကန့်အသတ်ရှိ ခြင်းကြောင့် ဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးရေးသည် ပြင်ပဈေးကွက်များမှ ငွေချေးယူခြင်းနှင့် သို့မဟုတ် ဘက်ပေါင်းစုံအဖွဲ့အစည်းများမှ ချေးငွေရယူခြင်းများအပေါ် မူတည်နေပါက ကြွေးမြီပေးဆပ်ခြင်းသည် အစိုးရအတွက်ဘဏ္ဍာရေးရာအခွင့်အလမ်းကို ကျဉ်းမြောင်းစေပြီး ကာလလတ်မှစ၍ ကာလရှည်တိုင်အောင် စီးပွားရေးပြန်လည်ကောင်းမွန်မှုကို နှေးကွေးစေသည်။ တစ်ဖက်မှ လည်း ကျားမရေးရာ တန်းတူ ညီမျှမှု တိုးတက်ခြင်းကို ရရှိရန် နှေးကွေးစေသည်။

ဥပမာအားဖြင့် ၂၀၀၈ ခုနှစ် အကျပ်အတည်းများဖြစ်ပြီးနောက် အစိုးရများစွာသည် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးရေး နည်းလမ်းများကို တဖြည်းဖြည်းလျှော့လာကြပြီး ဘဏ္ဍာရေးဆိုင်ရာ ခြိုးခြံချွေတာမှုသို့ ပြောင်းလဲခဲ့သော်လည်း ၂၀၁၀ တွင်ပင်လျှင် အလုပ်လက်မဲ့နှုန်း များပြားနေဆဲဖြစ်သည်။ ပြည်သူများ၏ ကြွေးမြီများ မြင့်တက်လာခြင်းကြောင့် ဘဏ္ဍာရေးဆိုင်ရာ ဖိအားများဖြစ်ပေါ်လာသဖြင့် နိုင်ငံများသည် လူမှုရေးရာ အသုံးစရိတ် လျှော့ချခြင်း၊ ကျန်းမာရေးဘတ်ဂျက်လျှော့ချခြင်း၊ ပြည်သူ့ရေးရာကဏ္ဍမှ လုပ်အားခများ ဖြတ်တောက်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းနှင့် အခွန်တိုးမြှင့်ခြင်းများပြုလုပ်ခဲ့ကြသည်။ ထိုကဲ့သို့ ဘဏ္ဍာရေးဆိုင်ရာ ခြိုးခြံချွေတာမှုကို ဦးတည်ထားလုပ်ဆောင်ခြင်းသည် လုပ်ငန်းကိစ္စများစွာအား နှောင့်နှေးကြန့်ကြာစေပြီး GDP တိုးတက်မှုနှင့် အလုပ်အကိုင်များအပေါ် ဆိုးကျိုးများသက်ရောက်စေသည်။

ကျားမရေးရာတုံ့ပြန်ဆောင်ရွက်သောဘတ်ဂျက်တွင်COVID19 ကုစားမှုအစီအစဉ်ဒီဇိုင်းနှင့်အကျိုးသက်ရောက်မှုကို စောင့်ကြည့်ကြပ်မတ်ရန် နည်းလမ်းအမျိုးမျိုး ပါရှိသည်။ အဆိုပါ အစီအစဉ်များမှ ရရှိသော စိစစ်တွေ့ရှိချက်နှင့် အချက်အလက်များသည် အစိုးရများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့အား မည်သည့်ကုစားမှု အစီအစဉ်သည် ကျား၊မရေးရာတန်းတူညီမျှမှုကို မြှင့်တင်ပေးသည်ကို အကဲဖြတ်ရာတွင် အတိုင်းအတာတစ်ခုအထိ အထောက်အကူ ပြုနိုင်သည်။ ကုစားမှုအစီအစဉ်များက လူအများထံ ငွေကြေးထောက်ပံ့မှုများ ပြုလုပ်ပေးနေသော်လည်း အထူးသဖြင့် ဝင်ငွေနည်းပါးသော အမျိုးသမီးများအတွက် ငွေကြေးထောက်ပံ့မှုများ ရောက်ရှိစေရန်တွင် အတားအဆီးများစွာ ရှိနိုင်သောကြောင့် အဆိုပါ အချက်အလက် များသည် ကုစားမှု အစီအစဉ်များအား မည်ကဲ့သို့စီစဉ်ဆောင်ရွက်မည်နှင့် အကောင်အထည်ဖော်မည်ကို စောင့်ကြည့် ရာတွင် အရေးကြီးသည်။

အထူးသဖြင့် အစီအစဉ်၏ လုပ်ငန်းလည်ပတ်မှုနှင့် အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာရန်အတွက် အသုံးဝင်ဆုံးသော နည်းလမ်းများမှာ -

- အစိုးရအနေဖြင့် အမျိုးသမီးများအား ပံ့ပိုးကူညီမှုနှင့် ကျား၊မရေးရာတန်းတူညီမျှမှုကို မြှင့်တင်ရန် မည်သို့ စီစဉ်ထားသည်ကို ဖော်ပြသည့် Gender Budget Statement ကို အများပြည်သူတို့ သိရှိနိုင်ရန်ဆောင်ရွက်ထားခြင်း
- လွှတ်တော်မေးခွန်းများနှင့် ကော်မတီကြားနာစစ်ဆေးခြင်းတို့မှ တစ်ဆင့် အစီအစဉ်ကို စေ့စပ်စွာ ကြည့်ရှုစစ်ဆေးနိုင်ရန် လွှတ်တော်အဖွဲ့ဝင်များအား ပံ့ပိုးကူညီခြင်း
- အမျိုးသမီးများနှင့် ကျား၊မရေးရာ တန်းတူညီမျှမှုတို့အပေါ် ပံ့ပိုးကူညီနေခြင်းသည် မည်မျှအထိ သက်ရောက်မှုရှိနေကြောင်း အစီအရင်ခံစာများ ထုတ်ပြန်ပေးရန်နှင့် ယင်း အစီအစဉ်၏ ငွေထုတ်ပေးမှုကို စောင့်ကြပ်ကြည့်ရှုရန်အတွက် အသုံးစရိတ်ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်ကြည့်ရှုသည့်စနစ်
- အမှန်တကယ်ထုတ်ပေးလိုက်သည့် အသုံးစရိတ်များသည် ကျား၊မရေးရာတန်းတူညီမျှမှု အပေါ် အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ခြင်း အပါအဝင် အသုံးစရိတ်များကို ပြည်နယ်စာရင်းစစ် အဖွဲ့အစည်းမှ စာရင်းစစ်ခြင်း
- အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို မည်သို့တုန့်ပြန်ဆောင်ရွက်နေသည်နှင့် လက်တွေ့မြေပြင်တွင် ဝန်ဆောင်မှုပေးနေခြင်းများကို စောင့်ကြပ်ကြည့်ရှုရန်အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပြုလုပ်သော Social Auditing ကို ပံ့ပိုးကူညီခြင်း၊ ဘဏ္ဍာရေးကုစားမှု အစီအစဉ်များတွင် (VAWနှင့် / သို့မဟုတ် SRHR ကဲ့သို့) ရှေ့တန်းမှ ဝန်ဆောင်မှုပေးနေသောသူများနှင့် အမျိုးသမီးအဖွဲ့အစည်းများအတွက် ပံ့ပိုးကူညီမှုမည်မျှပါဝင်နေသည်ကိုလည်း လေ့လာဆန်းစစ် နိုင်ပါသည်။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်၏ လုပ်ငန်းလည်ပတ်မှုနှင့် ကုစားမှုအစီအစဉ်၏ လုပ်ငန်းလည်ပတ်ခြင်းအား ဟန့်တားနိုင်မှု သို့မဟုတ် ပံ့ပိုးနိုင်မှုကို အကဲဖြတ်ဆန်းစစ်ရန်မှာလည်း အရေးပါသည်။ နိုင်ငံများအနေဖြင့် COVID 19 အစီအစဉ်အတွက် ဘဏ္ဍာရေးအခွင့်အလမ်းဖန်တီးနိုင်သည့်အခါတွင် လက်ရှိရင်းမြစ်များကို ပြန်လည်ခွဲဝေနေရာချထားရန်၊ ရန်ပုံငွေများကို အလျင်အမြန်ထုတ်ပေးနိုင်ရန်နှင့် ဘဏ္ဍာရေးစီးဝင်မှု အသစ်များကို လက်ခံဆောင်ရွက်နိုင်ရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်(PFM)သည် ပြောင်းလွယ်ပြင်လွယ်ဖြစ်ရန် လိုအပ်သည်။ PFM စနစ်သည် နှစ်စဉ်ဘတ်ဂျက်များကို သဘောတူပြီးသည်နှင့် အရင်းအမြစ်များကို လွယ်ကူစွာ ရွှေ့ ပြောင်းရန် သို့မဟုတ် ပြန်လည်ခွဲဝေရန် ခက်ခဲသောကြောင့် ၎င်းရည်မှန်းချက်များအတွက် အတားအဆီး ဖြစ်နိုင်သည်။

သို့သော်လည်း ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်ရန် ဘတ်ဂျက်စည်းမျဥ်းများကို ပြုပြင်ခြင်းအားဖြင့် 'ဘတ်ဂျက်ဆိုင်ရာ အခွင့်အလမ်းများ'ကို တိုးမြှင့်ရန်နည်းလမ်းများစွာရှိသည်။ (ဥပမာအားဖြင့် တရုတ်နိုင်ငံသည် အသုံးစရိတ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် လျာထားငွေကိုတိုးမြှင့်ရန်နှင့် ငွေပေးချေမှု မြန်ဆန်စေရန် လွယ်ကူစွာဆောင်ရွက်နိုင်သည့်နည်းလမ်းကိုကျင့်သုံးခဲ့ခြင်း)၊ဖြည့်စွက်ဘတ်ဂျက်များ(supplementary budgets)-(မော်ရိကို နိုင်ငံသည် COVID 19 ၏ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှုကိုဖြေရှင်းရန် အထူးရန်ပုံငွေ ပေါင်းစုခြင်းနည်းဖြင့် ဒေါ်လာ ၃၃ ဘီလီယံ ရရှိနိုင်အောင် ဆောင်ရွက်ခဲ့ခြင်း)၊ လက်ရှိအသုံးပြုနေသော ငွေစာရင်းခေါင်းစဉ်များ အတွင်း အသုံးစရိတ်တိုးမြှင့်ခြင်း- (ဥပမာ ကာကွယ်ဆေးအတွက် ကျန်းမာရေး ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် PPE များ ဝယ်ယူခြင်း)၊ MSE များတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် ၁၀၀ ရာခိုင်နှုန်းချေးငွေအာမခံချက်ရရှိမည့် အစီအစဉ်များအပါအဝင် အစီအစဉ်သစ်များဆောင်ရွက်ခြင်း-(ဥပမာ ယူကေနိုင်ငံ)။ နိုင်ငံအများသည် ဘတ်ဂျက်အတည်ပြုရေးအတွက် မြန်ဆန်သောလုပ်ထုံးလုပ်နည်းများ ပါဝင်သည့် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်ခဲ့ခြင်း (ဥပမာ ကနေဒါနိုင်ငံ)။

ပိုမိုသွက်လက်မြန်ဆန်သည့် PFM စနစ်များရှိရန် အရေးကြီးသကဲ့သို့ တာဝန်ခံမှု၊တာဝန်ယူမှု(check and balances) အတွက် လုပ်ငန်းယန္တရားများကို ထိန်းသိမ်းခြင်း သို့မဟုတ် အားဖြည့်ခြင်းလည်း အရေးကြီးပါသည်။ ယူကေနိုင်ငံတွင် ရောဂါပိုးစမ်းသပ်ခြင်းအတွက် ပြင်ပရင်းမြစ်များကို အသုံးပြုခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း တို့တွင် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သောအခြေအနေမျိုးကဲ့သို့ အစိုးရများသည် မြန်ဆန်စွာဆောင်ရွက် ရန် ပုံမှန်စည်းမျဥ်းစည်းကမ်းများကို ဆိုင်းငံ့နိုင်ဖွယ်ရှိသည့်အတွက် အထူးသဖြင့် ပြင်ပရင်းမြစ်ကို အသုံးပြုခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းတို့သည်လည်း အရေးကြီး ပါသည်။

ကျားမရေးရာ တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ဘတ်ဂျက်ကို စောင့်ကြပ်ကြည့်ရှုရန်အတွက် အဆိုပါ နည်းလမ်းများ၏ အကောင်အထည်ဖော်မှုကို အကဲဖြတ်ရန်ညွှန်းကိန်းများတွင် အောက်ပါအချက်များပါဝင်သည် -

- ကျားမရေးရာဘတ်ဂျက်ထုတ်ပြန်ချက် (GBS) - အစိုးရသည် (ဘတ်ဂျက်တင်သွင်းခြင်း၏ တစ်စိတ်တစ်ပိုင်း အနေဖြင့်)COVID 19 ဘတ်ဂျက်အစီအစဉ်၏ ကျား၊မရေးရာဘတ်ဂျက်ထုတ်ပြန်ချက်ကို ဆောင်ရွက်ခဲ့ပါသလား။ဆောင်ရွက်ခဲ့သည်ဆိုပါကGBSတွင်အောက်ဖော်ပြပါအချက်များပါဝင်ပါသလား။
    - ဆောင်ရွက်ရမည့် ကျား၊မရေးရာရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းသောဖော်ပြချက်
    - ကျား၊မရေးရာရည်ရွယ်ချက်များဆောင်ရွက်ရန်အတွက် အရင်းအမြစ်ခွဲဝေချထားမှု အသေးစိတ်စာရင်း
    - ဖော်ပြထားသော ကျား၊မရေးရာရည်မှန်းချက်များကို ပြည့်မီစေရန် စွမ်းဆောင်ရည်ကို တိုင်းတာသည့် ရလာဒ် ညွှန်းကိန်းများ
    - အများပြည်သူသိရှိစေရန် ထုတ်ပြန်ချက်

- လွှတ်တော်ဆိုင်ရာ စိစစ်ခြင်း - COVID 19 အစီအစဉ်ကို ပြန်လည်သုံးသပ်ခြင်း/စိစစ်ခြင်းတွင် ကျားမရေးရာ တုံ့ပြန်ဆောင်ရွက်သော ဘတ်ဂျက်များနှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို လွှတ်တော်က မေးမြန်းခဲ့ပါ သလား။
  - ကျားမရေးရာရည်မှန်းချက်များအောင်မြင်ရန်လုံလောက်စွာဘတ်ဂျက်ခွဲဝေချထားခြင်း အပါအဝင် ကျား၊မရေးရာဘတ်ဂျက်ထုတ်ပြန်ချက်နှင့်ပတ်သက်၍ လွှတ်တော်အမတ်များက မေးခွန်းများ မေးခဲ့ပါသလား။
  - အဆိုပြုထားသော ဘတ်ဂျက်ခွဲဝေချထားပေးခြင်းနှင့်/သို့မဟုတ် ဖြတ်တောက်ခြင်းများ အပေါ် ကျား၊မရေးရာ သက်ရောက်မှုများနှင့်ပတ်သက်၍ လွှတ်တော်အမတ်များက မေးခွန်း များ မေးခဲ့ပါသလား။
  - လွှတ်တော်အမတ်များက ဘတ်ဂျက်အကောင်အထည်ဖော်ခြင်းအားဖြင့် ကျား၊မရေးရာ ရည်မှန်းချက်များ (GBSအရ) မည်သည့်အတိုင်းအတာအထိ အောင်မြင်မှုရှိသည်ကို တိုးတက်မှု အစီရင်ခံစာဖြင့် တင်ပြရန် တောင်းဆိုခဲ့ပါသလား။

- *အသုံးစရိတ် ခြေရာကောက်ခံခြင်း*/စောင့်ကြပ်ကြည့်ရှုခြင်း - အစိုးရအနေဖြင့်ကျား၊မရေးရာ တုံ့ပြန်ဆောင်ရွက်သော အသုံးစရိတ်များအား အချိန်နှင့်တစ်ပြေးညီဖော်ပြနေသည့် ခြေရာခံခြင်းစနစ်/စောင့်ကြပ် ကြည့်ရှုသည့်စနစ်ကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ခဲ့ပါသလဲ။
  - အိမ်ထောင်စုများအတွင်းရှိ လူပုဂ္ဂိုလ်တစ်ချင်းစီအနေဖြင့် သီးခြားအကျိုးခံစားခွင့်များ (ဥပမာ ငွေသား လွှဲပြောင်းခြင်း၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ၊ ကလေးသူငယ် စောင့်ရှောက်ခြင်း အတွက် ချေးငွေ) စသည့် သတင်းအချက်အလက်များအပါအဝင် ကျား၊မ လိင် အရ ခွဲခြားဖော်ပြထားသော အသုံးစရိတ် များ ရှိပါသလား။
  - အသုံးစရိတ်ခြေရာကောက်ခံခြင်းစနစ်တွင် ကျား၊မရေးရာတုံ့ပြန်မှုရှိသော အသုံးစရိတ်ကို အမျိုးအစား ခွဲခြားဖော်ပြခြင်း/ အမှတ်အသားပြုတွဲကပ်ထားခြင်း ( tagging) များ ပါဝင်ပါသလား။
  - ကျား၊မရေးရာတုံ့ပြန်ဆောင်ရွက်သောအသုံးစရိတ်များနှင့်ပတ်သက်၍ တိကျသော သတင်းအချက်အလက်များဖော်ပြသည့် ပြည်သူသို့ အစီရင်ခံစာ ရှိပါ သလား။

- ကျားမရေးရာ စာရင်းစစ်ဆေးခြင်းများ - စာရင်းစစ်ဆေးခြင်းအစီအစဉ်တစ်ခု ဆောင်ရွက်ပြီးပြီလား။ [စာရင်းစစ်ဆေးခြင်းကို အစိုးရအဖွဲ့အစည်းမှ ပြုလုပ်ပြီးပါသလား သို့မဟုတ် အရပ်ဘက် လူမှုအဖွဲ့အစည်းမှ ပြုလုပ်ပြီးပါသလား၊ ဖော်ပြပါ] ဆောင်ရွက်ခဲ့ပါက စာရင်းစစ်ဆေးခြင်းတွင် အောက်ဖော်ပြပါ အချက်များ ပါဝင်ပါသလား -
  - ကျားမတန်းတူညီမျှရေး ရည်မှန်းချက်များအတွက် ဘတ်ဂျက်အသုံးစရိတ်များ မည်မျှအထိ ထည့်ဝင် ထားသည် ကို အကဲဖြတ်ခြင်း။
  - ဘတ်ဂျက်အသုံးစရိတ်များမှတစ်ဆင့် ဆောင်ရွက်ခဲ့သည့်ဝန်ဆောင်မှုများနှင့် မည်သူများက အကျိုး ခံစား ခဲ့ရသည်ကို ပြန်လည်သုံးသပ်ခြင်း။
  - ကျားမရေးရာတန်းတူညီမျှမှုကို မည့်သည့်အတိုင်းအတာအထိ တိုးမြှင့်ပေးသည်ကို သတ်မှတ်ရန် သက်ဆိုင်ရာရလဒ်များနှင့် ဘတ်ဂျက်၏ သက်ရောက်မှုကို လေ့လာ ဆန်းစစ်ခြင်း။

## ၇။ နိဂုံး

နိဂုံးချုပ်အားဖြင့် - ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကုစားမှု အခြေအနေတွင် ကျား၊မရေးရာ တန်းတူ ညီမျှမှု ဆိုင်ရာ လေ့လာဆန်းစစ်ခြင်း၊ သတင်းအချက်အလက်ပေးခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် ပတ်သက် သည့် အဓိက(၄) ချက်ကို သတိပြုရန်လိုအပ်သည်။ ဘဏ္ဍာရေး ကုစားမှု၏ ပမာဏ - ၎င်းသည် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ရန်ပုံငွေမည်မျှရနိုင် သည်နှင့် ဆက်စပ်မှုရှိသည်။ ဘဏ္ဍာရေးကုစားမှုအစီအစဥ်ဒီဇိုင်း - ၎င်းသည် တိကျသောမူဝါဒစီမံချက်များက အမျိုးသမီးများ၏ လိုအပ်ချက်များကို ဦးစားပေးပြီး ဖြေရှင်းပေးနိုင်လိမ့်မည်ကို ဆုံးဖြတ်သည်။ ကျား၊မရေးရာ အကျိုးသက်ရောက်မှုများ ရှိနိုင်သည့် ငွေကြေးဆိုင်ရာမူဝါဒများနှင့် ကျား၊မရေးရာတုန့်ပြန်ဆောင်ရွက်သည့်ဘတ်ဂျက် လေ့လာဆန်းစစ်ခြင်းအတွက် စောင့်ကြပ်ကြည့်ရှုမည့် အခန်းကဏ္ဍ တို့ဖြစ်သည်။

ဤလမ်းညွှန်မှတ်တမ်းသည် ၎င်းတို့၏ ကျား၊မရေးရာအသိပညာအတွက် နိုင်ငံ၏ဘဏ္ဍာရေးနှင့် ငွေကြေး ဆိုင်ရာ မူဝါဒများကို အကဲဖြတ်ရန် နည်းလမ်းတစ်ခုပေးထားသည်။ ဇရိယာအမျိုးမျိုးရှိ အသုံးစရိတ်ပမာဏနှင့် ဆက်စပ်နေသော အရေအတွက်ဆိုင်ရာညွှန်းကိန်းများနှင့်၊ ဘဏ်ဒေဝါလီခံခြင်း၊ ကြွေးမြီတိုးပွားလာခြင်းတို့ကို လျှော့ချရန် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ဝတ္တရားများ၊ ရန်ပုံငွေများကို မည်ကဲ့သို့ခွဲဝေမည်ကို သြဇာ သက်ရောက် သည့် စည်းမျဥ်း၊ စည်းကမ်းနှင့်/သို့မဟုတ် မူဝါဒများကို ထင်ဟပ်စေသော အရည်အသွေးဆိုင်ရာ ညွှန်းကိန်းများ ဟူ၍ ညွှန်းကိန်း နှစ်မျိုးရှိသည်။ ဤလမ်းညွှန်မှတ်တမ်းသည် နိုင်ငံတစ်နိုင်ငံ၏ အသုံးစရိတ်ကို အကဲဖြတ်သည့်အခါ ကျား၊မရေးရာတုံ့ပြန် ဆောင်ရွက်သော ဘတ်ဂျက်လျာထားခြင်း ရှုဒေါင့်ကို မည်သို့အသုံးပြုရမည်ကို ညွှန်ပြ ထားပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံ(၁၁)နိုင်ငံ၏COVID 19နှင့်ပတ်သက်သည့် ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများကို အကဲဖြတ် ရာတွင် ဤမှတ်တမ်းပါ ဇယား ၁ တွင်ပြထားသောညွှန်းကိန်းများကို အသုံးပြုသည်။၃၄[24] နိုင်ငံ ၁၁ နိုင်ငံလုံးသည် အလုပ်သမားများအား ထောက်ပံ့ရန်အတွက် အသုံးစရိတ်များချမှတ်ပြီး အလုပ်ခန့်အပ်ခြင်းဆိုင်ရာ မူဝါဒများ ကို လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ထိုနည်းတူစွာ ယင်းနိုင်ငံအားလုံးသည် လူမှုရေးအထောက်အပံ့နှင့် အာမခံ ထားရှိခြင်း အတွက် ရန်ပုံငွေ ခွဲဝေသတ်မှတ်ခဲ့ကြသည်။ သတိပြုဖွယ်မှာ မျိုးဆက်ပွားကျန်းမာရေး သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ခြင်းတို့ကို အထူးဂရုပြုဆောင်ရွက်မှု နည်းပါးခြင်းဖြစ်သည်။ အလားတူပင် ကျား၊မရေးရာကို အထောက်အကူပြုနိုင်သည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ သို့မဟုတ် အိုးအိမ်နေရာ ချထားခြင်းတွင် အသုံးစရိတ်များတိုးမြှင့်ရန် နိုင်ငံအနည်းငယ်ကသာ ယခုအကျပ်အတည်းကာလကို အခွင့်အရေး တစ်ခုအဖြစ် အသုံးချနိုင်ခဲ့ကြသည်။ နောက်ဆုံးအနေဖြင့် နိုင်ငံအများစုက ပုဂ္ဂလိကကဏ္ဍအား ငွေချေးခြင်းကို တိုးမြှင့်ပြီး အတိုးနှုန်းကိုလျှော့ချခဲ့ကြချိန်တွင် နိုင်ငံအနည်းငယ်မှာ ငွေကြေးဆိုင်ရာမူဝါဒများ အတွက် အခြားရွေး ချယ်စရာနည်းလမ်းများကို ရရှိခဲ့ကြသည်။ မှတ်သားသင့်သည်မှာ နိုင်ငံများသည် COVID 19S နှင့် စီးပွားရေး အကျပ်အတည်း၏ စိန်ခေါ်မှုများကို အင်တိုက်အားတိုက် တုံ့ပြန်လျက်ရှိသောကြောင့် အကျပ်အတည်းကို တုံ့ပြန်သည့် နိုင်ငံများ၏အသုံးစရိတ်များနှင့် မူဝါဒကို အကဲဖြတ်ရန်အတွက် နောက်ဆုံးရ သတင်းအချက်အလက် များကို ရှာဖွေရမည်ဖြစ်ကြောင်း သတိပြုသင့်ပါသည်။

---

24 ၃၄ ဇယား ၂ ကို ဖန်တီးရန်အသုံးပြုသော အချက်အလက်များမှာ IMF ၏ မူဝါဒခြေရာကောက်ခံမှု၊ https://www.imf.org/en/Topics/imf-and- covid19/Policy-Responses-to-COVID-19#S နှင့် Gentilini၊ U.၊ M. Almenfi, P. Dale၊ G. Demarco နှင့် I. Santos (၂၀၂၀) တို့မှဖြစ်သည်။ "ကိုဗစ်-၁၉အတွက် လူမှုရေးကာကွယ်ပေးမှုနှင့် အလုပ်အကိုင်များ တုံ့ပြန်မှု - နိုင်ငံ၏ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်သုံးသပ်ခြင်း" Mimeo။ https://www.ugogentilini.net/wp-content/uploads/2020/05/Country-SP-COVID-responses_May22.pdf.

ဇယား ၁။ ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် COVID 19 အပေါ် တုံ့ပြန်ချက်များ

| နိုင်ငံများ | အသက်မွေးဝမ်းကျောင်း | | လူမှုကာကွယ်စောင့်ရှောက်မှု | | ကျန်းမာရေး | | | စားနပ်ရိက္ခာဖူလုံမှု | | ပြည်သူ့အဆောက်အအုံနှင့် အိုးအိမ် | | ငွေကြေးမူဝါဒ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အလုပ်အကိုင်နှင့် အလုပ်မူဝါဒများ | စီးပွားရေးအထောက်အပံ့ | လူမှုရေးအထောက်အပံ့ | လူမှုရေးအာမခံချက် | ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ် | မျိုးဆက်ပွားကျန်းမာရေး | အိမ်တွင်းအကြမ်းဖက်မှု | အစားအသောက်လုံခြုံမှု | စိုက်ပျိုးမွေးမြူရေးအထောက်အပံ့ | ပြည်သူ့အဆောက်အအုံ | အိမ်ရာချထားပေးမှု | အတိုးနှုန်းများ | ငွေချေးခြင်း | အခြားမူဝါဒများ | BOP မူဝါဒများ |
| အာဂျင်တီးနား | ✓ | | ✓ | ✓ | ✓ | | | ✓ | | | ✓ | | ✓ | | ✓ |
| ကိုလံဘီယာ | ✓ | ✓ | ✓ | ✓ | ✓ | | ✓ | ✓ | | | | ✓ | | | ✓ |
| အီဂျစ် | ✓ | | ✓ | ✓ | ✓ | | | | ✓ | | | ✓ | ✓ | | ✓ |
| အီသီးယိုးပီးယား | ✓ | | ✓ | ✓ | ✓ | | | ✓ | ✓ | | ✓ | | | | |
| အိန္ဒိယ | ✓ | ✓ | ✓ | ✓ | ✓ | | | ✓ | ✓ | | | | ✓ | | ✓ |
| မက္ကစီကို | ✓ | ✓ | ✓ | ✓ | ✓ | | | | | | | | | | |
| မော်ရိုကို | ✓ | ✓ | ✓ | ✓ | ✓ | | | | | | | ✓ | ✓ | | ✓ |
| ဖိလစ်ပိုင် | ✓ | ✓ | ✓ | ✓ | ✓ | | | ✓ | ✓ | | | | | | |
| ရဝမ်ဒါ | ✓ | ✓ | ✓ | ✓ | | | | ✓ | ✓ | | | | | | |
| တောင်အာဖရိက | ✓ | ✓ | ✓ | ✓ | | ✓ | | ✓ | | | | | ✓ | | |
| ဗီယက်နမ် | ✓ | ✓ | ✓ | ✓ | | | | | | ✓ | ✓ | ✓ | ✓ | | ✓ |

Source: IMF Policy Tracker (last accessed June 26, 2020), and Gentilini, *et al* (2020), accessed June 15, 2020.